သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

၉၃/၉၄ နှစ်လည်

# ဂါရဝ

မဂ္ဂဇင်း



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

တပ်မတော်ဖြိုခွဲသူ
ဒို့ရန်သူ

တပ်မတော်ဖြိုခွဲမည့် အကြံ
ဒို့လက်မခံ

ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံးမည်

ပြည်တွင်းငြိမ်းချမ်းမှု ...

ပြည့်အင်အားသည်
ပြည်တွင်းမှာသာရှိသည်။

ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး
ဦးစားပေး။

စည်းမျဉ်းကိုက်ညီဘေးကင်းသည်။

# ဦးယောဇဉ်



မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ကြီးအတွက် လိုအပ်နေသော အမှုတော်ဆောင်များကို သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်က နှစ်ပေါင်း (၆၀) တိုင်တိုင်၊ အခြေအနေမျိုးစုံကြားမှ ပင်ပန်းကြီးစွာ လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့ပြီးဖြစ်ပါ၏။ ဤဓမ္မတက္ကသိုလ်ကြီးမှ မွေးထုတ်ပေးလိုက်သည့် အမှုတော်ဆောင်များသည်လည်း မြန်မာနိုင်ငံအနှံ့သစွာရှိရှိ၊ ဘုရားသခင်ပေးသော ခွန်အားနှင့် ဆက်ကပ်အမှုတော်ဆောင်ရွက်လျက်နေကြပါသည်၊

အားလုံးတို့က ရှင်ပေါလုကဲ့သို့ပင် -

"ငါသည် တွေ့ကြုံသမျှသော အခြင်းအရာတို့၌ ရောင့်ရဲသော စိတ်ရှိအံ့သောငှာ သင်မိပြီ ...... အရပ်ရပ်တို့တွင် အရာရာ၌ သင်မိပြီ၊ ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏ "

ဟု ဆိုမိန့်ခံယူထားသူများဖြစ်ကြပါသည်၊

ဤဓမ္မတက္ကသိုလ်ကြီးသည် ဆက်လက်၍ ရေခံမြေခံ လိုအပ်ချက်နှင့်အညီသော်လည်းကောင်း၊ နိုင်ငံတကာ အခြားအမှုတော်ဆောင်များနှင့် ရင်ဘောင်တန်းနိုင်ရန်အတွက်သော်လည်းကောင်း၊ ဆက်ကပ်ကြဦးမည့် အမှုတော်ဆောင်များကို ဆက်လက်လေ့ကျင့်ပြုစုရဦးမည် ဖြစ်ပါသည်၊ ဓမ္မတက္ကသိုလ်ကြီး၏ ရှေ့ဆက်ရဦးမည့်ခရီးသည် ခက်ခဲ၊ ကြမ်းတမ်း၊ ရှည်လျားပြီး၊ ပင်ပန်းစွာ အားထုတ်ရဦးမည် ဖြစ်ပါသည်၊ အားလုံးတို့၏ ဝိုင်းဝန်းပံ့ပိုးမှုမပါလျှင် အလွန်ခက်ခဲမည် ဖြစ်၏၊


ထို့ကြောင့် ယခုထုတ်ဝေလိုက်သည့် မဂ္ဂဇင်းသည် မြန်မာနိုင်ငံအသင်းတော်အမှုတော်ဆောင်များ လေ့ကျင့်၊ ပြုစု၊ မွေးထုတ်ရာတွင် ဓမ္မတက္ကသိုလ်ကြီးနှင့် အချိန်ပြည့်အမှုတော်ဆောင်နေသူများ၊ အသင်းသူ/သား များတို့ ပိုမို၍ ရင်းနှီးလက်တွဲနိုင်ဖို့ရန် လမ်းစ၊ အထောက်အကူဖြစ်မည်ဟု အားကြီးစွာ မျှော်လင့်လျက်........၊

**ခရစ်တော်၌**

**ဘုန်းတော်ကြီးချွန်ဝေးလ်ဗီ**

**ကျောင်းအုပ်**

## ကဗျည်း



ငယ်စဉ်က .....
ဆရာဟူဘိ၊ ရိုသေရမှန်းသိ၏၊
ဆရာ့စကား မြေသားတကျ
နာခံခဲ့၏၊
တင်ပါးဆုံထက်၊ ကြိမ်နဲ့နှက်လည်း
ဟက်ဟက်ရယ်ပြုံး၊ အရှုံးမရှိ၊

ဇာတိမနောနဲ့၊ လူ့လောကအလယ်
အတွေးကြွယ်လှ၊ ပျို့ရွယ်ဘဝတွင်
မဲ့ရတဖုံ၊ ပြုံးတုံ့တစ်လှည့်ကို
ပုံကြီးမချဲ့လိုပြီ၊

ဆုံးမစကား၊ အလီလီကြားလည်း
မှန်ဝါးအတွေးက မပီပြင်၊
လျှောက်လှမ်းချင်သည်က
အသွယ်သွယ်သောလမ်း၊
လျှောက်လိုက်စမ်းကွယ့်ရယ်လို့၊ ဆရာတို့က .....
လမ်းညွှန်မှုပေးခဲ့......၊



မြတ်ဆရာဆိုဆုံးမသမျှ
သမ္မာကျမ်းကဖွင့်ဆို
သည့်လမ်းကိုရွေး၊ ဝန်လေးသူခိုနား
ဘယ်လောက်အားရစရာလဲ ......၊
ထို့ကြောင့်...
ခရစ်တော်ကိုသာ
"ဆရာ" ဟူ၍၊ ကဗျာမဆန်
သာမန်အသုံးနဲ့သာ
အသက်တာမှာ၊ ဝန်ခံပေရော့မည်၊

**ဖိုးခွား (အင်းလျား)**

**၁၈-၁၁-၉၃**

## မင်္ဂလသ ရုပ်သို့ တန်ပြန်မြားချက်

☆ ကဗျာဏစ်ပုဒ်
ငါထုတ်လုပ်အောင်
ရှေဆောင်လမ်းပြ
မင်းသရုပ်က
ငါ့ကိုဆွဲဆောင်နိုင်လွန်းတယ်၊

☆ အရုပ်လုပ်ကြ
လူတချို့က
လုပညွှတ်သွယ်
ကျင်လည်တွက်ဆ
ပညာခသည်
တည်ကြည်ရှန်းပနေကြတယ်၊

☆ အရုပ်မဟုတ်
မင့်သရုပ်က
အရုပ်လုပ်သောသူထက်ပင်
ကျင်လည်ပြည့်ဝ
လုပညက်ချော
လူ့သဘောနွယ်၊ တရားလည်းရှယ်၊

☆ ချစ်စဖွယ် အပြုံး
မင်းနှလုံးကား ဘဘုရားထံ
ထပ်မံတိုးကပ်၊ လှုပ်ယိမ်းခတ်သည်
ကောင်းကင်ဘဝဂ်ကိန်းပေကွယ်ရို၊ ၊ ၊

**ရဲဇော်ထူး**

## အဆုံးသတ် မျှော်လင့်ခြင်း

မသွားခြင်းသော်လည်း အရောက်လှမ်း ခဲ့ရသည်၊
မလွန်ဆန်နိုင်ပြီမို့ အရှုံးပေး ခဲ့ရသည်

* * * * *

အသွယ်သွယ်သောနည်းလမ်း တို့ဖြင့် တစ်ခုတည်းသော
အရပ် သို့ရောက်လာ ခဲ့သော်လည်း
ဝင်ပေါက်ဟူ၍ သီးသန့်မရှိခဲ့
ဝင်ခွင့်အတွက် တန်းစီစရာမလို
ကြိုတင်၍လည်းမရ၊ ခဏစောင့်ဆို သော်လည်းလက်မခံ၊
ပြီးတော့........ ချစ်တဲ့သူနဲ့အတူလက်တွဲဝင်ခွင့်မပြု
တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသောအရပ်မို့
ထူးဆန်း အံ့ဩဖွယ်သည်မှာ မဆန်း
ရောက်လာခဲ့သောသူများသော်လည်း
နောက်ပြောင်းလှည့်ရန်မစဉ်းစားမိခဲ့......

* * * * *

ထွက်ပေါက်မရှိ (ပြန်လမ်းမရှိ)သည်မှာ သေချာသည်
မျှော်လင့်ချက်တော့ရှိတယ် ......
တစ်နေ့သောအချိန်မှာ
သခင်လာခေါ်မည် တဲ့......
ယုံကြည်သူအတွက် ထာဝရမျှော်လင့်ခြင်းဆိုတာ...

* * * * *

□ **ကလေးဝို (မန်း)** □






## လောကကြေးမုံပြင်ကို
## နားလည်ခြင်း

◪ ရောင်စဉ်ပြန်ဟပ်
မှန်တစ်ချပ်
သင့်ရှေ့မှာထား
ထောင်လျက်သား
သင်းကပြုံးပြ
သူပြုံးပြ
သင်က မဲ့ပြ
သူမဲ့ပြ ။


◧ လောကထင်မှတ်
မှန်တစ်ချပ်
သင့်ဆီမှာထား
မှန်ဝါးဝါး
သင်မေတ္တာပြ
သူပြန်ပြ
သင်မုန်းတီးပြ
သူမုန်းပြ၊

⊟ ကြေးမုံလောကပေါင်းစပ်
မှန်တစ်ချပ်
ငါ့လက်မှာထား
ကျကွဲသွား၊
ငါကပြုံးပြ
သူမဲ့ပြ
ငါမေတ္တာပြ
သူမုန်းပြ
အဲ... အဲဒါမှဒုက္ခ ။

■ **ကိုမျိုးပြေ** ■



## အဲဒီညမှာ



♡ အဲဒီညဟာ....
ဒီဇင်ဘာရဲ့
ညတစ်ညပေါ့.....။
♡ အဲဒီညဟာ
အေးမြနှင်းကျ
လတ်ဆတ်နေတဲ့
ညဖြစ်တယ်.......။
♡ အဲဒီညဟာ
ပညာရှိသုံးပါး
လက်ဆောင်တွေနဲ့
အရှေ့အရပ်ကိုသွားတဲ့
ညဖြစ်တယ်......။
♡ အဲဒီညဟာ
သိုးထိန်းတွေ
ကြောက်ရွံ့ဝမ်းမြောက်ရတဲ့
ညဖြစ်တယ်......။
♡ အဲဒီညဟာ
ဆိုကရေးတီးရဲ့ ညလည်းမဟုတ် ........
ယန်းပေါဆတ်ရဲ့ ညလည်းမဟုတ် ......
မိုနာလီဇာရဲ့ ညလည်းမဟုတ် ......
တွမ်ရဲ့ ညလည်းမဟုတ် .......
လီနင်ရဲ့ ညလည်းမဟုတ် .......
ကလင်တန်ရဲ့ ညလည်းမဟုတ် .......
♡♡ အဲဒီညမှာ
သိမ်မွေ့နှိမ့်ချ
ငြိမ်သက်ခြင်းနဲ့
တို့ရဲ့အရှင်
ခရစ်သခင်
လောကထဲကို ကြွခဲ့တယ် ........။

♡♡ နေဝါထွန်း ♡♡
( ခရစ်တော်မွေးဖွားခြင်းကို ဝမ်းမြောက်စွာလက်ခံခြင်း )








## လက်

□ ဆယ်ရာခရီး တကယ်မညည်းပါဘူ
ရှုမငြီးတဲ့ ချစ်ဇနီး
ချစ်မငြီးတဲ့ သားသမီး
ဒါတွေကိုစွန့်ပယ်၊ အရှင့်အတွက်ကွယ်၊
□ ရေမြေဘယ်မဆုံး
အပြုံးနဲ့လျှောက်လှမ်း
ထုံးဖွဲ့နှောင်အမျှင်တန်းတွေ
ရုန်းထွက်ခဲ့မောင် တကယ်တမ်းမှာလ
ရှည်စမ်းကာလျှောက်မယ်ပရယ်...။
□ ခရီးလမ်းက ကြမ်းပါစေ
မညည်းဘမ်းပ လှမ်းမှာလေ
မသွေဖီ ဦးတည်တဲ့လမ်း
ကုန်ခန်းတဲ့အားအင်
ယုံစမ်းကွယ့်ဘုရားရှင်ကိုကွယ်
သူကယ်တင်မယ်....။
□ ခရစ်တော်ရှင်အကြောင်း
မသိသူတွေပြောင်းလဲသွားအောင်
အဟောင်းထဲကထွက်
ရောင်းရင်းလက်တစ်ဖက်တစ်ချက်ဆီ
အတွဲညီစွာနဲ့ချီတက်
"ဟေ့" .... အသုံးပြုခံမယ့်လက်........။


□ ကောင်းအေး □



အမေ...ကားတိုင်က
အပေါင်းလက္ခဏာမို့သာပေါ့ကွာ...
အနှုတ် လက္ခဏာဆို...
ပြဿနာပဲ...
ကဲ..ကြားလား...တော့်သား
ကြီးလာရင် ကျမ်းစာကျောင်းသာ
ပို့လိုက်...

ဆေးသောက်ခဲ့တာတွေပြမနေနဲ့..
မင်းမှာ..ရောဂါဘယ်နှစ်မျိုးရှိသလဲ
ဆိုတာသာပြော...
1994
အေးဗျာ...ခရစ်တော်
ကိုတော့ယုံပါတယ်...
တော့...
အဟင်း...


ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်
သွားကာနီး မှ လက်ဖဝါးကယားလာတယ်
ဒါဆို …
ဒေး မြန်မြန်လိမ်းမှ
မြစ်မယ်ထင်တယ်ဆရာ
ကဲကြည့် … ဒါနဲ့များ
ဝိုင်းကြီးပက်ပက်နှစေဝေကစားမလို့တဲ့



ဟိုရွေး
ပေါင်လှ ချည်သား …
ဟောင်မှာပေါ့ကွ … တို့ကျောင်းမှာ
အရိုးမကျန်တဲ့ အပြင် ၊ ထမင်း ပါ
ပြောင်တာကိုး …။
ကာတွန်း - ကျော်သိန်း



ရယ်စရာ
ဆရာသွားရဲ့ ရင် ကျွန် တော်
လိုက်ရဲ့တယ် …၊
မင်းလိုက်ရဲရင် ငါလည်း
သွားရဲတယ် …၊

# လှုပ်ရှားမှု ပုံရိပ်များ

ဦးဦးငယ် ၁



၂



၃





၄ ၅ ၆

1. ၁ ကျောင်းရှင်းတစ်ကျက်
2. ၂ သင်ကြားမှုမြင်ကွင်းတစ်ခု
3. ၃ ပါဝါဖြိုင်ပွဲ ကျင်းပနေစဉ်
4. ၄ ပျော်ပျော်ပါးပါးထမင်းစားကြသူများ
5. ၅ ပထမဆုံးကြိမ် (B.Th.) ဘွဲ့နှင်းပွဲအခမ်းအနား
6. ၆ ဖြဲဘက်အသုံးတင်ကြက်ရာကျင်








◀ သင်္ဘောပေါ်မှာပျော်ရွှင်ကြ ..

▼ တက်သုံးပါသာမနေသာ...









"ရှင်သန်စေခြင်း"

(နေဇော်နိုင်)

ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ မှုန်းကျပ် ပိတ်လှောင်မှုကို ခံစားနေရကြောင်း သတိ ထားမိသည်။ ဖြည်းညင်းစွာဖြင့် အသက်ရှုကြည့်သည်။ လေဝင်လေထွက် မရှိ ပိတ်လှောင်နေသည့် နေရာတွင် မိမိရောက်ရှိနေကြောင်း သိရသည်။ ဤနေရာ၌သာ ကြာကြာ ဆက်နေရလျှင် မိမိအသက် ဝိညာဉ် ချုပ်ငြိမ်းသွားတော့မည်။ ထိုအသိကြောင့် ထိတ်လန့်တကြားဖြင့် ထဖို့ ဟန်ပြင်သည်။ ခန္ဓာကိုယ် တစ်ခုလုံးသည် လှုပ်ရှား၍ မရပေ။ ကယ်တင်မည့်သူ ကင်းဝေးလျက် သေငယ်ဇောနှင့် မျှော်ပါရင်း အသက်ဆုံးရတော့မည့် အဖြစ်ကို စိုးရိမ်လာသည်။ တစ်ဖန် ကြိုးစားကြည့်ပြန်သည်။ တစ်စုံတစ်ခု၏ ချုပ်နှောင်မှုကို ခံနေရသည်။ မျက်စိကို ဖွင့်ကြည့်သော်လည်း မရပေ။ မျက်ခွံများ လေးလံနေ၏။ ကာလ မည်မျှကြာကြာ မျက်ခွံတွေကို ပိတ်ထားခဲ့သနည်း။ မိမိကိုယ်ကို ဆန်းစစ်ကြည့်သည်။ ပြင်းထန်သော ဆန္ဒအဟုန်ဖြင့် အင်အားကို စိုက်ထုတ်သည်။ ထို့နောက် တဖြည်းဖြည်းနှင့် မျက်စိဖွင့်၍ ရသည်။ သို့သော် ပတ်ဝန်းကျင်သည် မှောင်မည်း၍ နေလေသည်။ မည်သည့် အရာကိုမျှ မမြင်ရပေ။ ပိုးစုန်းကြူးမရှိ လရောင်မရှိ ကြယ်တွေရဲ့ အလင်းရောင်လည်း မရှိပေ။ မိမိ ရောက်နေသည့် နေရာသည် အိမ်တစ်အိမ်၏ အခန်းငယ် တစ်ခုအတွင်း၌ဆိုလျှင် တစ်ယောက်ယောက်ကတော့ မီးထွန်းထားသင့်သည်။ သို့တည်းမဟုတ် ဇရပ်ပျက်တစ်ခုပေါ် ရောက်နေခြင်းလည်း ဖြစ်နိုင်သည်။ ပြီးတော့ သည်ည လမိုက်ညလည်း ဖြစ်နိုင်သည်ဟု စဉ်းစားကြည့်မိ၏။ လမိုက်ညဆိုလျှင် ကြယ်တွေရဲ့ အလင်းရောင်လောက်တော့ ရှိရပေမည်။ ယခု ကြယ်တွေ၏ အလင်းရောင်တွေ ဘယ်ပျောက်ကုန်သနည်း။ တစ်စုံတစ်ခုတော့ မှားယွင်းနေပြီ။

တစ်ချိန်က မိမိတို့ မောင်နှမတွေ လမိုက်ညထဲ၌ ကြယ်တွေကို ရေတွက်ရင်း ကစားခဲ့ကြ၊ အငြင်းအခုန် ဖြစ်ခဲ့ကြသည်။ ထိုအချိန်က ဘဝသည် ပျော်စရာတွေနှင့် ပြည့်နှက်နေသည်။ မိမိတို့ဖခင်သည် အချို့ညများတွင် ကြယ်တွေကို ညွှန်ပြရင်း နက္ခတ္တတို့ သဘာဝကို ရှင်းလင်းပြဖူးသည်။ ဖခင်သည် ယင်းပညာကို မည်သည့်အရပ်မှ သင်ယူခဲ့သည် မသိပေ။ ဖခင် ပြောပြသော ကြယ်တာရာ သဘာဝသည် စိတ်ဝင်စားစရာ ကောင်းသလို ကြယ်တွေအကြောင်း စုံစုံလင်လင် သိခွင့်ရခဲ့သည်။ ဖခင်၏ ကုန်သွယ်ခရီးစဉ်၌ ကြယ်တို့သည် လမ်းပြပင် ဖြစ်သည်။ ဖခင် မကွယ်လွန်မီ ပြောသွားသော စကားများကို ပြန်လည်သတိရမိသည်။ နက္ခတ်ပညာရှင်တို့ လောက၌ ထူးဆန်းစွာ ဖြစ်ခဲ့သော ကြယ်တာရာ တစ်ခုအကြောင်းဖြစ်သည်။ ထိုအကြောင်းကို ပြောရင်း အဆုံးသတ်မရောက်မီ ဖခင်ကွယ်လွန်ခဲ့သည်။ ဖခင်၏ ကျေးဇူးကြောင့် ကြယ်တာရာ တွက်ချက်ပုံကို အနည်းငယ် နားလည်ခဲ့သည်။ ယခုအချိန်တွင် ကြယ်များ ပျောက်ဆုံးနေသည်။ ခုနစ်စင်ကြယ်၊ ရှုဝံကြယ်တို့ကို တွေ့ဖို့နေနေသာသာ အသေးငယ်ဆုံးသော ကြယ်လေးတစ်လုံးကိုမှ မမြင်ရပေ။

အခန်း တစ်ခုခုထဲ ရောက်နေသည်ဆိုလျှင် ဤအိမ်သည် မိမိအိမ်ဖြစ်ပြီး ဤအခန်းသည် မိမိအခန်းပေလော။ မိမိအိမ်ဆိုလျှင် မိမိအစ်မများ ရှိရပေမည်။ အနည်းဆုံး အစ်မတစ်ယောက်ယောက်ကတော့ အခန်းထဲတွင် မီးအိမ်ကို ထွန်းပေးပေလိမ့်မည်။ အမှောင်ကို ကြောက်တတ်သူတစ်ယောက် အမှောင်ထဲတွင် မနေရဲသူတစ်ယောက်မှန်း သူတို့သိကြသည်။ အစ်မတို့ရယ် ကျွန်တော့်ကို မသနားကြတော့ဘူးလား၊ မချစ်ကြတော့ဘူးလားဟု စိတ်ထဲ၌ ရေရွတ်မိသည်။ မျက်ရည်ပူများ ပါးပြင်ပေါ်သို့ စီးကျလာသည်။ ကယ်သူကင်းမဲ့နေသူရဲ့ ဝေဒနာတွေကို မည်သူတစ်ဦးတစ်ယောက်မှ မမြင်ကြ၊ မကြား မသိကြတော့ဘူးလား။ မိမိ၏ ဆရာတော်ပင်လျှင် ဤအဖြစ်ကို မသိတော့ဘူးလား။ မိမိကို ဥပေက္ခာပြုသူထဲတွင်လည်း သူတစ်ယောက် ပါဝင်နေပေသည်။

လွန်ခဲ့သည့် ကာလအနည်းငယ်က မိမိသည် ဝေဒနာအပြင်းအထန် ခံစားနေရသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူလောင်လျက် ရှိသည်။ မည်သည့် အစားအစာကိုမျှ စား၍မရပေ။ ရင်ထဲ၌ မီးစတစ်စ တောက်လောင်နေသလို ခံစားရသည်။ မကြာခဏ ရေကို ဆာလောင်နေသည်။ ရေသောက်တုန်းခဏသာ ရင်ထဲ၌ အေးမြရသည်။ ထို့နောက် တစ်ဖန်ပြန်၍ ပူလောင်ခြင်းကို ခံစားရသည်။ ဝေဒနာကြောင့် မောပန်း၍ အိပ်ပျော်သောအခါ အိပ်မက်ထဲတွင် မိမိသည် ရေအိုးတစ်အိုးပြီး တစ်အိုးကို ကုန်အောင် သောက်နေသည်။ ရေအိုး ခြောက်အိုးကို သောက်ပြီး၍ နောက်ထပ်ရေအိုးကို သောက်ရန်ပြင်နေစဉ် မိမိ၏ ဆရာတော်သည် ထိုရေအိုးကို ခွဲပစ်လိုက်သည်။ မိမိသည် ထိတ်လန့်တကြား အော်ဟစ်ရင်း လန့်နိုးလာသည်။ တစ်ကိုယ်လုံးချွေးများဖြင့် ရွဲနစ်နေသည်။ အစ်မနှစ်ယောက်က ပျာပျာသလဲ ပြေးလာပြီး မိမိကို နှစ်သိမ့်သည်။ သူတို့လက်တွေကို အားကုန်ဖြစ်ညှစ်ရင်း အော်ဟစ်ငိုယိုနေမိသည်။ ရေအနည်းငယ် သောက်လို့ရသဖြင့် သက်သာသလိုရှိသွားသည်။ ထို့နောက် မိမိကို အဝတ်အစားလဲပေးကြသည်။

"ဆရာတော်ကို တွေ့ချင်တယ်၊ ဆရာတော်ကို တွေ့ပါရစေ" ဟု အကြိမ်ကြိမ် ရေရွတ်နေမိသည်။ "မှာထားပါတယ်၊ လာမှာပါ" ဟု အစ်မကြီးက နှစ်သိမ့်သော်လည်း ဆရာတော်၏ အမည်ကိုသာ တဖွဖွ ရေရွတ်နေမိသည်။ ခဏအကြာတွင် လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။ မိမိ အမျှော်လင့်ကြီး မျှော်လင့်နေသော ဆရာတော်လားဟု ခေါင်းထောင်ကြည့်သည်။ အတွေးအထင်နှင့် တခြားစီပင် ဖြစ်သည်။ ဝင်လာသူသည် မိမိ ဝေဒနာကို ကုသပေးနေသော သမားတော်ကြီး ဖြစ်သည်။ "ကျွန်တော်တွေ့ချင်တာ ဆရာတော်ကိုပါ အစ်မတို့ရယ်၊ ဆရာတော်ကသာ ကျွန်တော့်ကို ကုသပေးနိုင်မှာပါ။ အခု ဒီလူပေးနေတဲ့ ဆေးဝါးတွေဟာ ကျွန်တော့်ရောဂါကို မသက်သာစေပါဘူး၊ ကျွန်တော့်ကို ကယ်ပါ အစ်မတို့ရယ်" ဟု တောင်းပန်စကားကို ဆိုမိသည်။ အစ်မနှစ်ဦး၏ နှစ်သိမ့်စကားများနှင့် တိုက်ကျွေးလာသော ဆေးခါးခါးကြီးကို အကြောက်အကန် ငြင်းဆိုနေမိသည်။ တစ်ဘက်တွင် မရောက်လာသေးသော ဆရာတော်ကိုသာ အပြစ်တင်နေပြန်သည်။ ဝေဒနာကို ပြင်းထန်စွာ ခံစားရလေလေ ဆရာတော်ကို မျှော်လင့်မိလေလေ ဖြစ်သည်။ မိမိကို စွန့်ခွာသွားပြီလား၊ မိမိကို အင်မတန်ချစ်သော ဆရာတော်သည် ဥပေက္ခာပြု နေထိုင်ရက်သည်ကို တွေးရင်း ဝမ်းနည်းမိသည်။

မိမိသည် ရောဂါဝေဒနာ အပြင်းအထန် ခံစားရင်း သေဆုံးသွားခဲ့ပြီးပြီလား၊ သေဆုံးပြီးခဲ့သည်ဆိုလျှင် ယခု မိမိရောက်ရှိနေသော နေရာသည် ငရဲလား၊ ကောင်းကင်ဘုံလား။ ငရဲကို ရောက်ရှိနေသည်ဆိုလျှင် ပူလောင်မှု ဝေဒနာကို ပြင်းပြစွာ ခံစားနေရမည်။ ယခု ထိုကဲ့သို့ မဟုတ်ပေ။ ပတ်ဝန်းကျင်၏ အေးစက်စက် အထိအတွေ့ကို ခံစားနေရသည်။ ဤသို့ဆိုလျှင် ဤနေရာသည် ကောင်းကင်ဘုံဆိုသည့် နေရာလား။ မဖြစ်နိုင်ပေ။ ကောင်းကင်ဘုံဆိုလျှင် မိမိသည် ယခုလို ချုပ်နှောင်ခံရမှု၊ မွန်းကျပ် ပိတ်လှောင်မှုကို ခံစားရမည် မဟုတ်။ မိမိဘာသာ စဉ်းစားရင်း အတွေးရခက်လာသည်။ တစ်ခုတော့ သေချာသည်။ မိမိရင်ထဲ၌ မီးစတစ်စကဲ့သို့ ပူလောင်နေသော ခံစားမှုတော့ ပျောက်ကွယ်နေသည်။

ထူးခြားသည်မှာ မိမိအမည်ကို ခေါ်သံလိုလို ကြားခဲ့ရခြင်း ဖြစ်သည်။ ပျံ့လွင့်နေသော အာရုံများကို စုစည်းကြည့်လိုက်သည်။ ကြယ်တာရာများ၊ ဖခင်၏ ဈာပန၊နက္ခ ပညာရှင်များအတွက် ထူးဆန်းစေခဲ့သော ကြယ်တာရာတစ်လုံး၊ အစ်မနှစ်ယောက်၊ ရင်ကို ထိုးနှက်ခဲ့သော မီးစတစ်စ၊ ရေအိုးများ၊ ပြီးတော့ ဆရာတော် အစရှိသည့် ပုံရိပ်များ တဖြည်းဖြည်း ပျောက်ကွယ်ကုန်သည်။ ယခု မိမိ၏ အကြားအာရုံထဲသို့ ဝင်ရောက်လာသည်မှာ ခပ်လှမ်းလှမ်းမှ အသံဗလံများ ဖြစ်သည်။ အာရုံစိုက်၍ နားထောင်ကြည့်ရာ လူသံများကို မိမိကြားနေရခြင်း ဖြစ်သည်။ ကယ်သူကင်းဝေးလျက် မျှော်လင့်ရာမဲ့နေသော အခြေအနေမှ ရုန်းထွက်နိုင်ဖို့၊ လမ်းစတစ်ခုပင် ဖြစ်သည်။ ထိုလူများ မိမိကို တွေ့ရှိသွားဖို့ အရေးကြီးသည်။ မိမိ၏ အသံကိုကြားနိုင်ဖို့ လိုအပ်သည်။ အသံထွက်၍ အော်ဟစ်ကြည့်သည်။ မရပေ။ မိမိ၏ မေးရိုးအောက်မှသိုင်း၍ ကြိုးများ ချည်နှောင်ထားသလို ခံစားရသည်။ ပါးစပ်ကို အနည်းငယ်သာ ဟ၍ရသည်။ အသံတော့ ထွက်မလာပေ။ ထိုအသံများရှိရာသို့ သွားနိုင်ရန် ကိုယ်ကို ကြိုးစား၍ ထကြည့်သည်။ ခန္ဓာကိုယ်သည် လှုပ်ရှား၍ မရပြန်ပေ။ ကိုယ်၊ လက်၊ ခြေတစ်ခုလုံးကို အဝတ်စများဖြင့် ပတ်စည်းချည်နှောင်ထားသလို ထင်ရသည်။

ထိုခဏတွင် တဟေးဟေး၊ တဝါးဝါးနှင့် အော်ဟစ်သံများကို ကြားရသည်။ ကျောက်ချင်း ပွတ်တိုက်သံကို တကျီကျီ ကြားရသည်။ ထို့နောက်တွင် အလင်းတန်းတစ်ခု ဝင်ရောက်လာသည်။ ပြင်ပမှ ဝင်ရောက်လာသော အလင်းတန်းကြောင့် မျက်စိကို ပိတ်လိုက်ရသည်။ အမှောင်ထဲတွင် ကာလအတော်ကြာ နေနေရခြင်းကြောင့် မျက်စိသည် အလင်းဒဏ်ကို မခံနိုင်သေး။ ကျင့်သား မရသေးပေ။ မိမိအမည်ကို ခေါ်သံသည် ယခုတစ်ခါ ထင်ရှားပြတ်သား လာသည်။ ဤအသံသည် မိမိ အင်မတန် ကျွမ်းဝင်ပြီးသား ဖြစ်သူ၏ ခေါ်သံဖြစ်သည်။ ထို့အပြင် မိမိအမျှော်လင့်ကြီး မျှော်လင့်နေသော၊ မိမိကို ချစ်သောသူ၏ အသံပင် ဖြစ်သည်။ ဤ အသံပိုင်ရှင်သည် ဆရာတော်ပင် ဖြစ်သည်။

ခေါ်သံကို ထပ်မံကြားရသည်။ "လာဇရု...လာဇရု ထွက်ခဲ့တော့" အို...ဆရာတော်သခင်၊ ကိုယ်တော်ရှင်ပါလား။ သူ..သူ အပေါက်ဝမှာ ရပ်နေတယ်။ ဆရာတော်၏ အသံကြောင့် မိမိ၌ အင်အားများ ရရှိသလို ခံစားရသည်။ လှဲလျောင်း နေရာမှ ချက်ချင်း အားယူ၍ထသည်။ လေးလံနေသောအရာများ၊ ဖိစီးနေသောအရာများ ချုပ်နှောင်ထားသောအရာများကို အားကုန်တွန်းဖယ်၍ ထသည်။ ဦးစွာလက်နှစ်ဖက် လှုပ်ရှားလာသည်။ မိမိကိုယ်ခန္ဓာကို ဘေးတစောင်း အနေထား ပြောင်း၍လက်နှစ်ဘက်ကို အားပြုပြီးထသည်။မတ်မတ်ရပ်၍ မရသေးပေ။ လေးဘက်တွားသွားရင်း ဆရာတော်၏ ခြေတော်ရင်းနားသို့ ရောက်လာသည်။ ဆရာတော်ကဖေးမ၍ တွဲထူသည်။ ဆရာတော်၏ လက်ဖြင့် မိမိကိုထိလိုက်သည့် အချိန်တွင် ကိုယ်ခန္ဓာသည် အလိုအလျောက် မတ်တပ်ရပ်ပြီးသား ဖြစ်သွားသည်။ အပြင်ဘက်၌ လူအုပ်ကြီးကို တွေ့ရသည်။ ရှေ့ဆုံး၌ မျက်ရည်များဖြင့် ပြုံးကြည့်နေသော မိမိ၏ အစ်မနှစ်ယောက်ကို တွေ့ရသည်။

မိမိသည် သင်္ချိုင်းတစ်ခုအတွင်း ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ မိမိသေဆုံး ခဲ့ခြင်း ဖြစ်ကြောင်း ယခုမှ ဆန်းစစ်ကြည့်မိသည်။ သို့သော် ဆရာတော်ကြောင့် အသက်တဖန် ရှင်ပြန်ခဲ့ပြီ။ ဆရာတော်သည် ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးဘက်သို့ လှည့်၍ စကားတစ်ခွန်းကို ဆိုသည်။ မိမိခန္ဓာကိုယ်တွင်ပတ်စည်းထားသော ပိတ်စများကို ဖယ်ရှားပေးရန်ဖြစ်သည်။ မိမိ၏ သူငယ်ချင်းနှစ်ဦးက ပိတ်စများကို ဖြည်နေစဉ် ငြိမ်သက်စွာဖြင့် ၊ တအံ့တသြ ငေးမောနေသော လူအုပ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ထိုအထဲမှ တစ်ယောက်က လာဇရု အသက်ပြန်ရှင်ပြီဟု စ၍အော်ဟစ်လိုက်ရာ ကျန်လူများပါ လိုက်ပါအော်ဟစ်ရင်း ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေသည်။

မိမိ၏ အသက်သည် ဆရာတော်ပေးသည့် အသက်သာရှိတော့သည်။ အိမ်အပြန်လမ်းတစ်လျှောက်၌ ဆရာတော်ကို မျက်ရည်တို့ဖြင့် အကြိမ်ကြိမ် တောင်းပန်နေမိသည်။ ဆရာတော်အပေါ် အပြစ်တင်မိသမျှ ခွင့်လွှတ်တော်မူပါ။ အမှန်တကယ် ဆရာတော်သည်၊ မိမိကို ဥပေက္ခာ မပြုခဲ့ပါ။ မိမိ၏ တစ်ဖက်သတ်အမြင်များ အထင်လွဲမှုများကို ဆရာတော်သည် အပြုံးဖြင့် တုံ့ပြန်သည်။ ဆရာတော်၏ အပြုံးများနှင့်အတူ ပါလာသော မေတ္တာဓါတ်သည် မိမိတစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ မိမိခံစားခဲ့ရသမျှ ဝေဒနာ အလုံးစုံသည် လွင့်ပြယ်သွားခဲ့ပြီ။

(သမ္မာကျမ်းစာတော်မှ ရှင်ယောဟန် ခရစ်ဝင်ကျမ်း (၁၁း၁း၄၆)ကို ခံစား ရေးဖွဲ့ပါသည်။)



နေဇော်နိုင်

ဆလိုင်းစိုးလွင်



# ဂျွန်ဝိကလစ်

ဝိကလစ်သည် မြောက်ပိုင်း ရော့ရှိုင်းယားပြည်နယ်မှ ရဲတိုက်အနီးရှိ ကျေးရွာတစ်ရွာတွင် မွေးဖွား ကြီးပြင်းခဲ့သည်။ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၁၃၆၀တွင် မြောက်ပိုင်းနှင့် ဆက်သွယ်နေသော Balliol ကောလိပ်တွင် မဟာဘွဲ့ရရှိခဲ့သည်။ ၁၃၇၀ မှ ၁၃၈၂ အထိ တက္ကသိုလ်၏ ထင်ရှားသော စာရေးဆရာတစ် ယောက်ဖြစ်ပြီး Philosophy နှင့် Theology ပညာရပ်ကို ပို့ချသော ဆရာဖြစ်ခဲ့သည်။သူသည် စာပေအမြောက်အမြား ရေးသားခဲ့သော်လည်း သူ့အကြောင်းနှင့် တက္ကသိုလ်အကြောင်းကိုမူ ရေးသားခဲ့ခြင်း မတွေ့ရပေ။ ဥပမာ-၁၃၅၅ အဆိုးဝါးဆုံး ကာလတွင် Town and gown ဟူသော စာအုပ်ကို ရေးသားခဲ့သည့် အချိန်တွင် မြို့တွင်း၌ အဓိကရုဏ်းများဖြစ်ပွားလျက် ရှိ၏။ မြို့သားများသည် ကျောင်းသားများ ကို တိုက်ခိုက်ကြပြီး လေး၊ မြား၊ တို့ဖြင့် ပစ်ခတ်ကြသည်။ ကောလိပ်နှင့် ကောလိပ်ဝင်းကို မီးရှို့ဖျက်ဆီးကြသည်။ သင်ကြားမှုများကို ရပ်တန့်စေသည်။ ကျောင်းသားများ၏ အခွင့်အရေးကို ကာကွယ်သည့် အနေဖြင့် ဘုရင်ကိုယ်တိုင် ကြားဝင်ရပ်တည် ပေးရသည်အထိ ဖြစ်ခဲ့သော်လည်း၊ ဝိကလစ်သည် ထိုအကြောင်းအရာကို တစ်စွန်းတစ်စမျှ မဖော်ပြခဲ့ချေ။ အများအားဖြင့် သူရေးသားခဲ့သည်မှာ တိုင်းပြည်အကြောင်းနှင့် အသင်းတော်အကြောင်း ဖြစ်ပြီး အဘယ်ကြောင့် မှားယွင်းကြသနည်း။ အမှန်တရား ကို ရပ်တည်ရန် မည်သို့ပြုကြမည်နည်း စသည့်အကြောင်းအရာများကိုသာ ရေးသားခဲ့သည်။ သူ၏ သွန်သင်မှုများတွင် "ကျေးဇူးတော်အားဖြင့် စိုးမိုးခွင့်အာဏာ" ဟူသောအကြောင်းအချက်အပေါ်တွင် အခြေခံခဲ့သည်။ စိုးမိုးခွင့်အာဏာ (သို့) အရှင်သခင်ဖြစ်ခြင်း အဖြစ်အနေ၏ အဓိပ္ပါယ်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နှင့် ပစ္စည်းဥစ္စာ (သို့) တန်ခိုးအာဏာ အဖြစ်အနေကို ဆိုလိုသည်။ ဘုရင်တပါး မင်းသားတပါး (သို့) မူးမတ်တစ်ဦးသည် တန်ခိုးအာဏာနှင့် ဥစ္စာပစ္စည်း ပိုင်ဆိုင်၏။ သို့သော် သာမာန်လူတစ်ဦးတွင် သူပိုင်ဆိုင်ရာ မြေကွက်၌ အကျိုးခံစားခွင့် သူ၏မိသားစုအပေါ်၌သာလျှင် တည်သော အခွင့်အာဏာ တို့သာရှိကြ၏။ "ထိုအချိန်က အဆိုပါ အခွင့်အာဏာနှင့် ပိုင်ဆိုင်မှုတို့သည် မြေပိုင်ရှင်ကြီးများ ထံတွင်သာ ရှိသည်" ဟုယူဆကြသည်။ ဥပမာအားဖြင့် လယ်သမား တစ် ယောက်သည် မိမိမြေပေါ်တွင် လယ်လုပ် နိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် မြေပိုင်ရှင်ထံတွင် အမှုထမ်းသော ကြောင့် ဖြစ်၏။ မြေပိုင်ရှင်သည်လည်း သူ၏ မင်းသားထံတွင် အမှုထမ်းသည်။ မင်းသားသည်လည်း သူ၏ ဘုရင်ထံတွင် အမှုထမ်းသောကြောင့် ဖြစ်သည်။ ဘုရင်မှာ ဘုရားရှင်၏ ကျေးဇူးတော်အားဖြင့် အုပ်ချုပ်ခွင့် ရသည်။ ဝိကလစ်သည် ထိုသို့မခံယူပေ။ ထိုအခွင့်အာဏာ ဥစ္စာပစ္စည်း အလုံးစုံသည် ဘုရားရှင်ထံမှ လာသည်ဟု သွန်သင်သည်။ ကျွန်ုပ်တို့သည် ထိုအရာများကို မှန်ကန်စွာ အသုံးပြုလျှင် ပြုသလို ရေရှည်တည်တံ့နိုင်ပြီး အလွဲသုံးစား လုပ်လျှင်မူ ယင်းကိုဆုံးရှုံးနိုင်သည်။ အမှန်တရားဆိုသည်မှာ ဘုရားရှင်၏ ပညတ်ချက်ဖြစ်ပြီး ထိုပညတ်ချက်ကို သမ္မာကျမ်း၌ ရှာဖွေတွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ပေးသနားတော်မူသော အရာများကို မှန်ကန်စွာ အသုံးပြုလျှင် ကျေးဇူးတော်အားဖြင့် စိုးမိုးခွင့် အာဏာပင်ဖြစ်သည်။ ယင်းသည်ရိုးစင်းစွာ ရှုမြင်သော ဘဝအသက်တာနှင့် လုပ်ငန်းဆောင်တာ ဖြစ်ပြီး ပြဿနာကို ဖော်ထုတ်ခြင်းမဟုတ်၊ သို့သော် အောက်ပါအချက်များသည် ကျေးဇူးတော်အားဖြင့် စိုးမိုးခွင့် အာဏာကို ဖော်ထုတ်သော အစပြုအတွေးအခေါ်များ ဖြစ်သည်။ ယင်းတို့မှမှန်ကန်သော အုပ်ချုပ်မှုသည် စစ်မှန်သော အစိုးရပေါ်တွင် မူတည်သည်။ တိုင်းပြည်၌ဖြစ်စေ၊ အသင်းတော်၌ ဖြစ်စေ ဆိုးရွားသော အုပ်ချုပ်မှု အတွက် အခွန်ထုတ်ပေးစရာ မလို။ အသင်းတော်မှာ အလွဲသုံးစားမှုများ ရှိလာလျှင် ဘုရင်က ထိုလက်ရှိအခြေအနေ ပိုင်ဆိုင်မှုများကို ရုတ်သိမ်းရမည်။ ပုပ်ရဟန်းမင်းသည် သူ့လက်အောက် ငယ်သားများ၏ အမှားပြင်ဆင်ချက်ကို ခံယူသင့် ခံယူရမည်။ စွတ်စွဲမှုများကိုပင် ခံယူရမည်။ လူအများမှာ ဝိကလစ်၏ စကားကို နားထောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ မကြေနပ်မှုကို ထုတ်ဖော်ပြောပြသောကြောင့်ဖြစ်သည်။ သူတပါး မြေကွက်တွင် အလုပ်လုပ်သော လယ်သမား အများစုမှာ သူ့စကားကို နှစ်ခြိုက်ကြသည်။ နောက်ပိုင်း သူတို့ထံမှ တော်လှန်သော အတွေးအခေါ်သီချင်းများ ပေါ်ပေါက်လာသည်။ ဂုဏ်ပကာသန မရှိသော အဖွဲ့အစည်းများ၏ အတွေးအခေါ်မှ ပေါ်ပေါက်လာသော သီချင်းတစ်ပုဒ် ဖြစ်၏။ ၎င်းမှာ "အာဒံက မြေတူးပြီး ဧဝခြည်ငင်နေချိန် ဘယ်သူ့ကို ဂုဏ်သရေရှိ ပုဂ္ဂိုလ်လို့ ခေါ်မလဲ"ဟူ၏။ ၁၃၈၁ တွင် တောင်သူလယ်သမား၊ အဖွဲ့အစည်းကြီးသည် လန်ဒန်မြို့သို့ ချီတက်ဆန္ဒပြကြ၏။ ဝိကလစ်ကို မလိုလားသူများက ဤတော်လှန်ပုန်ကန်မှုသည် သူ့ကြောင့် ဟုဆို၏။

ကုန်သည်များကလည်း သူ့စကားကို နားထောင်ကြ၏။ ပုပ်ရဟန်းမင်းသည် နှစ်တိုင်းလိုလိုပင် ပြည်ပသို့ ငွေများထုတ်နေ

သည်ဟု ဖွင့်ပြောကြသည်။ အင်္ဂလန် ဘုရင်လည်း ထိုကဲ့သို့ပင် ဘဏ္ဍာငွေများကိုထုတ်သည်မှာ (၅) ကြိမ်ခန့်ရှိပြီဟု အချို့ကဆိုသည်။ ပုပ်ရဟန်းမင်းသည် ပြင်သစ်လူမျိုးဖြစ်ပြီး၊ ထိုအချိန်ကလည်း ပြင်သစ်၊ အင်္ဂလန်စစ် ဖြစ်ပွားနေချိန်ဖြစ်သည်။ မင်းညီမင်းသားနှင့် မှူးမတ်များကလည်း ဝိကလစ်စကားကို နားထောင်ကြသည်။ အင်္ဂလန်၌ အသင်းတော် ပိုင်ဆိုင်သည့် မြေမှာ တစ်နိုင်ငံလုံးတွင် သုံးပုံတစ်ပုံခန့် ရှိသည်။ အသင်းတော်သည် ထိုသို့ ပိုင်ဆိုင် ထားသည့် မြေများကို စွန့်လွှတ်ရမည်ဟု ဝိကလစ်ကဆိုရာ သူတို့ ထောက်ခံကြသည်။ ဝိကလစ်ကမူ ဆင်းရဲသားများအတွက် ရည်ရွယ်စဉ်းစားကာ ပြောခြင်း ဖြစ်သော်လည်း မှူးမတ်များကမူ သူတို့ ပိုင်ဆိုင်ရာ မြေများအပြင် ထပ်မံရမည်ဟု မျှော်လင့်ချက်ဖြင့် ထောက်ခံခဲ့ကြခြင်း ဖြစ်သည်။ ဘုရင့်ဘိတော် တစ်ဦးဖြစ်သော လန်ကစ်စတာမြို့စား ဂွျန်သည်ဝိကလစ်၏ အယူအဆကို သဘောတူသည်။ ထို့ကြောင့် စိတ်အားထက်သန်စွာဖြင့် ဝိကလစ်ကို အကာအကွယ် ပေးခဲ့သည်။ လူအမျိုးမျိုး အစားစား အဆင့်အတန်း မျိုးစုံကလည်း ဝိကလစ်၏ အဆိုကို သဘောတူကြသည်။ အထူးသဖြင့် ဘာသာရေးဖြင့် ပတ်သက်သည့်သူများ ဖြစ်သည်။ ဝိကလစ်ပြောသော သမ္မာကျမ်းစာမှ ဘာသာရေးသည် လက်ရှိမျက်မှောက် ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော ဘာသာရေးနှင့် တခြားစီဖြစ်နေသောကြောင့် သူ့အဆိုကို လက်ခံကြခြင်း ဖြစ်သည်။ ထိုသတင်းသည် ရောမမြို့သို့ ရောက်ရှိသွားရာ ပုပ်ရဟန်းမင်းက လန်ဒန်ရှိ သာသနာပိုင်နှင့် ကင်တာဘာရီ သာသနာပိုင်ချုပ်ကို လှမ်းသတင်းပို့သည်။ ဝိကလစ်ကိုဆန့်ကျင်ရန် ဘုရင်နှင့် မှူးမတ်တို့ကို သတိပေးရန်ဖြစ်သည်။ ဝိကလစ်ကို ဖမ်းဆီး၍ ရောမရှိ ပုပ်ရဟန်းမင်း ရှေ့မှောက်သို့ တရားစီရင်မှု ခံယူရန် စေလွှတ်ပေးရမည် စသည်ဖြင့် မိန့်မှာသည်။

သို့သော် ဝိကလစ်ဘက်၌ တန်ခိုးအာဏာရှိသော အပေါင်းအသင်းများ တက္ကသိုလ်မှ ထင်ရှားသော ပုဂ္ဂိုလ်များရှိနေသည်။ ထို့ကြောင့် ၁၃၈၂ အထိ မည်သို့မျှ ဖြစ်မလာခဲ့ပေ။ သာသနာပိုင်ချုပ်မှ ဝိကလစ်၏ ဟောပြော သွန်သင်မှုကို ရှုံ့ချရုံမျှသာ တတ်နိုင်ခဲ့သည်။ ထို့နောက် သူသည် အောက်စဖို့တက္ကသိုလ်မှ အနားယူ၍ မိမိ၏ နယ်အသင်းတော်သို့ ပြန်သွားပြီး ဟောပြောမှု လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ နေရင်းဒေသ တွင် သူ မကွယ်လွန်မီ ကျန်ရှိနေသော နှစ်နှစ်အထိ ဟောပြောသွန်သင် နေခဲ့သည်။

## ဝိကလစ်နှင့် အသင်းတော်

ဝိကလစ်၏ လုပ်ငန်းများသည် ပြန်လည်ပြုပြင်ရေး မတရားမှုများကို ဆန့်ကျင်ခြင်း၊ ငြင်းဆန်ခြင်းထက် အခိုင်အမာပြုခြင်းများကို သာ၍ဆောင်ရွက်ခဲ့သည်။ သူ မယုံကြည်သော အရာထက် ယုံကြည်သော အရာကိုသာ ပြောခဲ့သည်။ အသင်းတော်ကို အထူးသဖြင့် လေးစားပြီး အသင်းတော်၌ မလိုအပ်သောအရာ၊ ဆိုးဝါးသောအရာများ ဖြစ်လာမည်ဟု ထင်မှတ်ဟန်တူသည်။ ယင်းနှင့် ပတ်သက်၍

၁။သမ္မာကျမ်းမှ အသင်းတော်

၂။ရွေးကောက် တင်မြှောက်ထားသော အသင်းတော်

၃။သန့်ရှင်းသော ပွဲတော်၌ ခရစ်တော် ပါဝင်ခြင်း စသည့် စာပေများတွင် ဖော်ပြ ထားပါသည်။

## ဝိကလစ်နှင့် သမ္မာကျမ်းစာ


ဝိကလစ်၏ သဘောထားမှာ အသင်းတော်သည် သမ္မာကျမ်းစာနှင့် ပတ်သက်၍ စပ်ရန် အမြဲတမ်း အထောက်အကူပြုသော အပြုသဘောဆောင်သည့် အနေအထားကို တွေ့ရှိရသည်။ အမှန်တရားကို ပြောတိုင်း ဘုရားရှင် တာဝန်ပေးချက်အရ ပြောသည်ဟု အမြဲသုံးနှုန်းလေ့ရှိသည်။ ဆိုလိုသည်မှာ ဘုရားရှင်၏ ပညတ်တော်အရ အသုံးပြုသည်ဟု ဆိုလိုသည်။ ထိုအရာများသည် ကျမ်းစာထဲ၌ပါဝင်သော အကြောင်းအရာများလည်း ဖြစ်သည်။ အသင်းတော်ကို ကျော်လွန်၍ သမ္မာကျမ်းစာကိုသာ ကြည့်ရှုလေ့ရှိပြီး ယင်းသည် ခရစ်ယာန်သင်ကြားခြင်းအတွက် နောက်ဆုံးအခွင့် အာဏာဖြစ်ကြောင်း၊ ထို့ကြောင့် လူတိုင်းသည် သမ္မာကျမ်းစာကို နားလည်ရန် လိုအပ်ကြောင်း၊ သမ္မာကျမ်းနှင့် ပတ်သတ်နေရန် လိုအပ်ကြောင်း စသည်တို့ကို သွန်သင်ခဲ့သည်။ ထို့ကြောင့် လူသားအားလုံး ပြောဆိုသင်ယူခွင့် ရရှိရန် သမ္မာကျမ်းစာကို သက်ဆိုင်ရာ ဘာသာစကားများနှင့် အလွယ်တကူရရှိနိုင်ရန် လိုအပ်ကြောင်း သိမြင်ခဲ့သည်။ ထိုအချိန် ဥရောပတွင် လက်တင်ဘာသာစကား သုံးစွဲမှုကို ရပ်ဆိုင်းစေခဲ့သော လူများက ကြီးမားသော စာပေတိုးတက်မှုကို ဖန်တီးခဲ့သည်။ သမ္မာကျမ်းပိုင်းများကို ထိုအချိန်က ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်နှင့် အင်္ဂလိပ်ဘာသာများအားဖြင့် ရေးသားထားချက်များ ပေါ်ထွက်နေပြီဖြစ်သည်။ အောက်စဖို့မှ ဝိကလစ်၏ သူငယ်ချင်း(၅) ဦးသည် ကျမ်းစာ တစ်အုပ်လုံးကို လက်တင်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ မှ

နေ၍ ဝိကလစ်သည် တရားဟောဆရာများကို စေလွှတ်ခဲ့သည်။ သူစေလွှတ်သူများကို လယ်သမား အင်္ကျီကဲ့သို့ နီညိုရောင် ဝတ်စုံများ ဆင်မြန်းစေပြီး၊ တောင်ဝှေးတစ်ချောင်းစီနှင့် ငွေအိပ်မပါဘဲ စေလွှတ်ခဲ့သည်။ ထိုအချိန်က ပုံနှိပ်စက်များ မပေါ်သေး၍ လက်ရေးမိတ္တူများနှင့် ကျမ်းစာကို ကူးရေးရသည်။ ကျေးရွာများ၊ လယ်ကွင်းများ၊ လမ်းဆုံလမ်းခွများ၊ဈေးများနှင့် ဘုရားရှိခိုးကျောင်းများတွင် လူထုရှေ့၌ ကျမ်းစာကို ကျယ်လောင်စွာ ဖတ်ရွတ်ကြလေသည်။ အချို့ကျမ်းပိုဒ်များကို ထပ်ခါတလဲလဲ ရွတ်ဆိုဖတ်ပြကြသည်။ ထိုသို့ပြုလုပ်သော်လည်း သူတို့လက်ထဲ၌ ကျမ်းစာတစ်အုပ်မျှ ကိုင်ဆောင်မထားချေ။ သူတို့၏ စိတ်နှလုံးထဲမှ အလွတ်ရလျက်ရှိသော ကျမ်းချက်များကို ဖတ်ရွတ်ကြခြင်း သာဖြစ်၏။ ၎င်းတို့မှာ ပဌာနာတင်၊ ပညတ်တော်ဆယ်ပါး၊ ဆာလံ တောင်ပေါ်ဒေသနာ စသည့် ကျမ်းပိုဒ်များ ဖြစ်ကြ၏။ တစ်ခါတစ်ရံ သမ္မာကျမ်းမှ မည်ကဲ့သို့ပြောဆိုကြောင်း ဟောပြောသက်သေခံကြ၏။

၁၄၀၈ ခုနှစ်တွင် ကင်တာဘာရီ သာသနာပိုင်ချုပ်က ဘာသာပြန်ချက်များကို ရှုံ့ချခဲ့သည်။ တားမြစ်ခဲ့သည်။ သာသနာပိုင် ခွင့်ပြုချက်မပါဘဲ အသုံးပြုခွင့် မပေးခဲ့ချေ။ သို့သော် မျိုးစေ့မြေ၌ ကျခဲ့ပြီး ယခုအခါတွင် သမ္မာကျမ်းစာကို မိမိတို့သက်ဆိုင်ရာ ကြိုက်နှစ်သက်ရာ ဘာသာစကား အသီးသီးဖြင့် လေ့လာသိရှိနိုင်ပြီ ဖြစ်၏။ ဤသို့ အသစ်ပေါက်ဖွားလာသော ရှင်သန်မှုကို တားမြစ်ဆန့်ကျင်ခြင်းသည် တက်လာသော ဒီရေကို ရပ်စေခြင်းနှင့်၎င်း၊ စမ်းချောင်းတစ်ခုကို ပိတ်ဆို့ခြင်းနှင့်၎င်း၊ မှတ်သုံ့ရာသီတစ်ခုကို တားဆီးခြင်းနှင့်၎င်း တူလွန်းပေစွ။

John Foster ရေးသားသော Church History 2, AD 500-1500 မှ (စာ-၁၅၅) တွင် ဖော်ပြပါရှိသော John Wycliffe (1329-1384) ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။ ဆလိုင်းစိုးလွင် (ဘာသာပြန်)

# ဖွဲ့



ပန်းချီဒီဇိုင်း၊ ညီညီငယ်

# ဝင်စတန်



## “ဖွဲ့ (ဝင်စတန်)”

စိတ်ကူးတစ်ခုကိုအကောင်အထည်ဖော်ရန်ကြိုးစားသည့်အခါတွင် အခက်အခဲများ ကြုံတွေ့ရတတ်သည်၊ ထိုအခါတွင် ကျွန်တော်တို့သည် စိတ်ပျက်အားလျော့မိတတ်သည်၊ နောက်ဆုတ်မိတတ်ပေသည်၊ ထိုအခက်အခဲကိုကျော်လွှန်နိုင်ရန် ကြိုးစားရာတွင်လည်း တစ်ကြိမ်၊ နှစ်ကြိမ်ကြိုးစားကြည့်သည်၊ မရနိုင်သည့်အခါအရှုံးပေးလက်လျော့လိုက်တော့သည်၊ မိမိလိုချင်သည့် အရာအတွက် အကြိမ်ကြိမ်ကြိုးစားရင်း၊ မရမချင်း လက်မလျော့ဘဲ ကြိုးစားမည့်သူ နည်းပါးလှသည်၊ ငါးများသည်ကိုကြည့်ပါ၊ တစ်ဦးကတစ်နေရာထဲတွင် ထိုင်ကာငါးများတံကို အာရုံစိုက်ရင်း မျှားနေသည်၊ အခြားတစ်ဦးက တနေရာမျိုးစုံ ပြောင်း၍မျှားနေသည်၊ ကျွန်တော်တို့စိတ်ကူးအကြံအစည်များကို အကောင်အထည်ဖော်နိုင်ဖို့ ငါးပွက်ရာငါးစာချသည့်ပုံစံဖြင့်တော့ မဖြစ်ပါ၊ ကျွန်တော်တို့တွင်ဖွဲ့ဆိုသည့်အရာလိုအပ်ပါသည်၊ အာရုံစူးစိုက်မှုရှိပါမည်၊ ကျွန်တော်တို့လိုချင်သည့် အရာအပေါ်တွင် ပြင်းထန်သောဆန္ဒရှိသောအခါ ထိုနောက်တွင်ဖွဲ့သည်ကပ်ပါလာပါသည်၊ မိမိစိတ်ကူး၊ ရည်မှန်းချက်များ အပေါ်တွင်အမှန်တကယ်အကောင် အထည်ဖော်ရရှိလိုစိတ်ပြင်းထန်မှုရှိ၊ မရှိကိုဆန်းစစ် ရပေမည်၊

စာရေးဆရာကြီး ဟဲမင်းဝေး( Ernest Hemingway 1899-1961 )(၁၈၉၉-၁၉၆၁)သည် သူ၏ ပင်လယ်နှင့် အဘိုးအို(The Oldman and the sea)ဝတ္ထုတွင် စန်တီရာဂို(Santiago)၏ ဖွဲ့လုံ့လနှင့် ကြိုးစားမှုကို ပြောင်မြောက်စွာ ဖော်ပြခဲ့သည်၊ တံငါသည်ကြီး စန်တီရာဂိုသည် ရှိသမျှအားအင်ဖွဲ့လုံ့လတို့ဖြင့် ငါးကြီးတစ်ကောင်ကို ခဲယဉ်းစွာဖြင့် ဖမ်းယူခဲ့သည်၊ သို့သော်လည်း သူ၏အပြန်လမ်း၌ ငါးမန်းတို့သည် သူဖမ်းယူခဲ့သော ငါးကြီးကို လိုက်လံကိုက်ဖြတ်စားသောက်ကြသည်၊ စန်တီရာဂိုသည် ငါးမန်းများအား တိုက်ခိုက် ထိုးနှက်ရင်းဖြင့် ကမ်းခြေသို့ရောက်အောင် ကြိုးစား ခဲ့ရ၏၊ သို့သော် သူဖမ်းယူခဲ့သောငါးကြီးသည် ငါးမန်းကို ကိုက်ဖြတ်မှုကြောင့် အရိုးသာကျန်တော့သည်၊

စန်တီရာဂိုကဲ့သို့ လူသည်လုပ်ရှားရုန်းကန်ကြိုးပမ်းရသည်၊ မိမိရရှိလိုသော အရာအတွက် ဖွဲ့လုံ့လဖြင့်ကြိုးစားရ၏၊ သို့သော်လည်း စန်တီရာဂို၏ နောက်ဆုံးရလာဒ်ကား အရိုးရိုးပြိုင်းပြိုင်းသာရှိသောငါးကြီးဖြစ်နေသည်၊ ဤနေရာတွင် စာရေးဆရာ ဟဲမင်းဝေးအဓိကထားလိုသောအရာမှာ စန်တီရာဂို၏ ဖွဲ့လုံ့လကိုသာဖြစ်သည်၊ လူသည် ပျက်ဆီးနိုင်သော်လည်း အရှုံးနိမ့်နိုင်ပါဟု ဟဲမင်းဝေးက ဆိုလိုပါသည်၊

ကျွန်တော်တို့ အလိုရှိသော အရာဟုဆိုရာတွင် မိမိ၏စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဖြစ်နိုင်မည်ဟု ထင်ရသောအနေအထားလည်း ရှိရပေမည်၊ ဗိုးလမင်းကိုလိုချင်သော ကလေးငယ်တစ်ဦးကဲ့သို့ မဖြစ်နိုင်သည်ကို တမ်းတခြင်းမျိုးကား ရူးမိုက်ခြင်းတစ်မျိုး ဖြစ်ပေသည်၊ စိတ်ကူးယဉ်ခြင်း သက်သက်သာ ဖြစ်ပေမည်၊ ထိုကဲ့သို့ဖြစ်နိုင်သည့်အရာကို ရရှိရန် ကြိုးစားအားထုတ်ရာတွင် ကျွန်တော်တို့သည် လွယ်ကူစွာနောက်ဆုတ်အရှုံးပေးတတ်သည်၊ ဤသည်ပင် ကျွန်တော်တို့၏ အားနည်းချက် ဖြစ်ပေသည်၊ တစ်ဖတ်တွင်လည်း မိမိတိုယ်ကိုသနားနေခြင်းလည်း ဖြစ်နိုင်သည်၊ ဖွဲ့မရှိခြင်းသည် မိမိကိုယ်ကိုသနားခြင်းပင် ဖြစ်ပေလိမ့်မည်၊ ထို

အထဲတွင် ပျင်းရိခြင်းလည်းပါဝင်ပေသည်၊ ထိုကဲ့သို့ မိမိကိုယ်ကို သနားခြင်းနှင့် ပျင်းရိခြင်းသည် မိမိကြိုးစားလုပ်ဆောင်နေသည့် အရာအတွက် အကြီးမားဆုံးသော အနှောင့်အယှက်ပင် ဖြစ်ပေသည်၊

ဤနေရာတွင် မိမိရည်မှန်းထားသော ပန်းတိုင်သို့ဇွဲနပဲဖြင့် ရောက်သွားခဲ့သူတစ်ရောက် အကြောင်းကိုဖော်ပြလိုပါသည်၊

၁၈၇၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ အိုတိုင်းအိုးပြည်နယ်၊ ကိုလမ်ဘတ်မြို့တွင် ခုနှစ်နှစ်အရွယ် ဆင်းရဲသားလေးတစ်ဦး ရှိသည်၊ တစ်နေ့တွင် ကိုလမ်ဘတ်မြို့သို့မျက်လှည့်ဆရာကြီးတစ်ဦး ရောက်ရှိလာပြီး ဇာတ်ရုံတွင် မျက်လှည့်ပြသည်၊ ထိုကောင်လေးသည် မျက်လှည့်ပွဲကို ကြည့်ချင်လွန်းသဖြင့် သူ့၌ မရှိမဲ့ရှိမဲ့ ပိုက်ဆံလေးကို စုကာ လက်မှတ်တစ်ဆောင်ကို ဝယ်ပြီး ကြည့်ခဲ့သည်၊ သူသည် မျက်လှည့်ပြကွက်များကို စိတ်ဝင်စားလွန်းသဖြင့် "ငါလည်းတစ်နေ့မှာ နိုင်ငံကျော် မျက်လှည့်ဆရာကြီးတစ်ဦးဖြစ်အောင် လုပ်မည်"ဟုဆုံးဖြတ်ချက်ကို လေးနက်စွာ ချခဲ့သည်၊

နှစ်အတန်ကြာသော် သူသည် ချီကာဂိုမြို့သို့ ရောက်ရှိလာသည်၊ သတင်းစာရောင်းသည်၊ ချီကာဂို ပြဇာတ်ရုံကြီးတွင် သူကြည့်ဘူးခဲ့သော မျက်လှည့်ဆရာကြီးသာမာန်၏ မျက်လှည့်ပွဲကို ဝင်ကြေးမတတ်နိုင်သဖြင့် အပြင်မှနေငေးမောနေခဲ့ရသည်၊ မျက်လှည့်ပွဲပြီးသောအခါ ဇာတ်ရုံနောက်ဘက်တွင် သူသည် သတင်းစာစက္ကူများခင်း၍ ချမ်းစီးစွာ အိပ်ရရှာသည်၊

သူသည် အိပ်ရာထဲတွင် လှဲနေရင်းမှ သူ၏အမည်ကိုအုပ်ခဲကျိုးတစ်ခုပေါ်တွင် ဓားဖြင့် ရေးထွင်းလေသည်၊ မျက်လှည့်ဆရာဖြစ်ချင်သော ဆန္ဒသည် သူ့၌ အလွန်ပြင်းထန်၏၊ အိပ်ပျော်သော အခါတွင်လည်း မျက်လှည့်အကြောင်းသာ အိပ်မက်လေသည်၊ နောက်တစ်နေ့နံနက် အိပ်ရာမှနိုးထသောအခါ သူသည် ရည်ရွယ်ရာ ပန်းတိုင်ဆီသို့ စတင် အရောက်လှမ်းဖို့ ကြိုးစားလေတော့သည်၊

သူသည် မျက်လှည့်ပညာ သင်တန်းကို တက်ရောက်ခဲ့သည်၊ သင်တန်းဆို့ ရထားစီးသွားရာတွင် ပိုက်ဆံမတတ်နိုင်သဖြင့် ကုန်တွဲရထားကိုသာ စီး၍ သွားရသည်၊ နှစ်ပေါင်း အတန်ကြာသော် သူသည် မျက်လှည့်ပညာတွင် ကျွမ်းကျင်လာသည်၊ သူ၏ဖြစ်ချင်လွန်းသော ဆန္ဒအဟုန်ကြောင့် ကျွမ်းကျင်သည်ထက်ကျွမ်းကျင်အောင် လေ့ကျင့်ခဲ့သည်၊

နှစ်ပေါင်း( ၂၀ )ခန့် ကြာသောအခါ ထိုသတင်းစာပို့သမား ကလေးသည် ချီကာဂိုမြို့သို့ ပြန်ရောက်လာပြီး မျက်လှည့်ဆရာကြီး ဟာမာန်ပြသွားခဲ့သော



ပြဇာတ်ရုံ၌ပင် ပရိသတ်များစွာကို သူသည် မျက်လှည့်ပြခဲ့လေသည်၊ မျက်လှည့်ပွဲပြီး၍ ပရိသတ်များပြန်သောအခါ သူသည် ရင်းနှီးသောမိတ်ဆွေများကို ပြဇာတ်ရုံနောက်ဖက်သို့ ခေါ်လာခဲ့သည်၊ ထိုနောက် ပုံဆမှ အုတ်ခဲကျိုးတစ်လုံးကို သူ၏ရွှေလက်ကိုင်တုတ်ဖြင့်ကော်ထုတ်လိုက်သည်၊

ယင်းအုတ်ခဲကျိုးကား လွန်ခဲ့သော နှစ်ပေါင်း ( ၂၀ )ခန့်က သူ၏ အမည်ကို ရေးထားသော အုတ်ခဲကျိုးကလေးပင် ဖြစ်သည်၊ ထိုနောက် သူ၏မိတ်ဆွေများကို သူ၏ဘဝအကြောင်းနှင့် မည်ကဲ့သို့ ကြိုးပမ်းခဲ့ရပုံ ပြန်လည် ဖော်ပြလေသည်၊

ထိုသူကား ကမ္ဘာကျော် မျက်လှည့် ဆရာကြီး "ဟောဝယ်သာစတန်"ပင်တည်း၊

ဤအဖြစ်အပျက်ကို ကြည့်လျှင် ဆင်းရဲသားလေးဘဝမှ ကမ္ဘာကျော်မျက်လှည့်ပညာရှင်ကြီး အဖြစ်သို့ ရောက်ရန်ယုံကြည်ချက် အပြည့်အဝနှင့် ဇွဲလုံ့လတို့ဖြင့် ကြိုးစားခဲ့ခြင်းကို ဧတွေ့မြင်ရပေမည်၊ မိမိ၏ရည်မှန်းချက်ပန်းတိုင်သို့ မဖြစ်မနေ ကြိုးစား အရောက်လှမ်းခဲ့ခြင်းကို တွေ့မြင်ရပေမည်၊

သမ္မာကျမ်းစာတော်မြတ်ကို ကြည့်ကြပါစို့၊ (ကမ္ဘာ ၃၂း ၂၄-၃၂) တွင် ယာကုပ်သည် သူလိုချင်သော ကောင်းချီးမင်္ဂလာအတွက် တစ်ညလုံးကြိုးစားပြီးကောင်းကင်တမာန်နှင့် နပန်းလုံးနေသည်ကို ဖတ်ရှုရမည် ဖြစ်သည်၊


ကြိုးစားကာ ဇွဲမလျှော့ပဲနှင့် ဆုတောင်းဖို့အကြောင်း ခရစ်တော်ယေရှုက ပုံပမာတစ်ခုနှင့် (လုကာ ၁၈း ၁-၈ )တွင် ဖော်ပြထားပါသည်၊

တရားသူကြီးနှင့်မုဆိုးမပုံ ဥပမာလေးပင်ဖြစ်သည်၊ မုဆိုးမအနေနှင့် သူ၏အမှုအတွက် တရားသူကြီးထံတွင် လာရောက်တောင်းလျှောက်ပါသည်၊ တရားသူကြီးကလည်း ဘုရားသခင်နှင့် လူတို့အားမကြောက်သော သူတစ်ဦးဖြစ်သည်၊ ယင်းအချိန်တွင် တရားသူကြီးတို့၏ မကောင်းသတင်းသည် ကျော်ဇော်နေပါသည်၊ သူတို့သည် လာဒ်စားပြီး အမှုကိုဖြေရှင်းပေးကြပါသည်၊ လာဒ်ထိုးနိုင်သောသူကို အမှုနိုင်စေပါသည်၊ မုဆိုးမနေနှင့် သူ၏အမှုနိုင်ဖို့ရန် လာဒ်ထိုးဖို့အတွက် ငွေမရှိပေ၊ သို့သော်... ... သူ့ထံတွင် အကောင်းဆုံးလက်နက်တစ်ခုရှိသည်၊ ယင်းမှာသူမ၏ "ဇွဲ"ပင်တည်း၊ နေ့စဉ်ဇွဲရှိရှိနှင့် တရားသူကြီးဆီသို့ လာရောက်ပြီး သူ့အမှုအတွက် တောင်းလျှောက်သောအခါ နောက်ဆုံးတွင်တရားသူကြီးသည် လက်လျှော့ကာ သူမ၏အမှုကို စီရင်ပေးလိုက်ရပါသည်၊ ဤအဖြစ်အပျက်တွင် ဘုရားသခင်နှင့် တရားသူကြီးကို မနှိုင်းအပ်ပါ၊ ခရစ်တော်ပြောလိုသည်မှာ မုဆိုးမ၏ ဇွဲပင်ဖြစ်သည်၊

ကျွန်တော်တို့၏ရည်ရွယ်ချက် ပန်းတိုင်ကိုလျှောက်လှမ်းသောအခါတွင် ကျွန်တော်တို့လိုချင်သောဆုကို လျှောက်တောင်းသောအခါ "ဇွဲ"ရှိရန် လိုပါသည်၊ **သည်**အပြင် ဘုရားသခင်၏ အလိုတော်ကို ဝန်ခံပြီး **အသက်**တာကို လျှောက်လှမ်းရမည် ဖြစ်သည်၊

(ဝင်စတန်)






## " သိုးထိန်း၏ တမ်းတခြင်း "

( ဒီဇင်ဘာမှုန်း )

ပတ်ဝန်းကျင်သစ်၊ နေရာသစ်တို့နှင့် အတူဘုရားသခင်ချစ်ခြင်းမေတ္တာတည်၏၊

သာသနာ့ဝန်ထမ်းတို့၏ သဘာဝအတိုင်း ရွှေ့ပြောင်းခရီး ဆက်လက်ကားတိုင် ထမ်းရသည့်ဝန်မှာရိုးလှပြီ၊ မိသားစုတို့မှာကား ရွှေ့ပြောင်းမှုများကြောင့်ကြုံရသည့် ကသိကအောင့်တို့ကို ခံနိုင်ရည်မရှိလှ၊ သို့သော် သူတို့ခမြာလည်း အဘဘုရား၏မျက်နှာဖြင့်ကြိုးစားအားထုတ်ကြရှာပါသည်၊ ကျေးဇူးတော်ချီးမွမ်းစရာ တစ်နပင်၊

သို့သော် ကာယကံရှင်အတွက်ကတော့ မိမိစိတ်နှလုံးနှင့် သင့်တင့်မျှတလျော်ကန်သည်ဟူ၍ တွေးတောခံစားခွင့် မရှိပေ၊ ကျရာနေ–စေရာသွား၊ဘုရားသခင်သားပေတည်း၊

အစွဲအလမ်းတစ်ခုကတော့ မိမိဆောက်တည်ရမည့်ဝန်းကျင်တွင် တစ်နည်းတစ်လမ်းဖြင့် စိတ်ပင်ပန်းပြေပျောက်မှုကို နှစ်သိမ့်လျက် ရွှင်လန်းအားတက်မှုကိုပေးနိုင်သည့် ငှက်ကလေး၏ တွန်ကျူးသံရှိနေစေလိုခြင်းပင်ဖြစ်သည်၊ စိတ်ကူးယဉ်ရူးကြောင်သည့်ဘုန်းတော်ကြီးဟု အသိုင်းအဝိုင်းက ဆိုစေဦးတော့၊ မိမိကစွဲလမ်းတမ်းတမြဲတည်း၊ ဘုရားသခင်၏ ဖြည့်စွမ်းမှုများတွင် ထိုအရာလည်း ပါမြဲတည်း၊

ငှက်ကလေးမှာ **ဥဩ** ဟူ၍ ဖြစ်သတည်း၊

□ □ □

ကိုယ်မွေးစဉ် အမေက ဥဩငှက်တွေကို ခဏခဏအိပ်မည်သည်ဟု ပြောခဲ့ဖူးသည်၊ ကိုယ့်ကိုမွေးသည့်နေ့တွင် ကိုယ်တို့ခြံဝင်းကြီးတွင်းက မရန်းပင်ကြီးထက်ကပဲလား၊ ကုက္ကိုပင်ကြီးထက်ကပဲလားမသိ၊ ရာသီချိန်မှန် တွန်ကျူးတတ်သည့် ဥဩငှက်ကလေး တွန်ကျူးသံကြားရသည်ဟု **အဖေကလည်း**ပြောသည်၊ ဒါကြောင့်ပင်လားမသိ၊ **ကိုယ်က** ဥဩငှက်ကို ချစ်ခင်တွယ်တာစွဲလမ်းခဲ့သည်၊ **နွေဦး**ရာသီမှာမွေးသည်ကတစ်ကြောင်း၊ မိုးကုက္ကိုပွင့်နီသွေးလေးတွေ လေမှာလွင့်လျက် ကုက္ကိုသီးတွေကတဖြုတ်ဖြုတ်ကြွေတာကိုယ်ကြည်နူးမိသည်၊ နွားကျောင်းရင်း မြေလတ်ဒေသ ချောင်းလက်တက်တစ်ခုရဲ့ သောင်ပြင် ဖရဲခင်းထဲမှာ ဖရဲသီးခူးစားရင်း ဥဩတွန်သံလေးကို နားထောင်အားကျကာ ကိုယ့်ပုလွေကို အပြိုင်ကျူခဲ့ဖူးတာ ဘဝရဲ့မမေ့စရာတွေထဲမှာ ပါဝင်သည်၊ ဒါကြောင့်လည်း တစ်ခါတစ်ရံစိတ်အလွန်ပင်ပန်းလျက်တွယ်ရာမဲ့သကဲ့သို့ ခံစားနေချိန်များတွင် ဥဩတွန်သံလေးကြားမိပါက မိခင်ကိုလွမ်းသလို၊ မွေးဇာတိနှင့် ငယ်ဘဝကိုလွမ်းသလိုဖြင့် ဆိုဆို့နင့်နင့်တမ်းတမိကာဥဩလေးကို လှမ်းခေါ်ဖမ်းယူလျက် ရင်ခွင်တွင်း ပွေ့ချင်စိတ်ပေါ်မိသည်၊

ကံကောင်းသည်က အမေ့ရင်ခွင်တွင်းက လှမ်းထွက်ပြီး ဘုရားသခင်၏ လမ်းတော်ဆီလှမ်းစဉ်တွင် ဥဩငှက်ကလေးနှင့် တွယ်ငြိခွင့်ရခဲ့ခြင်း ဖြစ်သည်၊ ရန်ကုန်မြို့၊ အင်းလျားလမ်း၊ အမှတ်(၁၀၄)ရှိသန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်းတွင် သင်တန်းတက်စဉ်ဖြစ်၏၊ မွေးရပ်မြေကို ခွဲခွာခဲ့ရသော်လည်း ပညာဆည်းပူးရာ ကျောင်းတော်ရိပ်၌ မွေးရပ်မြေ၏

အငွေ့အသက်တို့ အစဉ်လွှမ်းခြုံ၏၊ ဆရာသမားများ၏ မေတ္တာတရားနှင့် စောင့်ရှောက်မှုက မိဘသဖွယ်ပင်၊ ကျောင်းတော်နှင့် မြေရနံ့ကလည်း အားငယ်စိတ်မရှိအောင်ဖြည့်ဆည်း၏၊ အထူးသဖြင့်အုန်းရွှတ်စိမ်းကိုင်းကြားနှင့် ကန့်ကော်ကိုင်းကြားမှ လာလေ့ရှိသည့် ဥဩငှက်ကလေး၏ တွန်ကျူးသံ၊ အင်းလျားလေကို ရှူရှိုက်လျက်တွန်ကျူးရခြင်းကို ပီတိဖြစ်နေဟန်ရှိသည့် ငှက်ကလေး၏ တေးသံကြောင့် အမေ့ကိုလွမ်းစိတ်လည်းပြေ၊ တရားထိုင်ချိန်၊ ဝတ်စောင့်ချိန်၊ အိပ်ငိုက်ခြင်းလည်းပြေ၊ တရားဟောချက်တွေလည်းရွှင်လန်းစွာ ခုန်ပေါက်ထွက်လာ၊ သီအိုရီနှင့်ကျမ်းပိုဒ်တွေကလည်း သရုပ်ခွဲရလွယ်၊ သီချင်းစာသားတွေလည်းစီကုံးထွက်လာခဲ့သဖြင့် သူ၏အကူအညီဖြင့် နှလုံးစိတ်ဝမ်းငြိမ်းချမ်းလျက် ဘဝခရီးကိုပါတွန်းအားပေးခဲ့သေးသည်၊ ကျေးဇူးတင်ဖွယ် အတိပင်၊

မြက်ခင်းစိမ်းစိမ်း၊ အုန်ရိုတိုက်နီနီ၊ အုန်းပင်မှိုင်းမှိုင်းဝန်းရံလျက် ရေနံ့ဝနေသည့် အမည်းရောင်ဘုရားကျောင်းကြီး၊ သင်းပျံ့ဝနေသော ခရေပန်းနံ့နှင့် ကန့်ကော်ရနံ့များ၊ လွင့်ပျံ့နေသည့် အင်းလျားလှိုင်းခတ်သံများ၊ ရင့်ကျက်ပြည့်ဝကြည်ညိုဖွယ်ရာ တရားဓမ္မဒေသနာတွေကို ခိုလှုံကာ ဘဝ၏ချိုမြိန်ကျေနပ်ခြင်းတွေပြည့်လျှံခဲ့သည်၊ ဥဩငှက်ကလေး၏တွန်ကျူးသံကို လေပြည်ကလေးသာ ဖြတ်တိုက်လိုက်ပါမူ ရင်ဝယ်သိမ့်သိမ့်ခါတော့သည်၊

ကဗျာဆရာကြီး ရှဲလီ၏ ကျော်ကြားသည့်ဘီလုံးငှက်သို့တမ်းတချင်း ကဗျာတွင် ဘီလုံးငှက်ကလေးက အထက်သို့ ဝဲပျံကာရှည်လျားစွာ တွန်ကျူးတတ်ပုံကို ကြည်နူးနှစ်သက်လှန်း၍ ဖွဲ့ဆိုခြင်းဟု ဖတ်ဖူးသည်၊ တစ်ခါတစ်ခါ ကိုယ်ကဗျာစပ်တတ်ချင်စမ်းပါဘိ၊

ဩစတြေလျသို့ အစောပိုင်းကာလများက သွားရောက်နေထိုင်သည့် သိုးထိန်းတစ်ဦးသည် ဘီလုံးငှက်ကလေးတစ်ကောင် ကိုယူဆောင်သွားပြီး လှောင်အိမ်နှင့် မွေးထားခဲ့သည်၊ ဥရောပ၊ အာရှနှင့်အာဖရိကတို့တွင်သာ သာဘီလုံးငှက်ကို တွေ့ရသည် ဟုဆို သည်၊ အခြားသိုးထိန်းများကလည်း သိုးကျောင်းရင်း ဘီလုံးငှက်ကလေး၏ တေးသံကို စွဲလမ်းလျက် ငှက်ရှင်သိုးထိန်းအိမ်သို့ မကြာခဏသွားကြ၏၊ ဘီလုံးငှက်ကလေးကလည်း သူ၏သာယာကြည်နူးဖွယ်ဘာသာဘာဝတေးသံဖြင့် ဖြေဖျော်၏၊ ငှက်ကလေး၏တေးသံကို ကြားရသည့်အခါ သိုးထိန်းများသည် မိုင်ပေါင်းများစွာ ကွာဝေးသည့် ပင်လယ်ရပ်ခြားတွင် ခွဲခွာထားရစ်ခဲ့ရသည့် ချစ်မြတ်နိုးသူများကို သတိရလျက် မျက်ရည်ကြသည်၊ ဘီလုံးငှက်ကလေး၏ တေးသံဖြင့် တဒင်္ဂစိတ်သက်သာမှုကို ရှာကြရသည်ဟူသည့် ပုံပြင်ကလေးကိုလည်း စွဲလမ်းခဲ့ရဖူးသည်၊

အသင်းတော်၏ သိုးထိန်းကြီးတာဝန်ကို ထမ်းဆောင်ရသောအခါ၌လည်း ဒေသန္တရအမျိုးမျိုး၌ ပျော်စွာနေထိုင်ခဲ့သည်၊ မိမိသိုးများနှင့်အသင်းတော်ကို မေတ္တာ၊ စေတနာ၊ အနစ်နာဖြင့်သွန်သင် လမ်းပြပဲ့ပြင် အုပ်ချုပ်ခဲ့သည်၊ ပြဿနာတွေ၊ ဝေဒနာတွေကတော့ မြို့ပြဒေသန္တရ အလိုက်အနည်းနည်းပင်၊

ဘုန်းကြီးသိက္ခာတင်ခံခဲ့စဉ်က ဘုရားသခင်ရွေးကောက်သည်ကို ယုံကြည်ကြောင်း၊ သမ္မာကျမ်းစာ၏ ဒေသနာအနှစ်သာရများ အတိုင်းသွန်သင်ပေးပါမည့်အကြောင်း၊ သခင်ယေရှုထားခဲ့သည့် စက္ကရမင်တမင်္ဂလာနှင့် ဆုံးမချက်များကို လုံ့လဝီရိယဖြင့် အစဉ်ဖြည့်ကျင့်လျက် အသင်းတော်ကို စောင့်ရှောက်ဟောပြောပါမည့်အကြောင်း၊ မိစ္ဆာဒိဋ္ဌိအယူဝါဒများကို ပယ်ရှားကြဖို့ အခွင့်သင့်တိုင်း နိုးဆော်တိုက်တွန်းပါမည့်အကြောင်း၊ စေလွှတ်ရာဒေသသို့ မညီးမညူ သွားရောက်လျက် ဧဝံဂေလိတရားကြိုးစားနှံ့ပြားစေပါမည့်အကြောင်း၊ သမ္မာကျမ်းစာနှင့်မွေ့လျော်၍ ခရစ်တော်၏ အိမ်ထောင်စုများအဖြစ်စီ ကိုယ်တိုင်ကျင့်ကြံအားထုတ်ပါမည့်အကြောင်း၊ လူသားအပေါင်းတို့ အပေါ်သို့ချစ်ခြင်းမေတ္တာဖြင့် တတ်စွမ်းသမျှဖြည့်ဆည်းလျက် အထက်လူကြီးတို့၏ စီရင်ဆုံးမချက်များကို မလွဲမသွေလိုက်ပါမည့်အကြောင်း၊ ကတိသစ္စာပြုခဲ့သည်များကို တော့ မမေ့ခဲ့ပါ၊

သို့သော် ကိုယ်တို့ကျောင်းသားဘဝ ငယ်နုစဉ်တွေ့ကြုံမည်ဟု ခန့်မှန်းခဲ့ရသည့်ပြဿနာ၊ အခက်အခဲတွေနှင့် တကယ်ရင်ဆိုင်ရသော အခက်အခဲတွေကတော့မတူနိုင်ပေ၊ ဘုရားရှင်၏ ဉာဏ်ပညာအလင်းရရှိခြင်းမှ ခွန်အားများကို ရှာဖွေရသည်၊ တမန်တော်ကြီးပေါလုကို အားကျခဲ့မိသော ကိုယ်သည် သူ၏ဩဝါဒများဖြင့် အသက်ဟာကို ဆီထိုးရသည်၊ ကိုယ်မရှိလျှင် ကိုယ်မကြိုးစားလျှင်၊ ကိုယ်မှမသွန်သင်လျှင်၊ ကိုယ်မှတာဝန်မယူရင် နိုင်ငံတော်၏ ထိခိုက်ပွန်းပဲ့မည်ဟူသော အသိကိုနှလုံးသွင်းလျက် ကြိုးစားရခဲ့သည်၊ တစ်ချိန်ချိန်မှာ သခင်ခရစ်တော်ကဲ့သို့ အိုးထိန်းကြီးမျိုးနှင့် ထိပ်တိုက်ဆက်ဆံခွင့်ရနိုးနိုးဖြင့်ဘဝ၏အသက်ဟာ လေးပုံသုံးပုံကတော့ ကုန်လွန်ခဲ့ချေပြီ၊

ဖြတ်ကျော်ခဲ့ရာ သက်တမ်းအတွင်း၌ ဥဩလေးတွေကတော့ ချိုမြတွန်ကျူးဆဲပင်၊ တာဝန်ဝတ္တရားပျက်ယွင်းသည်ဟူ၍ မရှိခဲ့၊ မြေလတ်ပိုင်းတွင်လည်း ကြုံတွေ့ခဲ့ရသည်၊ မြစ်ဝကျွန်းပေါ်၌လည်းသံယောဇဉ်တွယ်ခဲ့ရသည်၊ နောက်ဆုံး လက်ရှိတာဝန်ကျရာ ရှန်ကုန်မြို့ပေါ်အသင်းတော်၌ပင် ဥဩငှက်ကလေးကို ဘုရားသခင်က ကိုယ့်အတွက် လက်ဆောင်ပေးသေး၏၊ သူ့တွန်ကျူးသံကလေးက ကိုယ့်မိသားစုထက်ပင် ကိုယ့်ကိုချည်နှောင် လွှမ်းမိုးသယောင်၊

□ □ □

ဥဩသံလေးကြားတိုင်း ကိုယ့်ကိုလေ့ကျင့်ပေးခဲ့ရာကျောင်းတော်ကြီးနှင့် ဆရာတော်များ၏ ဩဝါဒများကို အမှတ်ရဆဲပင်၊ ကိုယ်ကျမ်းစာကျောင်းတက်တာဟာ ဘုရားသခင်ရဲ့ရူပါရုံကြောင့်ကိုပင် ဆိုချင်သည်၊ ငယ်စဉ်ကတည်းက ရည်မှန်းချက်အာရုံပြုခဲ့မှုသည် ဘုရားရှင်၏အမှုတော်ဆောင် အသင်းအုပ်ဆရာကြီးဖြစ်ဖို့မဟုတ်သည်ကိုမူ ဝန်ခံရမည်ဖြစ်သည်၊ ကိုယ်ရည်မှန်းသည်က ကိုယ်တို့မြို့ ရထားဖြတ်တံတားနှင့် ဥမင်လှိုဏ်ခေါင်းတူးစဉ် အားကျခဲ့ရသော အင်ဂျင်နီယာကြီးဖြစ်သည်၊ တည်ဆောက်ရေး စက်မှုပညာရှင်သာဆိုလျှင် ကိုယ့်စိတ်တိုင်းကျ အိမ်တွေ၊ ဘုရားကျောင်းတွေ၊ စာသင်ကျောင်းတွေ ဆောက်နိုင်မည်ဟုထင်မြင်ခဲ့ဖူးသည်၊ ကိုယ်တို့ရွာမှာ လူနေအဆောက်အအုံတွေ အဆင့်နိမ့်တာ ကိုယ်အားမရဖြစ်ခဲ့ဖူးသည်၊ အဆင့်မြှင့်ပေးချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့ဖူးသည်၊ သို့သော်လည်း မည်သို့မည်ပုံ ဘုရားသစင်ထံသို့ ရောက်ရှိသွားသည်ကို စဉ်းစားမိလျှင် အံ့ဩစရာကြီးပင်၊ ကိုယ်တို့အဖေနှင့်မြို့သွားရင်း မြို့အသင်းတော်ဘုန်းတော်ကြီးအိမ်၌ ရောက်ရှိနေသည့် သာသနာပိုင်ဆရာတော်ကြီး၏ နှုတ်ဆက်အပြုံးမှပင် ကျမ်းစာကျောင်းရောက်ရှိသွားခဲ့လေသလားပင်၊ ကိုယ်တို့ရွာတွင်လည်း အဖေကဘုရားလူကြီးဖြစ်ရုံမက၊ ကိုယ်ကလည်းခေတ်ပညာတတ် ပေါက်စကလေး ဖြစ်သည်၊ ကိုယ်တို့ရွာကလေး၏ နိမ့်ကျမှုအဝဝကို ကိုယ့်အားဖြင့် ပြောင်းလဲတည်ဆောက်မည် စိတ်ကူးဖြင့် ၁၀၄၊ အင်းလျားလမ်းတွင် လေးနှစ်တာပညာဆည်းပူးဖို့ရောက်ရှိခဲ့သည်အမှန်ပင်၊

ခုတော့လည်း စက်မှုအင်ဂျင်နီယာကြီးကဲ့သို့ ကိုယ့်ဇာတိမှာလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ မတည်ဆောက်နိုင်ပေမယ့် နေရာဒေသအစုံ၌ ဘုရားသခင်၏ နိုင်ငံတော်အတွင်း ကိုယ်တည်ဆောက်ဖူးပွင့်စေခဲ့တဲ့ ဝိညာဉ်အသီးအပွင့်တွေ မရေတွက်နိုင်ခဲ့တာတွေးရင်း ဂုဏ်ယူရတာတွေလည်းရှိသည်၊ ဘုရားသခင်၏သားကြီးပီသစွာကျင့်ကြံပြီးကြိုးစားဦးဆောင်သည့်ကြားမှလက်လျော့လိုက်ရသည့်၊ သေဆုံးဝိညာဉ်တွေ၊ နာမကျန်းဝိညာဉ်တွေ၊ လွင့်မျောဝိညာဉ်တွေ၊ ခြောက်သွေ့ကြေမွဝိညာဉ်တွေကို တွေးမိပြန်တော့လည်းကိုယ့်ကိုကိုယ် မကျေနပ်မိပြန်၊ တတ်နိုင်သမျှကြိုးစားအဖတ်ဆည်ခဲ့ရတာ၊ လျစ်လျူရှုခဲ့မိတာ၊ တာဝန်ပျက်ကွက်မိခဲ့တာ၊ အတ္တကြီးခဲ့မိတာတွေ ရှိမလားဟုလည်း ဦးနှောက်နှင့် နှလုံးသားတွင် စီကာပတ်ကုံး

စဉ်းစားမိသည့်အခါ ဝမ်းသာစရာတွေရှိသလို၊ စိတ်ထိခိုက်စရာတွေလည်း ရှိလေသည်၊ ကိုယ့်အပေါ်မကျေနပ်သူတွေ၊ သိုးထိန်းကြီးမပီသဟု ထင်သူတွေ၊ သူတို့စိတ်တိုင်းကျဝိညာဉ်ရေး၊ လူမှုရေး၊ စီးပွားရေးတွေ မဖြည့်ဆည်းနိုင်သဖြင့် ကိုယ့်အပေါ်အထင်လွဲ၊ အမြင်မရှင်းဖြစ်ကာ အထင်သေးခဲ့ရသည်များကို ခွင့်လွှတ်ခဲ့ရသည်များလည်း ရှိသည်၊

အဲဒီလိုအခါမျိုးမှာကိုယ့်ပြဿနာတွေ၊ ကိုယ့်အားချက်တွေ၊ ကိုယ့်မပြည့်ဝမှုတွေကို နားလည်ဖြေဖြင်းဖျမည့် ဆရာသမားတွေကိုသာ တောင့်တအားကိုးမိတော့သည်၊ တစ်ခါတစ်ခါတော့လည်း ကိုယ့်စိတ်ဝိညာဉ်နှင့် ကိုက်ညီသည့် ဖြည့်စွမ်းမှုတွေကို၊ ကိုယ့်ဆရာ၊ ကိုယ့်မိတ်ဆွေ၊ ကိုယ့်မိသားစုထက် ကိုယ့်အိမ်မျက်စောင်းထိုးရှိ လက်ပံပင်ကြီးနှင့် ကုက္ကိုပင်ကြီးကြားမှ (ကိုယ်တို့မျက်နှာမူတွန်ကျူးသည်ဟု ကိုယ့်ဖာသာကိုယ်ထင်မိသည့်) ချစ်ဥဩကလေးကသာ ဖြေသိမ့်ပေးနိုင်သည်ဟု ထင်မိတော့သည်၊ ..

ပတ်ဝန်းကျင်သစ်၊ နေရာသစ်၊ ရန့်သစ်တို့နှင့် အတူဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အစဉ်တည်ရှိမည်ဟု ယုံကြည်ထားမိပါသည်၊

ကိုယ့်အသစ်ရင်ဆိုင်မေတ္တာပွားရမည့် အသင်းသားတွေကောင်းကြီးမင်္ဂလာခံစားရပါစေဟုဆုတောင်းမေတ္တာပို့သည်၊ အသင်းတော်ကောင်စီဝင်တွေ၊ ငွေစာရင်းတွေ၊ အဖွဲ့အစည်းလှုပ်ရှားမှုတွေ အားလုံး သခင်ယေ... ၏ နာမ၌ သစ္စာတည်တံ့ခိုင်ခန့်သည့်အမာခံသူရဲကောင်းတွေ ဖြစ်ပါစေဟု မျှော်လင့်သည်၊

ကိုယ့်မိသားစုတွေ ရင်ဆိုင်ဖြတ်ကျော်မည့် အခက်အခဲတွေ ကိုယ့်အပေါ်ဝန်ထုပ်ဝန်ပိုး မဖြစ်အောင်လည်း ထိန်းသိမ်းရဦးမည်၊ ကိုယ်တို့နေထိုင်နားခိုမည့် အိမ်မည်းကြီး၊ ကိုယ့်ရဲ့နှလုံးသားတည်ရာ အနီရောင်ဘုရားကျောင်းကြီး၊ ဘုရားကျောင်းရှေ့မြက်ခင်းစိမ်းစိမ်း၊ အို... ... ဒီအရာတွေဟာ... . .

ပြောင်းရွှေ့လာခဲ့ရသည့်ဝန်းကျင်သစ်က ဘယ်သစ်ပင်တွင်များ နောက်ထပ်ကိုယ်တွယ်ငြိရမည့်၊ ကိုယ့်ဘဝအတွက် နှစ်သိမ့်မှုတွေကို ပေးနိုင်မည့် ဥဩလေးရှိမှာပါလိမ့်... ... ... ၊

ဥဩလေးတစ်ကောင် ရှိနေဖို့ကတော့ ဘုရားသခင်ပဲတတ်နိုင်ပါလိမ့်မည်၊ ကိုယ့်အတွက်လည်း ဥဩကလေး တွန်ကျူးခွင့်ပေးကို ပေးဦးမည်ဟု မျှော်လင့်မိသည်၊ စိတ်နှလုံးခွန်အား အသစ်ရဖို့နှင့် နှစ်သိမ့်မှုပေးနိုင်ဖို့ ကိုယ့်အတွက် ဥဩကလေးက အမှန်တကယ်လိုအပ်မည်လေ၊ ဘုရားသခင်၏ ကားတိုင်ကို လေးပင်သော်လည်း ကြိုးစားထမ်းရမည့် သိုးထိန်းကြီးပဲမဟုတ်ပါလော... ... ... ၊

ဒီဖင်ဘာမွန်း






ဆိုးချင်သလောက်ဆိုး ကျပ်ချင်သလောက်ကျပ်




C C
# အောင်နေဝင်း

## ပန်းနာ·ရင်ကျပ်
## အမြစ်ဖြတ်ဆေးကြီးနှင့်မှပြတ်

သွေးပန်း၊ လေပန်း၊ သလိပ်ပန်း၊ သည်းခြေပန်း၊ ကြက်ညှာပန်းနာများနှင့်၊ ပူဖျား၊ ချမ်းဖျား၊ ရောဂါများ လက်တွေ့ပျောက်ကင်းစေပါသည်။

တစ်ထုပ်-၃၊ တစ်ဘူး - ၂၅ / (နယ်-၆-ဘူးမှာ ဗွီ.ပီ.ပီ.နှင့်ပို့သည်)
အမြို့မြို့ရှိ ဆေးမျိုးစုံ ဆိုင်တိုင်းမှာ မေးဝယ်ပါ။
**အောင်နေဝင်းဆေးတိုက်**
ဆရာကြီး ဦးညွန့်ရွှေ (ဒ.ဘ.ဗ.ဝ) အမှတ် ၁၀၅၊ ဦးချစ်မောင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့၊




# ချိန်မှတ်နေသော ခြေလှမ်းများ

စိုးကို

S'AUNG THEINGA

"ကိုကိုကိုနှုတ်ဆက်လိုက်လေ"

"..................................."

"အေး .............. ဟုတ်ပြီ"

"အဲ ဒီ မှာ မတ် တတ်ရပ်"


"..............................."

"ဟော... နေရာရပြီ လာ... လာ သမီး လာ အမေ့အပေါ်မှာထိုင်"

ထိုအသံများကြောင့် (၄၅) ဘတ်စ်ကားပေါ်၌ အိပ်ငိုက်ရင်းလိုက်လာသော ကျွန်တော်သည်ဘေးချင်းကပ်နေရာလွတ်တွင် လာထိုင်သည့်အသံရှင်အမျိုးသမီးကြီးကိုမကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်သည်၊ သိုးမွေးဆွယ်တာအကျႌအဝါကို အပေါ်မှသပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အသားဖြူဖြူ အသက် (၄၀)ခန့် အမျိုးသမီးကြီးတစ်ဦးသည် လက်ထဲတွင် ပလပ်စတစ်ဆွဲခြင်းတစ်လုံးကိုင်ထားကာ တစ်ဖက်မှ(၄)နှစ်အရွယ် ခန့်မိန်းကလေးတစ်ဦးကို အတင်းပွေ့ချီလျက် ပေါင်ပေါ်တင်နေသည်၊ ကျွန်တော့်အနားမှာဖြစ်နေ၍ အနည်းငယ်နေရာ ရွှေ့ပေးလိုက်ရသည်၊

"အဲဒါပဲသမီးရဲ့ ဘုရားမှာဆုတောင်းပြီးမေတ္တာပွားရင်အများကလည်း မေတ္တာနဲ့တုံ့ပြန်တတ်တယ်ကွဲ့၊ အခုကြည့်လေတကက်တက်ချင်း နေရာလဲရပြီ" သူ့သမီးကလေးကို ပြောသလိုလိုနှင့် အနီးအနားရှိသူများကို ပြောပြနေဟန်တူသည်၊ ထို့ကြောင့်အနားမှအဘွားကြီးတစ်ယောက်က ဘယ်ကိုသွားမှာလဲ' ဟုမေးရာ "ကျွန်မကရန်ကင်းကို ပြန်မလို့ပါ၊ သမိုင်း ကဆွေမျိုးတွေဆီ ရုံးပိတ်ရက် လာလည်တာလေ" "အခုနက ကားပေါ်တက်ခါနီး ကိုယ်ကျိုးယားဖြစ်နေလို့ အနားက ကလေးတစ်ယောက်က သမီးလေးကို ကားပေါ် ပွေ့ချီတင်ပေးခဲ့တယ်" "ဘုရားမတာပဲ အဒေါ်ရဲ့ ဒီလောက်ကျပ်တဲ့ကားပေါ်မှာအခုနကမောင်လေးတစ်ယောက်ကလည်း ကျွန်မတို့ကို နေရာပေးခဲ့တယ်" "အေးပေါ့အေး... အေး" အဆက်မပြတ် ပြောလိုက်သောစကားများကို အဘွားကြီးက ခေါင်းညိတ်ရင်းထောက်ခံသည်၊ ထိုအမျိုးသမီး ပြောပုံဆိုပုံကို ထောက်၍ ကျွန်တော်ခေါင်းကို မော့ကာစဉ်းစားမိသည်မှာ ဧကန္တ ဒီအမျိုးကမီးဟာ ခရစ်ယာန်ပဲ ဖြစ်ရမယ်ဟူ၍ပင်၊ သို့ရာတွင် ထိုအမျိုးသမီးဆက်၍ ပြောလိုက်သောစကားကြောင့် ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားသည်၊ "ကဲ သမီးလေး ဆိုလိုက်စမ်းပါအုံး၊ သမ္ဗုဒ္ဓေဂါထာကြီး၊ ခရီးသွားရင်း ရွတ်ရတယ်လေ" "ဟုတ်ကဲ့မေမေ ၊ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ ပဉ္စသတ... ......."ကျွန်တော် ခရစ်ယာန်မဖြစ်မီ ငယ်စဉ်က အလွတ်ရခဲ့သော သမ္ဗုဒ္ဓေဂါထာပါလား၊ ကလေးမကလေးက မပီကလာ ပီကလာဖြင့် အဆုံးထိရွတ်ပြသော ထိုဂါထာကို ကျွန်တော်လည်း စိတ်ထဲမှ ရောယောင်ရေရွတ်မိရာမှ မျက်စိမှိတ်၍ ဘုရားရှင်ထံ ဆုတောင်းမိသည်၊ ထာဝရဘုရား၏ မေတ္တာတော်ကို လူတို့အား အပြုအမူ အနေအထိုင်အားဖြင့် ပုံသက်သေပြရမည့် ကျွန်တော်သည် အမူမဲ့ အမှတ်မဲ့နေခြင်း၊ အကူအညီလိုအပ်နေသူကို အကူအညီမပေးမိဘဲ မသိချင်ယောင်ဆောင်နေခြင်းစသည့် အပြစ်များကို ခွင့်လွှတ်ရန်နှင့် နောက်နောင်တွင် ကိုယ်တော်၏ အလင်းတော်ထွန်းတောက်နိုင်ရန် အမြဲလမ်းပြသွန်သင်တော်မူပါဟူ၍တည်း၊ ကျောင်းလမ်းမှတ်တိုင်မှ ကျောင်းဘက်သို့ လျှောက်လာရင်း ကျွန်တော်သိခဲ့ရသည့် အဖြေတစ်ခုကား ယနေ့ အသင်းတော်များ၏ ဧဝံဂေလိဆယ်စုနှစ်ခြေလှမ်းတွင် ကျွန်တော်ကဲ့သို့သော ခြေလှမ်းမျိုးသည် ရှေ့သို့ မသွားဘဲ ချိန်မှတ်နေသည့် ခြေလှမ်းမျိုးပင် ဖြစ်ပေလိမ့်မည်၊

**စိုးကို (တတိယနှစ်)**




# ချစ်ခြင်းဖော်ဒြအမှုန်တရား

ညီညီငယ်

## နေဝါထွန်း

**နိဒါန်း**

တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်းတို့ စိုးမိုးနေသည်။
ဆင်ဝင်အောက်ကို ရောက်တော့ ငြိမ်းချမ်းခြင်း၏ အရသာကို ခံစားရသည်။
အတွင်းသို့ လှမ်းဝင်လိုက်ချိန်တွင် အေးမြမှုနှင့်အတူ အရှေ့ဘက်ဆုံးဆီမှ ဓမ္မတေးစန္ဒယားသံကို ကြားရ၏။
ရင်ထဲတွင် ကြည်နူးသလိုလို ထပ်မံ ခံစားရပြန်သည်။
လူအချို့ ...သူတို့ ထိုင်နေကြသည့် ခုံတန်းတွင် ဒူးထောက်၍ ဆုတောင်းနေကြသည်။ ပလ္လင်ထက်ဆီမှ ခရစ်တော်၏ မျက်နှာတော်ကို ဖူးတွေ့နေရပြီ ဖြစ်သည်။
နီးရာခုံတွင် ဝင်၍ ဆုတောင်းလိုက်သည်။ ဟိုး....တစ်ချိန်က ဘုရားကျောင်းမတက်ဆုမတောင်းခဲ့သည်မှာ ကြာပြီ။
ခုတော့ ...မေလှိုင်နှင့် ပတ်သတ်၍ အပတ်စဉ် ဘုရားကျောင်း တက်ဖြစ်ခဲ့၏။

*** *** ***

(၁)

သူငယ်ချင်း နေမင်းအောင်၏ ကောင်းမှုကြောင့် ခရစ္စမတ်အစီအစဉ်သို့ ရောက်ဖြစ်သည်။ ဘုရားကျောင်းဝင်းထဲတွင် ကလေးငယ်တစ်စု ပူဖောင်းများဖြင့် ပြေးလွှားဆော့ကစားနေကြသည်။

နေမင်းအောင်က ကိုယ့်အတွက် အုန်းနို့ခေါက်ဆွဲ တစ်ပန်းကန်ယူခဲ့ပေးသည်။ သူနှင့်အတူ အမျိုးသမီးနှစ်ယောက်လည်း ပါလာသည်။ သီဂီနှင့် မိုးမေလှိုင်တို့ ဖြစ်ကြောင်း နေမင်းအောင်က မိတ်ဆက်ပေးသည်။ ဖော်ရွေတတ်သော အမျိုးသမီးကလေးများဖြစ်ကြောင်း အသိအမှတ်ပြုမိသည်။

ထိုစဉ်ကတည်းက မိုးမေလှိုင်ဆိုသည့် ကောင်မလေးကို သတိထားခဲ့မိသည်။ ပွင့်လင်း၍ ဖြူစင်သန့်ရှင်းသော အပြုံးများကို သူမ၏ မျက်နှာတွင် တွေ့သည်။ ကိုယ် ခရစ်ယာန်ဘာသာဝင် ဖြစ်ခဲ့သော်လည်း ဘုရားကျောင်း မတက်ဖြစ်သည်မှာ နှစ်အတန်ကြာခဲ့၏။

"ဘာတွေ စဉ်းစားနေတာလည်း... နောက်တစ်ပန်းကန် ထပ်ယူဦးလေ..."

"ဟာ...တော်ပြီ၊ တော်ပြီ... ကျွန်တော်ဝပြီ...ကျေးဇူးပါပဲ..."

မေလှိုင်က ကိုယ့်ဆီမှ ပန်းကန်ကို သိမ်းယူသွားသည်။ နေမင်းအောင်က ကိုယ့်အတွက် နို့အေးချောင်း ထပ်ယူလာခဲ့ပေးသည်။

"စားကွာ...ကိုဆွေ"

ကိုယ် နေမင်းအောင် လှမ်းပေးသော နို့အေးချောင်းကို ယူလိုက်သည်။ ထိုစဉ်.. မေလှိုင် အနားသို့ ရောက်လာပြီး...

"နေမင်း...ရယ်...နို့အေးချောင်းက ကုန်သွားပြီတဲ့ ..."

"နင် မရသေးဘူးလား..."

မေလှိုင်က နေမင်းအောင်ကို တစ်ချက်၊ ကိုယ့်ကို တစ်ချက်ကြည့်ရင်း...

"မရလိုက်ဘူးဟာ...ငါလည်း အလုပ်တွေရှုပ်နေတာနဲ့....နို့အေးချောင်းကို လွတ်သွားတယ်..."

ဒီတော့ ...ကိုယ်က

"မရသေးရင်..ကိုယ့်ဆီကယူလေ"

မေလှိုင်က အားနာနေဟန် ဖြစ်နေသဖြင့်...

"ယူပါ...အားမနာပါနဲ့...."

"ကိုဆွေက မစားဘူးလား..."

"ရတယ်... ကိုယ့်ဗိုက်ပြည့်နေပြီ.."

"ဒါဆို... တစ်ဝက်စီစားမယ်..."

"အကုန်စားပါ..."

"ဟင့်အင်း..တစ်ဝက်စီပဲစားမယ်."

ဟုဆိုသဖြင့် .. ကိုယ်က မေလှိုင့်ကို အရင်ပေးလိုက်သည်။ပြီးမှ.. ကိုယ်က ဆက်စားသည်။ ကိုယ့်ရင်ထဲ တစ်မျိုးခံစား လိုက်ရသည်။ အမျိုးအမည် မသိသော ခံစားမှုဝေဒနာပါ.. မေလှိုင်...။

*** *** ***

သက်ခြင်းကို တွေ့ရသည်။ ခရစ်တော်ရဲ့ မေတ္တာတွေ၊ နှစ်သိမ့်ခြင်းတွေ...လေ။

ကိုယ် ချစ်ခြင်းမေတ္တာရဲ့ အမှန်တရားကို တကယ်သိခဲ့ပြီ...မေလှိုင်။

ဒါ..မားယွင်းမှု ဘယ်တော့မှ မဖြစ်နိုင်ဘူး။

စစ်မှန်တဲ့ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာတွေဟာ ပူလောင်မှုတွေကို ဖုံးလွှမ်းသွားစေခဲ့ပါလား...။

မေလှိုင်...ပြောပြထားခဲ့ဖူးတဲ့ ခရစ်တော်ရဲ့ ဝမ်းမြောက်စရာ သတင်းကောင်းတွေကို မေလှိုင့် ကိုယ်စား ကိုယ်ကြိုးစားပြီး မသိသေးတဲ့ သိုးမည်းတွေကို ပြောပြတော့မယ်လို့ ကတိပေးလိုက်ပါတယ် မေလှိုင်..ရယ်။

***     ***     ***

နီဂုံး

မိုးအနည်းငယ် ရွာပြီးစ ဖုန်မှုန့်ကင်းစင်သော သချိုင်းမြေမှ ပြန်ထွက်လာစဉ် ခြေလှမ်းတို့ ပေါ့ပါးတက်ကြွနေသည်။


အာရုံထဲ ဝင်လာသော အသိတစ်ခုမှာ ဘုရားသခင်သည် သူ့သိုးသူငယ်တွေကို ဘယ်တော့မှ မပစ်ပယ်ထားဘူးဆိုတဲ့ ခိုင်မာလေးနက်သော၊ ယုံကြည်ခြင်း အသိတရားသာ ဖြစ်ပါလေတော့သည်။

နေဝါထွန်း

***     ***     ***





# ဇရာအို၏ဆန္ဒ

ကိုမျိုး



# ဇရာအို၏ဆန္ဒ

ကိုမျိုး

မျက်စိက တဖြည်းဖြည်း မှုန်လာပြီလေ၊ ပုံသဏ္ဍာန်တွေကိုလည်း သဲသဲကွဲကွဲ မမြင်ရတော့ဘူး၊ ဘယ်သူ ဘယ်ဝါလည်းဆိုတာ သိချင်ရင် အနီးကပ်ပြီးတော့ ကြည့်ရတယ်၊ မြေး နှစ်ယောက်ကလည်း ဘယ်ဟာအကြီး၊ ဘယ် ဟာအငယ်ဆိုတာ မခွဲခြားနိုင်တော့ဘူး၊ တစ်ခါတစ်လေမြေးအကြီး "ကိုအောင်" ထင်ပြီး အငယ်ကောင်ကို စကားတွေ ပြောနေမိရင် သူက ရယ်သေးတယ်။ အသက်ကြီးလာရင်ဘယ်ဟာမှ မကောင်းတော့ပါဘူးအေ။ တစ်ခါတစ်လေ "ဘုရား သခင်ကျွန်မကို မြန်မြန်ခေါ်ပါတော့လို့" တောင်ဆုတောင်းမိသေး၊ တောင်းကောင်း မတောင်းကောင်းလားတော့ မသိဘူး။ ဟုတ်တယ်–စိတ်ညစ်လာတော့လည်း အဲဒီလို တောင်းမိတာပေါ့အေ၊ ငါ့အဖြစ်သာ ညည်းတို့ကြုံရရင် ငါ့လိုပဲ နေမှာပေါ့။ ဒီကြားထဲ နားကလည်း ကောင်းကောင်းမကြားဘူး၊ စစ်ဖြစ်တုန်းက ပြေးလွှားရင်း အနားမှာ ဗုံးကွဲတာပေါ့။ အဲဒီကတည်းက နားကောင်းကောင်းမကြားတာ၊ သူများတွေ စကားပြောရင် ပါးစပ်လှုပ်တာကို ကြည့်ရတယ်၊ အဲတော့မှ "ဩော်–သူဒါပြောတာကို"လို့ သိတယ်။

ပြီးတော့ ကြည့်ပါအုံး အေ၊ အိမ်မှာ မနက် (၈) နာရီထိုးတာနဲ့ အသီးသီး သူ့အလုပ်နဲ့သူ ထွက်သွားလိုက်တာ၊ ညနေမိုးချုပ်မှပဲ ပြန်လာကြတော့တယ်။ ဒီတော့ အိမ်မှာ ငါတစ်ယောက်ထဲပဲ ကျန်ရစ်တော့တာပေါ့၊ မနေနိုင်တဲ့လူ ဆိုတော့လည်း အိမ်ရဲ့ ဝေယျာဝစ္စလေးတွေ လုပ်ရသေးတယ်၊ လုပ်ပြီးတော့လည်း မောတာပေါ့အေ၊ အသက်ကြီးတော့နည်းနည်းလေး လှုပ်ရှားလိုက်တာနဲ့ မောလာတာပဲ၊ အဲဒီကျရင် သူတို့တစ်တွေက ဝိုင်းပြီး ဆူကြပြီလေ၊ "မလုပ်ပါနဲ့လို့ ပြောတာလဲ မရဘူး" "အသက်ကြီးရင် ကိုယ့်ဟာကိုယ် အေးအေးနေရောပေါ့"တို့ အို စုံလို့ပါပဲ။ သူတို့က မသိကြဘူးအေ့၊ ငါ့မှာ ဒီအလုပ်တွေမှ မလုပ်ရရင် ဘာလုပ်နေရမှာလည်း၊ အရင်တုန်းကတော့ ဝတ္ထုစာအုပ်တွေဖတ်၊ မဂ္ဂဇင်းတွေ ဖတ်ရင်းနဲ့ ပူပင်သောကတွေကို အာရုံပြောင်းလို့ ရသေးတယ်။ အခုတော့ စိတ်ညစ်လာလို့ ကျမ်းစာလေးနဲ့ ခွန်အားယူမယ်ဆိုရင်တောင် မနည်းပြူးပြဲပြီး ကျမ်းစာကို ဖတ်ရတယ်။ ဘယ်ကြာကြာ ဖတ်နိုင်မှာလည်းအေ၊ အိပ်ရာထဲမှာလည်း လူမမာကြီးလို လှဲမနေချင်ပါဘူး။

အပူအပင်ကတော့ ရှိတာပေါ့၊ မြေးထဲ


က အကြီးမနဲ့ အငယ်မက အိမ်ထောင်ကျပြီးပြီ။ အကြီးကမွေးတဲ့ ကလေးနှစ်ယောက် အငယ်ကမွေးတဲ့ ကလေးနှစ်ယောက်နှင့် မြစ်၄ယောက် ရှိနေပြီ၊ သူတို့လေးတွေအတွက် ပူပင်ရတာပေါ့အေ။ ညည်းကပြန်ချင်ပြီလား၊ ဩော်–ဒါဆိုလည်း ဖြည်းဖြည်းပေါ့။ ခဏနေဦး ငါလက်ဖက်ကလေး သုတ်လိုက်ဦးမယ်။ အားမနာပါနဲ့အေ။ ငါကလည်း ကိုယ်တိုင်လုပ်ပေးရမှ ကျေနပ်တယ်။ ခဏထိုင်ဦး ငါ့မှာက အဲ့ဒီလို စကားပြောဖော်မရှိဘူးအေ့။ အမလေး–အိမ်မှာ လူတွေကသာများတာပါ။ ငါနဲ့ ဘယ်သူမှ စကားမပြောချင်ကြဘူး၊ တစ်ခုခုများ သိချင်လို့ မေးစမ်းကြည့်ရင် နားလည်အောင် မပြောကြဘူး၊ လက်ခါပြတာက များတယ်၊ အဲဒီကျရင် ဝမ်းနည်းတာပေါ့။ ငါဟာ အသုံးမကျတဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ ဘယ်သူမှ ငါ့ကို အဖက်မလုပ်ချင်ကြတော့ဘူး ဆိုပြီး ငိုမိတော့တာပဲ။ ပြီးတော့ ငါ့မှာက ပိုက်ဆံမရှိဘူးလေ။ တစ်လတစ်လ ပင်စင်လေး ၁၅၀/–ပဲ ဝင်ငွေရှိတော့တာ မဟုတ်လား၊ ဘယ်သူ့ကိုမှ အမွေပေးဖို့လည်း မရှိတော့ဘူး၊ အရင်တုန်းကတော့အေ– ဘာပြောကောင်းမှာလည်း၊ တစ်လကို ရွှေဒင်္ဂါးတစ်ပြား စုနိုင်တယ်–ဒီအပြင် အစားအသောက်ကလည်း အလျှံပယ်၊ လုံချည်ဆိုရင် တစ်ရေလျှော်ပြီးရင် မဝတ်တော့ဘူး၊ သူများကို ပေးပစ်လိုက်တယ်၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲနဲ့ နေလာခဲ့တာပဲ၊ အိမ်မှာလည်း အမျိုးတွေကို ခေါ်တင်ကျွေးထားသေးတယ်။

အခုတော့အေ–ဘယ်ဆွေမျိုးကမှ မခေါ်ချင်တော့ဘူး ထင်ပါတယ်။ အိမ်ကိုတောင် ဘယ်သူ အလယ်လာလို့လဲ။ ဟင်–ညည်းပြောတာ ငါကောင်းကောင်းနားမလည်ဘူး။ စာနဲ့ရေးပြ၊ ရော့ ဒီမှာ စာအုပ်နဲ့ခဲတံ "ဘွားဘွားကို အားလုံးက ချစ်ကြပါတယ်"ဟုတ်လား။ အမလေး–မဟုတ်ပါဘူးအေ–ချစ်ရင်လား ဒီလိုနေကြ၊ ပြောကြ၊ ဆက်ဆံကြမှာ။

မြေးကြီး "ကိုအောင်"လား၊ သူအခု ကျမ်းစာကျောင်းမှာပေါ့၊ တတိယနှစ်ရောက်နေပြီလေ၊ သူကျောင်းပြီးလို့ သင်းအုပ်ဆရာဖြစ်တာလည်း မြင်ချင်သေးတယ်၊ ဒါကြောင့်ငါ့မှာ တစ်ခါတစ်လေ၊ ဘုရားသခင်ခေါ်ပါတော့လို့ ဆုတောင်းမိပေမယ့် တကယ်တော့ မသေချင်သေးပါဘူးအေ၊ မြေးငယ် "ကိုရဲ"လည်း ဆယ်တန်းမအောင်သေးဘူး၊ သူဆယ်တန်းအောင်ပြီး အလုပ်အကိုင်လေးဘာလေးနဲ့ ဖြစ်သွားတာမျိုး မြင်ချင်သေးတယ်။ ပြီးတော့ သူအိမ်ထောင်ကျပြီး မြေးကမွေးတဲ့မြစ် ချီချင်သေးတယ်အေ၊ ငါကလည်း မကောင်းပါဘူးအေ၊ မြစ်လေးယောက် ရှိတာက ရှိတာပဲ၊ထပ်လိုချင်သေးတာကတော့အေ၊ ဘယ်ပြောမလဲ၊ လိုချင်တာပဲပေါ့။

ဟုတ်တယ်၊ ငါ့မှာက အပူအပင်တွေ အများကြီးပဲ၊ ညညဆိုလည်း ဟိုလူ့အကြောင်းတွေ ဒီလူ့အကြောင်းတွေနဲ့ အိပ်လို့လဲ မရပါဘူး၊ ကျမ်းစာလဲ ဖတ်ပါတယ်။ ဆုလဲတောင်းပါတယ်။ ဒါပေမယ့် တွေးတောပူပင်နေမိတာပါပဲ၊ ကျမ်းစာကလဲ မပူပင်ရဘူး၊ မစိုးရိမ်ရဘူးလို့ ဆိုထားပေမယ့် စိုးရိမ်နေမိတာ ပူပန်နေမိတာပဲ၊ ညည်းပဲ စဉ်းစားကြည့်လေ၊ အခုက စာကိုလည်း မဖတ်နိုင်တော့ဘူး၊ အိမ်အလုပ်တွေလဲ ကောင်းကောင်း မလုပ်နိုင်တော့ဘူးဆိုတော့ အချိန်အားတွေ ရနေတာပေါ့၊ အဲဒီအချိန်တွေမှာ တွေးတောပြီး အမြဲပူပင်နေတတ်တယ်၊ ပြီးတော့ အလုပ်ကလေး နည်းနည်းပါးပါး ကောက်လုပ်မိရင်လည်း သူတို့က မကြိုက်သေးဘူး လူများ–အသက်ကြီးလာရင်





မကောင်းတော့ပါဘူး။ ။ ပြီးတော့ သူတို့အပြင်က ပြန်လာရင် ငါကထမင်းကို ခူးခပ်ပြီး ကျွေးချင်တယ်၊ အဲဒီကျ–သူတို့က မကြိုက်ပြန်ဘူး၊ အေးပါ–ငါမောမှာစိုးလို့ ဆိုတာတော့ ဟုတ်ပါတယ်။ ပြီးတော့ ရှိသေးတယ်။ စနေ၊ တနင်္ဂနွေ၊ အားရက်တွေမှာဆို အပြင်ထွက်လည်ကြပြီး ဘုရားကျောင်းသွားကြပြန်ပြီ၊ ငါက သူတို့မျက်နှာလေးတွေ မြင်နေ၊ တွေ့နေချင်တာ၊ သူတို့က–အိမ်ကို မကပ်ပြန်ဘူး၊ ညဆိုရင်လည်း ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှ ပြန်လာကြ၊ ငါက အိမ်ကနေ စိတ်ပူနေရတယ်။ သူတို့ကတော့ ဒါတွေကို နားမလည်ကြပါဘူး။ ငါကသာ သူတို့ကို ချစ်နေရတာ၊ ငါ့ကျတော့ ငါ့ကို မချစ်ရှိတယ်လို့တောင် မထင်ကြဘူး၊ ငါ့ကို မချစ်ကြပါဘူးအေ၊ဒါတွေတွေးမိတိုင်း အိပ်လို့မရဘူး။ ဝမ်းနည်း ပြီး ငိုမိတာပါပဲအေ။

ဘုရားကျောင်းလား၊ သွားတာပေါ့အေ၊ တစ်လတစ်ခါ ပွဲတော်ကိုတော့ မှန်မှန်ယူတယ်၊ အဲဒီနေ့ကျရင် ဘုရားကျောင်းအပြီး မြို့ထဲကို လှည့်ပတ်ပြီး မိတ်ဆွေတွေ၊ တပည့်တွေအိမ်မှာ တစ်နေကုန်တာပဲ။ လမ်းတော့ ဘယ်လျှောက်နိုင်ပါ့မလဲ၊ ဆိုက်ကားနဲ့ သွားရတာပေါ့၊ ငါ့မောင် သင်းအုပ်ဆရာကလဲ ကောင်းကောင်း မကျန်းမာတော့ဘူးလေ၊သူလည်း ၇၀ကျော်ပြီဆိုတော့၊ ဘယ်ကောင်းကောင်း ကျန်းမာနိုင်တော့မှာလည်း၊ အခုလက်ထောက် သင်းအုပ်ဆရာလေး ရှိနေတော့ တော်သေးတာပေါ့။

ဘုရားကျေးဇူးပဲအေ–ဘယ်လိုလဲဆိုတော့၊ ငါ့မောင်အရင်းနော်၊ သင်းအုပ်ဆရာက ပြီးတော့ ငါ့အစ်မကြီးက ဓမ္မဆရာမကြီး၊ သူ့ယောကျ်ားကလည်း 'သင်းအုပ်ဆရာ၊ ပြီးတော့ ငါ့သားမက်ရဲ့ဦးလေးနဲ့ အစ်ကိုကလည်း သင်းအုပ်တွေပဲ၊ ပြီးတော့ ရှိသေးတယ် ငါ့မြေးအငယ်မရဲ့ ယောကျ်ားကလဲ သင်းအုပ်ဆရာပဲအေ့၊ ငါ့မြေးအကြီးကတော့ ကျမ်းစာကျောင်း မပြီးသေးဘူးပေါ့၊ ဒါတွေဟာ ဘုရားရှင်ရဲ့ ကျေးဇူးတွေပဲ၊ ဒါပေမယ့်အေ၊ သူတို့တွေကတော့ ငါ့အနားမှာ မရှိကြပါဘူး၊ အစ်မတို့ လင်မယားလည်း ဆုံးသွားပြီ၊ ငါ့မောင်ကလည်း ဆေးရုံမှာ ဆေးကုနေရတယ်၊ ငါ့မြေးကြီးကလည်း တစ်နှစ်မှတစ်ခါ ပြန်လာတယ်။ ကျောင်းပြီးရင် ဘယ်မှာ တာဝန်ကျမလဲ မသိသေးဘူး၊ မြေးအငယ်မရဲ့ ခင်ပွန်းကတော့ သူ့နယ်မှာပဲ ရှိတာပေါ့၊ ဩော်–ညည်းပြန်တော့မလား၊ အလုပ်ရှိသေးတယ် ဟုတ်လား၊ အေးဟေ–ငါကလဲ သူများအားမှန်းမသိ မအားမှန်းမသိ၊ စကားတွေပြောနေလိုက်တာ။

ဩော် ဒါနဲ့ ညည်းသင်းအုပ်ဆရာလေးနဲ့ တွေ့ဦးမှာလား၊ အိမ်ကို လာလည်စေချင်လိုက်တာအေ၊ ဘုရားကျောင်းမှာဆို သူနဲ့ စကားကို မပြောရဘူး၊ တစ်ခြားသူတွေကိုလည်း သူက စကားပြောရနေတာပဲ၊

သူလည်း အလုပ်ရှုပ်နေမှာပေါ့၊ ပြီးတော့ သူကငါ့ကို ဂရုစိုက်ချင်မှ စိုက်မှာပါ၊ ငါက ဆင်းရဲနေပြီကိုး၊အမယ် ဘာမဟုတ်နိုင် ပါဘူးလည်း၊ ညည်းက သူ့ဘက်လိုက်နေ ပြန်ပါပြီ၊ ငါလည်း သူ့ရဲ့အသင်းသူ တစ်ဦးပါအေ– အိမ်ကို တစ်ချက်ကလေးမှ လာဖော်မရတာတော့ ဝမ်းနည်းပါတယ်၊ လုံးဝမလာတော့တာတော့ မဟုတ်ဘူးပေါ့၊ တစ်ခါတစ်လေတော့ လာပါ တယ်၊ သူ့သူငယ်ချင်းနဲ့ စကားတွေပြောပြီး ပြန်သွားတာပဲ၊ ငါ့ကို စကားပြောစေချင်တာ ပေါ့၊ ဆုတောင်းပေးစေချင်တာပေါ့၊ ခုတော့ ငါ့ကို ရှိတယ်လို့တောင်မထင်ပေါင်၊ တော် ပါပြီအေ–သူ့ကိုတွေ့ရင်လဲ ဘာမှ မပြောပါနဲ့ တော့။ ။

*** *** *** ***

ကျွန်တော်အဘွားနှောင်းကို သိနေတာ ကြာပါပြီ၊ ကျွန်တော် ကျမ်းစာကျောင်း မ တက်ခင်ကတည်းက ဆိုပါတော့၊ ကျွန်တော် သင်းအုပ်ဆရာ ဖြစ်တော့လဲ အဘွားနှောင်း က ကျွန်တော့်အသင်းတော်မှာပင် တက်ပါ သည်။ ကျွန်တော်က သူ့ကို အဘွားဟုပင် တရင်းတနှီးခေါ်ပါသည်။ အဘွား၏မြေး ကိုအောင်နှင့် ကျွန်တော်သည် အလွန်ရင်းနှီး သော သူငယ်ချင်းများ ဖြစ်ကြသည်။ အရင် ကတည်းက အဘွားတို့အိမ်ကို အဝင်အထွက် ရှိခဲ့သည်။ ထိုအချိန်တုန်းကတော့ အဘွား နှင့် စကားတွေပြောဖြစ်ပါသည်။ အဘွား သည် သဘောကောင်းသည်၊ ရက်ရောသည်။ စေတနာအလွန်ရှိသည်။ သူ၏ သားသမီး မြေးမြစ်များ အပေါ်တွင်လည်း အလွန်စိုးရိမ် ပူပန်တတ်သည်။ ဒါသည်ပင် သူ၏ ချစ်ခြင်း တရား ဖြစ်ပေမည်။

အဘွားသည် ဆုတောင်းခြင်း ကျမ်းစာ ဖတ်ခြင်း၌ စိတ်အားထက်သန်သူ တစ် ယောက်ဖြစ်သော်လည်း သူ၏ စိုးရိမ်ပူပန် တတ်မှုကိုတော့ မဖျောက်ဖျက်နိုင်ပေ။

ကျွန်တော်ကျမ်းစာကျောင်း တက်နေ ချိန်နှင့် ကျောင်းပြီးသည့် နောက်ပိုင်း အဘွား တို့အိမ်သို့ အရောက်အပေါက်နည်းခဲ့သည်။ အသင်းတော်ကိစ္စ သင်တန်းကိစ္စတွေကို ဆရာတင်မော် (အဘွားမြေး အငယ်မ၏ ခင်ပွန်း) နှင့် ဆွေးနွေးဖို့ အဘွားအိမ်သို့ ရောက်တတ်ပါသည်။ ထိုအခါတွင်လည်း မိမိအာရုံနှင့် မိမိ အဘွားကို စကားမပြော ဖြစ်ပေ။ ဘုရားကျောင်းသို့ တစ်လတစ်ခါ အဘွား ပွဲတော်လာယူပါသည်။ တရားဟော စင်မှနေ၍ အဘွားအတွက် ကျွန်တော် တရားဟောပေးပါသည်။ အဘွားမကြားပါ၊ သို့သော် အဘွား နားစိုက်ထောင်ပါသည်။ ဘုရားကျောင်းပြီး၍ အခြားသူများနှင့် စကား ပြောနေချိန်တွင် အဘွား ကျွန်တော်ကို လှမ်း ကြည့်နေတတ်ပါသည်။ ကျွန်တော် စကား လက်စသတ်ပြီးချိန်တွင် အဘွားမရှိတော့ပေ၊ ကျွန်တော့်ကို မစောင့်နိုင်တော့၍ စိတ်မရှည် သဖြင့် ပြန်သွားသည်လား၊ အားငယ်စွာဖြင့် ပြန်သွားသည်လား ကျွန်တော်၊မပြော တတ် ပေ။

ကျွန်တော်သည် အဘွားအတွက် သိပ် ပြီး အရေးပါအရာရောက်သူတစ်ဦး မဟုတ် ဟု ကျွန်တော်ထင်ပါသည်။ အဘွားတွင် အမှုတော်ဆောင် မိသားစုအသိုင်းအဝိုင်း အား ကောင်းနေခဲ့သည်ကိုး။ သို့သော်လည်း ကျွန် တော်ထင်မှတ်သလို မဟုတ်ပေ။ အဘွား ကျွန်တော့်ကို မျှော်လင့်ပါသည်။ ကျွန်တော့် ကို တမ်းတပါသည်။ အဘွား၏ နောက်ဆုံး ပိုင်း အချိန်၌ ရေရွတ်သွားသော သူများ၏ အမည်စာရင်းတွင် ကျွန်တော်ပါဝင်ခဲ့ကြောင်း နောင်မှပင် သိရပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ယူကျုံးမရ ဖြစ်မိပါသည်။ အဘွား၏ ဈာပနအခမ်းအနားကို ကျွန်တော် ကိုယ်တိုင်ပင် ဦးဆောင်ပါသည်။ ကျွန်တော် ကိုယ်တိုင်ပင် မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ ဒါ သည်ပင် အဘွားအတွက် ကျွန်တော်၏ အမှား၊ မလုပ်ဆောင်ပေးခဲ့ရသော အရာများ ကို အစားထိုးပေးခြင်းတစ်ခု၊ ပေးဆပ်ခြင်း တစ်ခု ဖြစ်ပေမည်။

အဘွားသည် အပြစ်တင်တတ်သူတစ်ဦး မဟုတ်ပါ။ သို့သော် အဘွား၏ ဆန္ဒကို မ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းအတွက် အဘွားနား လည်ခွင့်လွှတ်နိုင်မည်ဟု ကျွန်တော်ယုံကြည် ပါသည်။ အဘွားမရှိတော့သော်လည်း၊ အဘွား၏ မေတ္တာတရားများ ကျန်ရစ်ခဲ့ပါ သည်။ အဘွားနှုတ်မှ ဖွင့်ဟမပြောသော် လည်း အဘွား၏ ဆုံးမသွန်သင်မှုများ ကျန် ရစ်ခဲ့ပါသည်။ ထိုအရာများအတွက် ကျွန် တော်ဆက်လက် ပေးဆပ်သွားရဦးမည် ဖြစ် ပါသည်။ အဘွား၏ ဝိညာဉ်သည် ဘုရား သခင်ထံတော်၌ ငြိမ်သက်စွာ နားနေခွင့် ရှိပါ စေသော်(ဝ်)။ ။

အသင်းတော်ရှိ အသက်အရွယ်ကြီးရင့်သူများ အား၊ ထာဝစဉ် ဂါရဝပြုလျက်----

ကိုမျိုး




အလှဆုံး

အကောင်းဆုံး

အမြန်ဆုံး

ရှေ့သွားတွေ ဘယ်လိုကျဲကျဲ၊ ဘယ်လို ကျိုးကျိုး၊ ဘယ်လို စောင်းစောင်း၊ အလှဆုံးဖြစ် သွားအောင်၊ အကောင်းဆုံး နည်းသစ်တွေနဲ့ ၁၅-မိနစ် အတွင်း အမြန်ဆုံး ပြင်ပေး လိုက်မယ် .......

လှည်းတန်းလမ်းမ၊ ကမာရွတ် မီးပွိုင့်အနီးမှာရှိတဲ့ "အေးငြိမ်းသာ" အထူးကုဆေးခန်းသို့သာ လာခဲ့ပါ။

နံနက် ၁၀ နာရီမှ ၁၂နာရီ

ညနေ ၅ နာရီမှ ၇နာရီ

ဖုံး - ၃၄၅၆၂

အေးငြိမ်းသာအထူးကုဆေးခန်း အမှတ်(၂၁)၊ လှည်းတန်းလမ်းမ ကမာရွတ်၊ ရန်ကုန်မြို့။

# RT. REV. J. WILME

# JUDGEMENT



RT. REV. J. WILME

JUDGEMENT

Matthew T:1-5

Who do you think you are, to judge your fallow-man? (James 4:12)

Our Lord opens His consideration of the great question of our walking in this world under the senses of judgement in terms of the particular matter of judging one another. Our Lord says, "Do not judge others, and God will not judge you." What exactly does our Lord mean when He says, "Don't judge." The way to answer the question is not to seek a dictionary.

It deals with a kind of spirit which manifests itself in certain ways. It is a self-righteouness spirit. It is always a manifestation of self-righteouness, a feeling of superiority, and a feeling that I am all right while others are not. It leads to censorlousness, a spirit that is always ready to express itself in a derogatory manner. And then, accompanying that, there is the tendency to despise others, **to** regard others **with** contempt.

This **spirit is the** tendency **to** be hypercritical. **There** is the differen**ce between** being critical **and** being hypercritical. In fact, true critical is an excellent thing. It is constructive. It is appreciation. Hypercritical means that delight in critical for its own sake and enjoy it.

The thing to remember is that we all are being judge by God. God is the judge. In fact, we have no right to pronounce any judgement without being aware of facts, without going to the trouble of becoming acquainted with them. **We should** search for **all the facts** and then **judge**. The spirit of Judgement is never takes the trouble to understand the circumstances. It is never to excuse. It is never ready to excercise mercy.

The one who has a charitable spirit possesses discrimination and is ready to excercise it. He/She is prepared to listen and to see is there is an explanation. But the one who has the spirit of judgement says, "No I required nothing further." Therefore, he rejects any explanation,

and does not listen to argument or reason.

You remember how, when our Lord sent messengers into the village of samaritans to make ready for his arrival and they would not receive them, that James and John hearing this said, "Lord, will you that we command fire to come down from heaven and consume them? That it is, they wanted to destroy those samaritans. But our Lord turn and rebuked them and said, You know not what manner of spirit you are of. For the son of man is not come to destroy men's lives but to save them.

James and John were guilty of forming and passing a final judgement on those people and proposing to destroy them. Like these two brothers, there were times that we have condemend ourselves by judging others. In Galation 5:5, " it says, every man shall bear his own burden. Bear you one another's burdens, and so fulfill the law of Christ. But also every men shall bear his own burden. Every one of us is responsible for our own life, our own conduct and behaviour.


If we judge, we shall be judged in terms of that very judgement. Jesus says, " With what judgement you judge, you shall be judged. We shall be very careful, how we express ourselves." If we sit as an authority in judgement upon others, we have no right to complain if we are judged by the very standard. Because it is quite fair, it is quite just.

We should read 1 Cor 13 everyday. Then examine ourselves, attituded towards other people, and face the truth about ourselves. Take the statement we make about other person, sit down and analyse them, and ask ourselves what we really mean. It is very painful and distressing process. But if we examine ourselves and our judgement honestly and truly, we are on the high road to getting the beam out of our eyes. Then having done that we shall be so humbled that we shall be quite free from the spirit of hypercritical.

When we have truly seen ourselves we never judge anybody else in the wroung way. All our time up in condemning ourselves, in washing our hands and trying to purify ourselves. It humble us. We feel like weeping. We are full of sympathy and compassion. Then instead of judging other we really do want to help other. We pocess, the spirit of love, charitable, compassion, mercy will instead of passing the spirit of judgement.

**Rev. John Wilme**
**Principal.**





# THE PRESENT NEED OF OUR CHURCH.

**.REGINALD**

ဦ ဦ ငယ်

**.REGINALD**

## THE PRESENT NEED OF OUR CHURCH

In our present **day**, Christian Education is most **essential** for our existance. **Without which** Christianity and especially **our** Church could become extinct. In bygone days when people were content to live simple lives Christian Education was not a difficult task because people simply believed in God and in the teachings of the Bible. However, with all the wonderful advances in scientific technology, people are inclined to turn away from God and the Bible. They no longer believe that the earth was created by God and they don't accept the Religious teachings. Other religions are **also** becoming more popular and **more** active in many parts of the **world**, so we can not sit back with **folded** arms and look on helplessly. **We** must make greater effort **to obey** the commands of God; **Go out** into the world ............... ( Matt 28: 18-20 ).

Christian Education is **not** only for children, it is also important for adults and even the clergy. As the saying goes; "it is never too late to learn or we are never too old to learn". We call ourselves Christians yet there are many who don't know the meaning of this world. In my experience I have come across many youth who have never possessed or read the Bible. Once I was asked by a yaung Anglican, " What is the **meaning of** Easter? " Religious **Education is** needed here.

**Religious** Educators too should **use scientific** technology and other **modern** appliances in their teaching. It is important to understand that although there have been many secular changes, the truth in the Bible and the commandments of God cannot be changed.

The best way to do this is to start at the very base. i.e.; with the



shall bear his own

young children so that they will grow up to be strong Christians. The children of today will be the future leaders of the Church. Nowadays modern buildings are being constructed with up-to-date techniques to safeguard them from natural disasters, such as earthquake, stroms or floods. They are using special shock proof padding in the foundation to prevent the buildings from collapsing. However, they cannot insert this padding in the old buildings because they will surely fall to pieces.

Similary, Christians need some shock proof padding, i.e.; spiritual strength to safeguard us against saton and his evil works. Only if we are spiritually strong will be able to resist any kind of temptation. How will our Church leaders respond if we try to introduce new methods?

By :
REGINALD
B.Th. Final
HOLY CROSS COLLEGE.




အနုပညာရှင်၊ ဝန်ထမ်း၊ အလှူခံ့ အားကိုးရာ

**အဆင့်မြင့် ထိုင်း ဘာသာ**

အရေး အဖတ် အပြော နှစ်လအတွင်း အမြန်ဆုံး
လွယ်ကူတတ်မြောက်အောင် လေ့ကျင့်သင်ပေးပါသည်။

ဆရာဒေါက်ကလပ်(စ်) ၂၀၉/၂၈ လမ်း၊ ရန်ကုန်မြို့။

☎ ၈၉၀၁၈






# စာစောင်ဆိုသည်မှာ...

ဒေါ်ခင်ခင်မြင့်

လူသိများသော စာစောင်ဆိုသည်မှာ ဝေါဟာရအတိုင်းမှာ မူ(၁)နေ့လနှစ်ကန့်သတ်ပြီး ထုတ်လွှင့်သော အရေးအသား။ (၂)ပုဂ္ဂလိက တစ်ဦးနှစ်ဦးစသော စာရေးဆရာများ ပါဝင်ရေးသားသော အရေးအသား။ (၃)ဘာသာသာသနာရေးနှင့် စပ်လျဉ်း၍ ရေးသားချက်များ။ (၄)ပထဝီစသောသင်ခန်းစာပါအချက်များ၊ စက်မှု လက်မှု နိုင်ငံရေးစသည့်တစ်မျိုးစီ အဓိကထား၍ ရေးသားချက်များအပြင်။ (၅)စိတ်ကူးယဉ်ပြီး ပဒေသ အချက်ကြီးများကို စိတ်ပါဝင်စားဖွယ်၊ သင်ခန်းစာရဖွယ်၊ ဗဟုသုတရဖွယ်၊ ဆောင်းပါး၊ အကြောင်းပြုလျက် ပုံတိုပတ်စ၊ ဝတ္ထု၊ ပုံပြင်စသည် ပါဝင်ရေးသားခြင်း စသည်ဖြင့် အမျိုးမျိုး ရှိပါသေးသည်။ သန့်ရှင်းသောကားတိုင်ဘော်ကျမ်းစာကျောင်း၊ ရန်ကုန်မြို့မှ ထုတ်ဝေမည့် စာတစ်စောင်ထား တစ်မျိုးတစ်ဖုံအားဖြင့် ဖတ်ရှုသူတို့တွေ့ရှိရမည်မှာ ဆန်းထူးခြားနေမည်မှာ ဧကန်ပင်။

အကြောင်းသော်ကား အမှန်ကိုသတ္တုချ၍ ကြည့်ပါလျှင် ရရှိမည့် အချက်အချို့ တို့ကို ဖော်ပြလိုပါသည်။ ပထမအချက်ထား၍ကျမ်းစာကျောင်း၏ပဝေသဏီအတ္ထုပ္ပတ္တိကို စဉ်းစားလျှင် အသင်းတော်၏ ခေါင်းဆောင် ဖြစ်လာကြမည့် ဘုန်းတော်ကြီး (သိက္ခာတော်ရ)များကို မွေးဖွားပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်ထားခြင်းဖြစ်ပါသည်။ နိုင်ငံခြားသား ဘုန်းတော်

ကြီးများ ဦးစီးလျက် ဆောင်ရွက်ခဲ့ကြသည်ကို ကျေးဇူးတင်စရာ ကောင်းလှပါ၏။ နိုင်ငံသား ဆို၍ ဆရာတော်ဦး(မောင်ဖေ) (နေ့ခင်းအခါ စစ်တွေသာသနာပိုင်) သာပါဝင်ခဲ့၍ သွန်သင် ပေးခဲ့သည်။ ပြီးမှဆရာတော်ဦးစံထူးနှင့်သာသနာပိုင် ဆရာတော် ဦးစံစိဒွေး၊ယခုအခါ၌အား နိုင်ငံခြားမှ သာသနာ့အဖွဲ့ရ ဘုန်းတော်ကြီး ဦးစီးလိမိတို့ ဦးဆောင်ကြပါ၏။ ပထမ ဘုန်းတော်ကြီး လေးခင်းများကို အုတ်မြစ်ချပေးရာမှ ယခုအခါ၌မူကား များမြောင်သော သင်ခန်းစာများ ပါဝင်လှတော့သည်။ ယခင်အချိန်က နိုင်ငံခြားသူတစ်ဦးသာလျှင် ဆရာမဟူ၍ဖြစ်ခဲ့ပြီး သင်ခန်းစာပို့ချခဲ့ရာမှ နေ့ခင်းတွင်ပညာတတ် တိုင်းရင်းအမျိုးသမီး တစ်ဦးကပင်လျှင် ဆက်လက်၍ 'ယုံကြည်ချက်သင်ကြားခြင်း' သင်ခန်းစာကိုပို့ချခဲ့ရာထိုဥပုသ်စာပြုသင်တန်းသင်ခန်းစာ၊ စာအုပ်များကိုပင် ပုံနှိပ်ပြီးထုတ်ဝေ နိုင်ခဲ့ပါသည်။

ဤမေ့ စာသင်ကျောင်းကြီးသည် အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ သီရိလင်္ကာနိုင်ငံများ၏ သာသနာပိုင်ချုပ် တစ်ဦးတည်း ဦးဆောင်နေသည့် ကာလမှ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား သာသနာပိုင် တစ်ဦးသာရှိခဲ့ပါသေးသည်။ သာသနာပိုင် ဦးအာမြတစ်ပါးမှစ၍ သာသနာ့ပိုင်ချုပ်ဦးအာမြ ခေါင်းဆောင်ပြီး၊ မြန်မာနိုင်ငံတွင်ယခုအခါသာသနာပိုင်များ၏နယ်(၆)နယ်မျှပြန့်ကျယ်အောင်ကဲ့သို့သန့်ရှင်းသောတားတိုင်ကျမ်းစာကျောင်းတော်၏ သင်ခန်းစာများနှင့်တကွ လုပ်နည်း၊ လုပ်ရပ်၊ အခွင့်အရေးများထဲတွင် (က)လူငယ်များ၊ (ခ)ယောကျ်ားများ၊ (ဂ)မိခင်များ၊ (ဃ)လူပုဂ္ဂိုလ်၊ အမျိုးသား၊ အမျိုးသမီးများ၊(င)အသင်းတော် များအသုံး ပြုလျက် ရှိသော သင်တန်း အမျိုးမျိုးများ အတွက်ပါ မကျန် သင်ခန်းစာများ ချပေးရတော့သည်။ ဤသို့ သာသနာပိုင် နယ်များ ကျယ်ဝန်းခြင်း၊ ခရစ်ယာန် ဦးရေများပြားခြင်း သမိုင်းဝင် ကိစ္စတို့ကြောင့် ဓမ္မစာသင်ကျောင်းကြီး လည်းပို၍တာဝန်ယူလာရသည်မှာ ဓမ္မတာပင်တည်း။

သို့ဖြစ်ပါ၍ကျမ်းစာကျောင်း၏'စာစောင်' သည် ကျယ်ပြန့်စွာ ပါဝင်သော အကြောင်းအချက်များ၊သင်ခန်းစာများ 'ပြွမ်း'၍နေမည်မှာ မုချပင်ဖြစ်ပါသည်။ မိမိ၏နိုင်ငံရှိသာသနာ့ဘာသာရေးများသာမက၊ နိုင်ငံခြားသာသနာပိုင်ချုပ်နယ်များ၊ သာသနာ့ပိုင်နယ်များတို့၏ အကြောင်းသိကောင်းစရာ၊ သတင်း၊ ဆောင်းပါး၊ ယောကျ်ား၊ လူငယ်၊အမျိုးသမီးစသော အသင်းအပင်း၊ အဖွဲ့အစည်းများ ဆိုင်ရာတို့နှင့်တကွ အခြားသော ခရစ်ယာန်ဂိုဏ်းဂဏတို့၏ သိသင့်ရာကိစ္စရပ် အမျိုးမျိုးပါမကျန် ဓမ္မာ့ ခရစ်ယာန်အခြေအနေများကိုပါ သုံးသပ်ဖော်ပြနိုင်ရကား ဤစာစောင်ကို 'ဗဟုသုတ စာစောင်'ဟူ၍ အမည်နာမ တပ်နိုင်အောင်ပင် ထွေပြား၍ ဂုဏ်ယူစရာဖြစ်ပေသည်ဟု ခန့်မှန်းလျက်ရေးသား ဖော်ပြကာဖြင့် စာဖတ် ပရိတ်သတ်အား စေတနာနှင့်ဝေမျှလိုက်ပါကြောင်း။

ဒေါ်ခင်ခင် (မြည်)

# ဗျာဒိတ်တော် မရှိလျှင်လူတို့သည် အကျိုးနည်းဖြစ်ကြ၏ (သုတ္တံ ၂၉း၁၈)

### ဘုန်းဇော်လွင်

အင်္ဂလိပ်လို Vision ဟု ခေါ်ပါသည်။ ရူပါရုံဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသည်။ ယင်းကို ရိုးရှင်းစွာ အဓိပ္ပာယ်ပြန်လျှင် ဘုရားသခင်ဖြစ်စေလိုသည့်၊ ဘုရားသခင် ဆောင်ရွက်စေလိုသည့် အကြံအစည်တော်ကို ကျွန်ုပ်တို့အား ဖော်ပြခြင်းဖြစ်ပါသည်။ ထို့ပြင်လူတို့၏ စိတ်ထဲမှ ပေါ်လာသည့် အကြံအစည် စိတ်ကူး၊ စိတ်သန်းလည်းဖြစ်ပါသည်။

ဗျာဒိတ်ရူပါရုံမရှိလျှင် လူသည် အကျိုးနည်းသည်ဟု သမ္မာကျမ်းမှ ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဘုရားပြောသည့်စကားကိုမကြားရလျှင်၊သို့တည်းမဟုတ် မသိနိုင်တော့လျှင် လူ၌အကြံအစည် တီထွင်မှုများလည်း မရှိတော့သလို လူ့ဘောင်လောကကြီးလည်း ဖရိုဖရဲဖြစ်လာလိမ့်မည်ဟု ဆိုလိုပါသည်။

ဘုရားသခင်ဟာ လူကိုဖန်ဆင်းရာတွင် အမှုမဲ့အမှတ်မဲ့မဟုတ်ပါ။ ရည်ရွယ်ချက် ကင်းမဲ့စွာနှင့် အကြောင်းမဲ့ ဖန်ဆင်းခဲ့ခြင်း မဟုတ်ပါ။ ရည်ရွယ်ချက်၊ အကြံအစည် မြောက်မြားစွာရှိပါသည်။ လူကိုဖန်ဆင်းကတည်းက အခြားဖန်ဆင်းခံများနှင့် မတူအောင် ဖန်ဆင်းခဲ့ပါသည်။ လူသားတိုင်းကို ချစ်သလို တန်ဖိုးထားပါသည်။ ဖန်ဆင်းခံအားလုံးကို အုပ်စိုးစေပါသည်။ ဆိုလိုသည်မှာ ကမ္ဘာလောကကြီးကို အုပ်စိုးခိုင်းပါသည်။ ဘုရားသခင် ဖန်ဆင်းခဲ့သည့် သာယာလှပသော ကမ္ဘာကြီးကို အုပ်စိုးစေပါသည်။ ထို့ကြောင့် ကမ္ဘာမြေကြီး မူလအခြေအနေအတိုင်း ဆက်လက် လှပနေစေရန် ကျွန်ုပ်တို့ လူသားတိုင်း၌ တာဝန်ရှိနေပါသည်။ ထိုတာဝန်ကား အလွန် ကြီးလေးသလောက် ခက်ခဲနက်နဲလှပါသည်။

လူသားများ၌ အခြားဖန်ဆင်းခံများထက် အလွန်မြင့်မြတ်သည့် တန်ဖိုးများ ရှိနေသည်။ ဉာဏ်ပညာ၊ အသိပညာ၊ အတတ်ပညာ၊ စဉ်းစားတွေးခေါ်မှု၊ တီထွင်ကြံဆမှု များစွာရှိသည်။ ထိုအချည်အချင်း အစွမ်းသတ္တိများ

နှင့် လူသားများအတွက် ကမ္ဘာလောကကြီး အတွက် အလုပ်အကျွေးပြုရန် ဖြစ်ပါသည်။ ထိုတာဝန်ကြီးကို ထမ်းဆောင်နိုင်ရန် ကျွန်ုပ်တို့ အသက်တာကို လွယ်လွယ်နှင့် ကျော်ဖြတ်၍ မဖြစ်ပါ။ အတွေးအခေါ်များ ရပ်ဆိုင်း နေ၍ မဖြစ်ပါ။ တိုထွင်စေမှုများ ပျောက်ကွယ် သွားဖို့မဟုတ်ပါ၊ ဆိုလိုသည်မှာ ဗျာဒိတ်ရူပါရုံ မရှိ၍ မဖြစ်ကြောင်းပင်တည်း။

ထိုသို့ ခက်ခဲသော အချိန်၌ ကျွန်ုပ်တို့၏ အတွေးအခေါ် အကြံအစည်များ ရပ်တည့်စေ မည့်အရာ၊ တန်တားနေသည့်အရာ များစွာရှိ နေပါသည်။ ထိုအရာများကို သတိကြီးစွာထား ရပါမည်။ လူသားတိုင်းတွင် ဘုရားသခင်ပေး ထားသည့် အရည်အချင်းများ၊ အစွမ်းသတ္တိ များကိုယ်စီရှိကြပါသည်။ မှန်ကန်သည့်နေရာ၊ မှန်ကန်သည့်အချိန်၌ ထိုအရာများကို အသုံးချ ရမှာဖြစ်ပါသည်။ အသက်တာ၌ မည်မျှ ဒုက္ခ ဆင်းရဲအခက်အခဲနှင့် ရင်ဆိုင်နေရပါစေ ဘဝ ကို အရှုံးမပေးဖို့ အလွန်အရေးကြီးပါသည်။

လူသားတိုင်းကို ဘုရားရှင်ချစ်သည်။ တန်ဖိုး ထားသည်။ တယ်တော့မှ ပစ်စလက်ခတ်ဖြစ် မည်မဟုတ်ပါ။ ဘုရားရှင်ထံ အသက်တာကို လုံး အပ်နှံထားသည်။ ဖြစ်ပျက်နေသမျှ အမှု ခပ်သိမ်းအားလုံး အစီအစဉ်ရှိပါသည်။ ဖြစ် ပျက်နေသမျှ အရာခပ်သိမ်းသည် ဘုရားရှင် လက်တော်ထဲမှာ ရှိနေပါသည်။

ဆာလံ ၁၃၉း၇ ၌ ဆာလံဆရာက 'ဝိညာဉ် တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင်ပါမည်နည်း၊ မျက်နှာတော်နှင့် လွတ် ခြင်းအလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည် နည်း' ဟု မေးမြန်းဖော်ပြထားပါသည်။ ဘုရား သခင်သည် နေရာတိုင်း၌ရှိသည်။ ဘုရားရှင်နှင့် ဝေးသည့်အရပ် မည်သည့်နေရာ၌မျှ မရှိပါ။ လူသားများ၏ အသက်တာ အကြံအစည်နှင့် ဖြစ်ပျက်လေသမျှအရာအားလုံး ဘုရားသခင်၏ လက်တော်မှ လွတ်သည့်အရာမရှိပါ။

ထို့ကြောင့် ချစ်သောညီအစ်ကိုမောင်နှမတို့ တန်ဖိုး ရှိသည့် လူ့ဘဝကို တန်ဖိုးရှိစွာ အဓိပ္ပာယ်ရှိစွာ ဆက်လက်အသက်ရှင်ကြပါစို့။ ယနေ့ ကျွန်ုပ်တို့ကို ဘုရားသခင် မည်သို့ ပြော နေသနည်း။ ဘုရားရှင် ဖြစ်စေလိုသည့် အရာ ကား ကမ္ဘာလောကကြီး၌ ဖြစ်ပျက်နေသည့် အရာများကိုကြည့်လျှင် သိနိုင်ပါသည်။ သတိ ထားကြည့်လျှင် တွေ့နိုင်ပါသည်။ သာသောင် မွတ်သိပ်နေသည့် လူများ၊ ဆင်းရဲဒုက္ခရောက် နေကြသူများ၊ ဖိနှိပ်ချုပ်ချယ်ခြင်းခံရသူများ၊ လူ့အခွင့်အရေး ဆုံးရှုံးနေသူများ၊ သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသူများ၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ မြောက်မြားစွာရှိနေ ပါသည်။ ဘုရားရှင် ချစ်သော၊ တန်ဖိုးထား သော လူသားများ၊ ဤသို့ အတိဒုက္ခရောက် နေခြင်းကို လက်ပိုက်ကြည့်နေကြရန် ဘုရားရှင် လိုလားမည် မဟုတ်ပေ။ ဤအနိဋ္ဌာရုံများထဲမှ ဘုရားရှင် ကျွန်ုပ်တို့အား စကားပြောနေပါ သည်။ ဗျာဒိတ်ရူပါရုံများ ပေးနေပါသည်။

ထိုအနိဋ္ဌာရုံများ ရှိနေသမျှ ဘုရားရှင် ဖန်ဆင်းထားသည့် ကမ္ဘာလောကကြီးအား အကျည်းတန်နေဦးမည်သာတည်း။ ဗျာဒိတ် ရူပါရုံခေါ် ဘုရားရှင်ပြောသည့်စကား၊ ဘုရား ရှင်ဖြစ်စေချင်သည့် အရာများကို ရှာဖွေဖော် ထုတ်ကြပါစို့။ လူသားအားလုံးနဲ့အတူ ကမ္ဘာ လောကကြီးကို အမှောင်ထဲမှ လွတ်မြောက်ရေး လွတ်မြောက်ကြောင်း အတွက် အသစ်သော ရူပါရုံများ ရရှိကာ အကြံအစည်များထုတ်ဖော် ပြီးလောကကြီးကို အလှဆင်ကြပါစို့။

ဘုန်း / ဇော်လွင်



# အလိုတော် ဘဝတစ်ကွေ့မှာဖြင့်

မောင်ဘိုနီ (တတိယနှစ်)

သမ္မာ ကျမ်းစာအုပ်ကို ဟိုလှန် ဒီလှန်ဖြင့် ယောနဝတ္ထုကိုရောက်သောအခါ— ကိုပြန်လည်ဖတ်ရန် စိတ်မကူးမိတော့ဘဲ မိမိ အကြောင်းသာမိမိ မီးခိုးကြွက်လျှောက် စဉ်း စားနေမိတော့သည်။

'အို ထာဝရ ဘုရားကိုယ်တော်သည် အလို ရှိတော်မူသည့်အတိုင်း ပြုတော်မူ၏' ဟူသော ကျမ်းပိုဒ်တလေးကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ စာမျက်နှာနှစ်ခုရှိ မြောက်မြားလှသောစာလုံး များအနက် အထက်ပါ ဝါကျလေးကိုသာ ကွက်၍ တွေ့ပွဲတွေ့တတ်လေခြင်း၊ သေသေချာ ချာကြည့်မှ အခန်းကြီး တစ်၊ အငယ် တစ်ဆယ့် လေး၏ နောက်ဆုံးနားတွင် ဖြစ်ကြောင်းသိရ သည်။ ဘာရယ်မဟုတ် ယောန၏ အကြောင်း ကိုလည်း သိပြီးသားဖြစ်နေ၍ ထိုဝါကျလေး ကိုပင် စိတ်ဝင်စားလာသော မိမိ၏ ဘဝဇာတ် ကြောင်းနှင့် နှိုင်းယှဉ် တွေးတောနေမိ၏။ ထို ကြောင့် ကျမ်းပိုဒ်၏မူရင်းအဓိပ္ပာယ်၊ ရှေ့နောက် အဆက်အစပ်ယောနဝတ္ထုတစ်ခုလုံး စသည်တို့

ကျွန်တော့်နာမည် မောင်ဘိုနီ မြေထဲမြို့ (ယခင်အောင်လံမြို့)မှာ မွေးဖွားသည်။ မွေး ချင်း ငါးယောက်အနက် အလတ်ဖြစ်၏။ ဖခင် က ခရစ်ယာန်တစ်ဦးဖြစ်ပါသည်။ မိခင်မှာဗုဒ္ဓ ဘာသာဝင် ဘုရားဒကာ၊ ကျောင်းတကာမျိုး ရိုးမှ ဆင်းသက်လာသူ ဖြစ်သည်။ သားသမီး များဖြစ်ကြသော ကျွန်တော်တို့မှာ ဟိုမရောက် ဒီမရောက်၊ ဖခင်သည် ကျွန်တော်မမွေးခင် မြေ ထဲမြို့၌ အခြေချ နေထိုင်ခဲ့သည်။ ကျွန်တော် ဆယ်တန်းနှစ်က အိမ်တွင် စီးပွားရေးကျဆင်း လာသည်။ မိဘနှစ်ပါး၏ ချွေးနဲ့စာဖြင့်ကျောင်း တက်ခဲ့ရသော ကျွန်တော့်ကိုယ် ကျွန်တော် လည်း ရှက်လာသည်။ ကျောင်းစာ ကိုလည်း စိတ်မဝင်စားတော့ချေ။ မိမိသည်ပညာရေးနှင့်

အကျိုးပေးမည့်သူတစ်ယောက်မဟုတ်ဟု ထင်မှတ်ခဲ့သည်။

ထို့ကြောင့် ၁၉၇၉တွင် ဆယ်တန်းစာမေးပွဲကျသည်။ လုံးဝစိတ်မကောင်းဖြစ်ပါ။ ရာအလုပ်လုပ်၍ အိမ်ထောင်ကိုဆစ်ဖက်တစ်လမ်းမှ ထောက်ပံ့ရန် ကျောင်းထွက်သည်။ မိဘနှစ်ပါးက စိတ်မကောင်းစွာဖြင့် ခွင့်ပြုခဲ့သည်။ ထိုနောက် ဆိုစက်တစ်ခုတွင် အလုပ်ဝင်လုပ်သည်၊ နှမ်း၊ ပဲနှင့် ဝါစေ့ကြိတ်သော ဆီစက်ဖြစ်၏။ ပိုသာချိန် လေးဆယ်ခန့် လေးသော နှမ်းအိတ်၊ ပဲအိတ်များကိုထမ်းခြင်း၊ ဆီဆုံတွင်အညောင်းခံ၊ ဆီချေးပေကျံခဲ့ပြီး ပင်ပန်းစွာအလုပ်လုပ်ရ၏။ တစ်ပတ်စာငွေရှင်းလျှင် ၅၀ သို့မဟုတ် ၇၅ ခန့်ရတတ်၏။ တစ်ခါတစ်ရံ ထိုထက်ပိုမို၍ ရတတ်သေး၏။ ပင်ပန်းသော်လည်း မိမိ၏ လုပ်အားခကို မြင်ရသောအခါ ကြည်နူးမိ၏။ ဤသို့ဖြင့် ထိုဆီစက်၌ ၂လ၊ ၃လတာမျှ လုပ်ရင်း မိမိကဲ့သို့ဘဝတူ အလုပ်သမလေး တစ်ဦးနှင့် ချစ်ကြိုက်မိသည်။ သို့သော် ချစ်သူနှင့်ကြာကြာမနေရပါ။ အဘယ်ကြောင့်ဆိုသော် ဖခင်က သစ်ထုတ်လုပ်ရေးဌာနတွင်အလုပ်လုပ်ရန်တိုက်တွန်းသောကြောင့်ဖြစ်၏။ ထိုဌာန၏ မန်နေဂျာမှာ ဖခင်၏ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ ဤသို့ဖြင့် သစ်ထုတ်ရေးဌာနတွင် ဖြတ်ပိုင်းစာရေးအဖြစ် တစ်နှစ်တာမျှ အမှုထမ်းခဲ့သည်။ ပဲခူးရိုးမတောထဲရှိ သစ်ကွက်များသို့ ခြေကျင် ခရီးကြမ်း နှင်ရသည်၊ သစ်လုံးများစုပုံထားသော စခန်းများ၌ ထားပေါ်တင်မည့် သစ်လုံးများကို လုံးရေ တန်ရေတွက်ချက်၍ ဖြတ်ပိုင်းများရေးပေးရသည်။ ထိုအချိန်ချစ်သူနှင့် မိုးဝေးချိတ်အဖွယ်ဖြစ်၍ လမ်းခွဲခဲ့ရသည်။

မကြာပါ။ ဆိုးရွားလှသော ပဲခူးရိုးမငှက်ဖျားပိုးသည် ကျွန်တော့်အပေါ်စတင်ဖိစီးနှိပ်စက်လာတော့သည်။ သေလုမျောပါး ဝေဒနာကိုခံစား၍ ဆေးရုံတက်ရသည်။ ထို့ကြောင့် မိခင်က ဤအလုပ်နှင့်ကျွန်တော်မကိုက်ညီဟု ယူဆကာဆင်တဲ့ကစလ(အကြီးစားစက်မှုလုပ်ငန်းဌာန)ရှိ အစ်ကိုဝမ်းကွဲတစ်ဦးထံသွား၍အလုပ်ရှာရန် စေလွှတ်သည်။ ဤသို့ဖြင့်ဖခင်၏ဇာတိမြေဖြစ်သော ပန်းတောင်းမြို့နယ်သို့ (၁၉၈၁) တွင် စတင်ခြေချခဲ့ပြီး ခရစ်ယာန်ဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ လုပ်ကိုင်နေထိုင်ရင်းပျော်မွေ့ခဲ့သည်။ ထိုအတောအတွင်း ခရစ်တော်ကိုယုံကြည်လက်ခံပြီး ဗတ္တိဇံခံသည်။ မကြာမီလက်တင်ခံသည်။ ဆစလ အလုပ်လျှောက်ထားရာ အလွန်ကြာလှသဖြင့်စိတ်ညစ်နေချိန်ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဖွံ့ဖြိုးရေးစီမံကိန်း သာသနာပြုဝန်ထမ်းများ ခေါ်ယူနေကြောင်း ကြားသိရပြီး သင်တန်းတစ်နှစ်တက်ပြီးပါက အလုပ်ဝင်ခွင့်ရမည်ဖြစ်ကြောင်း၊ လစာမှာ ၈၅၀ ဖြစ်ကြောင်း ကြားသိရသောအခါ ထိုလုပ်ငန်းကိုများစွာ စိတ်ဝင်စားခဲ့သည်။ အထူးသဖြင့် ဘုရားရှင်၏ အမှုတော်ကို ဆောင်ရွက်လိုစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့ရသည်။ ဤသို့ဖြင့် ဘက်စုံဖွံ့ဖြိုးရေးဆယ်နှစ်စီမံကိန်းတစ်နှစ်တာသင်တန်းကို အခြားသင်တန်းဖော်လေးဦးနှင့်တကွတက်ရောက်ခဲ့သည်။



က–စ–လ အလုပ်လျှောက် ပေး သော အစ်ကိုဝမ်းကွဲမျာ ကျွန်တော့်အပေါ် အားမလို အားမရ ဖြစ်ကျန်ရစ်ခဲ့သည်။ ငှက်ဖျားထူသော ပဲခူးရိုးမမှတစ်ဆင့် ငှက်ဖျားပေါသော ရခိုင်ရိုးမတွင် အလုပ်လုပ်ရန် ရွေးချယ်ခဲ့သည့် ကျွန်တော့်ကို မိခင်ကလည်း စိတ်မောလက်လျှော့ခဲ့ရသည်။ ဤသို့ဖြင့် ရခိုင်ရိုးမပေါ်တွင် ခရစ်တော်ကို လုံးဝမသိသေးသူများအား သက်သေခံရင်း တစ်ဖက်မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်အားသရွေ့ ကူညီလုပ်ဆောင်ခဲ့ကြသည်။ ထိုရွာကလေးမှာလည်း ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် ခရစ်ယာန်များ ဖြစ်လာကြသည်။ အစိုးရ မူလတန်းကျောင်းလည်း ရရှိလာသည်။ အချို့ ဥယျာဉ်ခြံမြေများ ပြုလုပ်လာကြသည်။ ထိုအတောအတွင်း (၁၉၈၅) ဒီဇင်ဘာလတွင် ဖခင်ကွယ်လွန်သည်။ ထိုအချိန် ခရစ္စမတ်ပွဲတော်ရက်လည်း နီးကပ်နေပြီဖြစ်၍ ဖခင်၏ ဈာပနကို မသွားရောက်နိုင်ခဲ့တော့ပေ။ အပူရပ်ကိုကြိုးစားဖျောက်ဖျက်ရင်း ခရစ္စမတ်ပွဲတော်ကို ဦးဆောင်၍ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးမှ ဇာတိရပ်မြေသို့ ပြန်နိုင်ခဲ့သည်။ မျက်ရည်စမ်းစမ်းဖြင့် ဖခင်၏မြေပုံကို သွားရောက် ဝါရဝပြုကာ အောက်မေ့ဖွယ် ဝတ်ပြုကိုးကွယ်ခြင်းကိုနယ်ခံနှစ်ခြင်း ခရစ်ယာန် ညီအစ်ကိုများနှင့်ပြုလုပ်ပေးခဲ့သည်။

ထိုနောက် ဆယ်နှစ်စီမံကိန်း မပြီးဆုံးခင် အသင်းတော်မှ ကျွန်တော့်အား ကျမ်းစာကျောင်းတက်ရန် တိုက်တွန်းအားပေးကြသဖြင့် ၁၉၈၈/၈၉ တွင် သန့်ရှင်းသော ကားတိုင်မေ့တက္ကသိုလ်၌ ၂နှစ်တာမျှ တက်ရောက်သင်ယူခဲ့သည်။ မိမိမှာ ဆယ်တန်းမအောင်သောကြောင့် ဆက်လက်တက်ခွင့်မရခဲ့ပေ။ ဤသို့ဖြင့် (၁၉၉၀) မှ (၁၉၉၂)အထိ ရခိုင်ရိုးမပေါ်ရှိ ယခင် မိမိ သာသနာပြုခဲ့သော ရွာတွင်ပင် နေထိုင်ရင်း ဆယ်တန်းစာမေးပွဲကို ဆက်ဖြေဆိုရာ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အောင်မြင်ခဲ့သည်။ ဤသို့ဖြင့် (၁၉၉၃)တွင် ကျမ်းစာကျောင်းသို့ ဆက်တက်ရန် ဒုတိယအကြိမ် ရောက်ရှိခဲ့ပြန်သည်။

ကျွန်တော့်ဘဝကို ပြန်ကြည့်လျှင် ဘုရားရှင်၏ ခေါ်ယူကိုင်တွယ် လမ်းပြမှုများ တွေ့ရပါသည်။ ဆီစက်ထဲတွင် အလုပ်လုပ်ရင်း အိမ်ထောင်ကျသွားရန် ဘုရားရှင် မလိုလားခဲ့ပေ။ ထို့အတူ သစ်ထုတ်ရေးဌာန ဝန်ထမ်းတစ်ဦးအဖြစ် ရပ်တည်သွားရန်လည်း အလိုရှိဟန်မတူ၊ ထို့အပြင် က–စ–လ ဝန်ထမ်းတစ်ဦးလည်းမဖြစ်စေလိုပြန်ပေ။ အမှုတော်ဆောင်တစ်ယောက် ဖြစ်လာရန်ပင် ဘုရားရှင် ကျွန်တော့်အား လိုလားခဲ့သည်ဟု ယခုအခါ သေချာစွာ သိနားလည်ရပါ၏။

ထို့ကြောင့် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားရှင်၏ အလိုတော်သည် အနည်းနည်း အဖုံဖုံရှိလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ မိမိစိတ်ထင်တိုင်း လုပ်သော်လည်း အလိုတော်မရှိက ရမည်မဟုတ်ကြောင်း စဉ်းစားရင်း အတွေးမျှင်ကို ဖြတ်လိုက်သည်။ သမ္မာကျမ်းစာအုပ်ကို ပြန်လည်ကောက်ကိုင်ပြီး ယောနဝတ္ထုကို တစ်လုံးချင်း ဖတ်နေမိပါတော့သည်။

မောင်ဘိုနီ (တတိယနှစ်)

# ခရစ်ယာန်ဂိုဏ်းပေါင်းစုံဆိုင်ရာ

## ပြောင်းလဲခြင်း

ခံယူချက်သဘောတရား

ခရစ်ယာန်များ၏ ကွဲပြားနေမှုသည် အသင်းတော်၏ သက်သေခံမှုအတွက် အဟန့်အတားဖြစ်နေရုံမျှမက ရှက်ဖွယ်၊ ရှုံ့ချဖွယ်ဖြစ်နေပေသည်။ သာသနာပြုလုပ်ငန်းများလည်း ယုတ်လျော့ယိုယွင်းကျဆုံးစေ၏။ အသင်းတော်များသည် ယခုအခါ ပို၍သဘောပေါက်လာကြသည်မှာ ခရစ်ယာန်များ စည်းလုံးညီညွတ်မှုနှင့် သာသနာပြုလုပ်ငန်းများ ဆက်စပ်နေကြောင်းပင်ဖြစ်၏။ ဒေါက်တာ ဖီးလစ်ပေါ်တာက 'ကျွန်ုပ်တို့၏ ညီညွတ်မှုကို ဧဝံဂေလိလုပ်ငန်းများနှင့် တိုင်းတာရမည်' ဟု ဆိုပါသည်။ ကမ္ဘာ့အသင်းတော်များ ကောင်စီ၏ အဓိက ခံယူချက်မှာ ခရစ်တော်ယေရှုတို့အား လုံးက ဝန်ခံခြင်းပင် ဖြစ်ပါသည်။

(တမန် ၂း၄၆-၄၇)တွင် စုပေါင်း၍စေ့စားသောက်ကာ ဘုရားရှင်၏ ဂုဏ်တော်ကို ချီးမွမ်းလျက် အမှုတော် ဆောင်ကြကြောင်း တွေ့ရခြင်းဖြင့် ယုံကြည်သူများ တိုးပွားစေပါသည်။ အနည်း ခရစ်ယာန်များ ခံစားရသော နှိပ်စက်ညှဉ်းပန်းမှုများဖြင့် အသင်းတော် ပြန့်ပွားလာခဲ့သည်။ (တမန် ၈း ၄)။ အန္တိအုတ်အသင်းတော်သည် ဧဝံဂေလိ သတင်းဖြန့်ချိခြင်းကို စတင်ခဲ့သည့် ပထမဦးဆုံးအသင်းတော်ဖြစ်ပေသည်။(တမန် ၁၃း ၁-၄)။ထိုအချိန်၌ ဧဝံဂေလိ လုပ်ငန်းမှာ ၎င်းတို့အဖို့ လုပ်ရိုးလုပ်စဉ်တစ်ခု (သို့မဟုတ်) ကိုယ်တိုင်ကျွမ်းဝင်သော လုပ်ငန်းသစ်ခု မဟုတ်သော်ငြားလည်း ဘုရားရှင် လမ်းပြတော်မူခြင်းကို လိုက်နာခဲ့ကြ၏။ (ယော ၄၊ ၃၄) အဖခမည်းတော်၏ အလိုတော်ကို နာခံရာ၌ နည်းအမျိုးမျိုးဖြင့် ခရစ်တော် အသုံးပြုခဲ့၏။ ၎င်းတို့မှာ ကုသဆပ်ခြင်း၊ တရားမျှတစေခြင်း၊ မိမိတို့ဘဝကို ပေးခွင့်လွှတ်ခြင်း၊ သွန်သင်ခြင်း၊ နုတ်ဆိုးနှင်ခြင်း၊ ကျေညာခြင်း၊ စုံစမ်းခံတော်မူခြင်းတို့ ဖြစ်ကြ၏၊ သို့အတွက်ကြောင့် ဘုရားရှင်၏ စီးဆင်းနေသော မေတ္တာလမ်းကြောင်းထဲ၌ မိမိတို့ကိုယ်တိုင် ပါဝင်စီးမျောရန် လိုအပ်နေ၏။ ဘုရားရှင်၏ သာသနာတော်သည် မုန်းတီးခြင်း သာသနာမဟုတ်၊ ကွဲပြားခြင်းသာသနာလည်း မဟုတ်ပေ။ မေတ္တာနှင့်ပြည့်ဝသော သာသနာဖြစ်၏။

ယခုအခါတွင် ယုံကြည်ချက် အစဉ်အလာ အမျိုးမျိုးကွဲပြားခဲ့သည့် အဘင်းတော် အဖွဲ့အစည်းအမျိုးမျိုး ဂိုဏ်းဂဏ အသီးသီးသည် တစ်ခုတည်းသော ကမ္ဘာလုံးဆိုင်ရာ သာသနာပြုများဖြစ်သည်ဟု တဖြည်းဖြည်းနှင့် သိရှိလာကြပြီဖြစ်၏။ ပသို့ဆိုစေ ခရစ်ယာန်အားလုံးသည် ဂိုဏ်းဂဏပေါင်းစုံ၏ ခရစ်ယာန် သာသနာပြု လုပ်ငန်းများကို လက်ခံနားလည်လာနိုင်ပြီ ဖြစ်ပါသည်။ ယင်းသည် ဘုရားရှင်၏ နိုင်ငံတော်အဖို့ အလိုငှာ လုပ်ဆောင်ရန် ဝန်ခံ ကတိပြုကြခြင်းသာဘာပင်တည်း။

ဝမ်းမြောက်ဖွယ် သတင်း ကြေညာရာတွင် ခရစ်တော်သည် ကယ်တင်ရှင် ဖြစ်ကြောင်း၊ ခရစ်တော်သည် ကယ်တင်ရှင် ဖြစ်ကြောင်း၊ ဆက်ခံရန် ပုဂ္ဂိုလ်တစ်ဦးစီ၏ ဆုံးဖြတ်ချက်ကို ဖိတ်ခေါ်ပါသည်။ အသက်ရှင်သော ခရစ်တော်နှင့် ထိုပုဂ္ဂိုလ် တစ်ဦးချင်း ထိတွေ့ပြီး အပြစ်လွှတ်ခြင်းကို သိရှိခံစားဖို့၊ ထိုနောက် အလိုတော်အတိုင်း သူတစ်ပါးကို အစေခံသည့် လူ ဖြစ်စေရန်လိုအပ်ပါသည်။ ဘုရားရှင်သည် တစ်ဦးစီနှင့် ဆက်ဆံသကဲ့သို့ လူသားထု တစ်ရပ်လုံးနှင့်လည်း ဆက်ဆံနေပါသည်။ လူသားတို့၏ ရပိုင်ခွင့်များကို အမြဲတောင်းဆိုပေးနေသော ဘုရားဖြစ်၏။ အလိုတော်ကို နည်းအမျိုးမျိုးနှင့် ဖော်ပြပေးနေသော ဘုရားဖြစ်ပြီး လူတို့၏ လက်ရှိ အခြေအနေကို အားမရနိုင်သေးသည့် ဘုရားဟု တစ်နည်း ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့၌ အပြစ်၏လွှမ်းမိုးမှု လက္ခဏာမှန်သမျှ စွန့်လွှတ်ရန် ဘုရားရှင် အလိုတော်ရှိပါသည်။

တစ်ဖက်၌ စွန့်လွှတ်ခြင်းရှိပြီး အခြားတစ်ဖက်၌ ဘဝသစ်ကို လက်ခံခြင်းလည်း တစ်ချိန်တည်းတွင်ပင် ဘုရားရှင် ကျွန်ုပ်တို့အား ပေးအပ်နေပါသည်။ ခရစ်တော်နှင့် တွေ့ကြုံခဲ့သော ကြွယ်ဝသည့် လူငယ်တစ်ဦးသည် သူ၏စည်းစိမ် ဥစ္စာကြွေးဥစ္စာ ကြား၌ကန့်လန့်ခံနေ၍ တပည့်တော်တစ်ဦး မဖြစ်ခဲ့ချေ။ ကျွန်ုပ်တို့၌ ဆင်းရဲမွဲတေ၊ နွဲ့ ကျိုးကန်းနေပါစေ၊ ကျွန်ုပ်တို့၏ ဝိညာဉ်သာမက ကိုယ်ခန္ဓာပါရှိသည့်အတိုင်း ချစ်တော်မူသော ဘုရားရှင်ဖြစ်၏။ ခရစ်တော် ကျွန်ုပ်တို့အား ခေါ်ယူရာတွင် ဝမ်းမြောက်စွာ နောက်တော်သို့လိုက်ရန် ယုံကြည်သူ အစုအဝေးတစ်ခုလုံးတွင်ပါဝင်ရန် အပြစ်၊ ဆင်းရဲခြင်းနှင့် သေခြင်းတို့ကို ကျော်လွှားနိုင်ရန် ခရစ်တော်နှင့်အတူ ရှင်းကန့်ဝေမျှ ခံစားရပေမည်။ (ယော ၃း၃)ရှိ နိကောဒင်၏ ပြောင်းလဲခြင်းကိုအသစ်သော မွေးဖွားခြင်းဟုခေါ်ပြီး လူဟောင်းမှ

လူသစ်လုံးဖြစ်သွားခြင်းတည်း။ မွမ်းမံသော အသစ်မဟုတ်ချေ။ (Transform) ဟု ခေါ်သော အသစ်တစ်ဖန် ဖြစ်ပေါ်ခြင်းကို ဆိုလိုသည်။

အသက်တာပုံစံနှင့် ခပ်သိမ်းသော အခြေအနေ အားလုံး ပြောင်းလဲခြင်းကို ဆိုလိုပါသည်။ ယင်းသည်ကား ဘဝအမြင်အားလုံး ပြောင်းလဲသွားခြင်း ဖြစ်၏။ ပြောင်းလဲရာ၌ ပုံသေနည်း မရှိချေ။ မည်သည့် နေ့ရက်၊ ထား နေရာ၌ ပြောင်းလဲသည်ဟု အတပ်ပြော၍မဖြစ်နိုင်။ ကျွန်ုပ်တို့၏ ပြောင်းလဲမှုသည် ဘုရားရှင် တန်ခိုးတော်နှင့်စပ်ဆိုင်၏။ ကျွန်ုပ်တို့စွမ်းဆောင်မှုကြောင့်မဟုတ်။ တစ်နေရာတည်း၌ ပြီးဆုံး ရပ်တည်မှုမရှိ၊ ဆက်လက် ရှင်သန်တိုးတက်ကာ သွားမြဲသွားနေသော အရာဖြစ်၏။

အချိန်နှင့်ဆွဲ၍ ပြောင်းလဲသူများ ရှိသလို ချက်ချင်း ရုတ်ခြည်း ပြောင်းလဲမှုများလည်း ရှိ၏။ (ဥပမာ တိမောထေသည် ငယ်စဉ်ကတည်းက တဖြည်းဖြည်း ပြုပြင်ပြောင်းလဲသူ ဖြစ်ပြီး ရှင်ပေါလုမှာမူ ချက်ချင်းပြောင်းလဲသူဟုယူဆနိုင်ပါသည်။) ပြောင်းလဲမှုသည် အပြစ်၏ သဘော သဘာဝ၊ ဘုရားရှင်နှင့် ဝေးကွာမှု၊ မကောင်းမှုများ၌ မွေ့လျော်ခြင်း၊ ဘုရားရှင် ဖန်ဆင်းထားသော ပုံသဏ္ဌာန် ပျက်ယွင်းလေအောင် ဖြစ်နေခြင်း ဟူသော နေရာ ဟောင်းများမှပြောင်းလဲလာရပါသည်။ ထိုသို့ အသစ်ပြောင်းလဲရာ၌ ဘုရားရှင် အမိန့်တော်ကို နာခံခြင်း ကြီးနက်ဘုရားနှင့် မိဿဟာဖွဲ့ကာ ပြန်လည် ဆန်းသစ်ခြင်း၊ မှန်မြတ်သော ပုံသဏ္ဌာန်အဖြစ်ပြန်လည်တည်ဆောက်လာခြင်း၊ ခရစ်တော်၏ ချစ်ခြင်း မေတ္တာကို သဘောပေါက်လာခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ အချက်များကား ပြောင်းလဲခြင်း၏ ဖြစ်စဉ်များတည်း။ ပြောင်းလဲခြင်း၌ နောင်ဘုရားနှင့် နာခံလိုက်လျောက်ရန် နှစ်မျိုးတွဲလာပါသည်။ တစ်မျိုးတည်းမဟုတ်ချေ။

ယင်းသည် လူတစ်ဦးချင်းကို ခေါ်ယူနေသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၊ ကမ္ဘာ တစ်ခုလုံးကိုလည်း ဤနည်းဖြင့် ခေါ်ယူနေ၏။ စစ်ပွဲများမှ ငြိမ်းချမ်းလာရန် မတရား မညီမျှမှုများမှ တရားမျှတညီညွတ်လာရန်၊ လူမျိုးခွဲခြားရေးမှ တစ်သွေးတစ်သားတည်းဖြစ်လာရေး၊ မုန်းတီးမှုမှ မေတ္တာတရားသို့ ပြောင်းလဲလာရန်စသည်တို့ ဖြစ်ပါသည်။ တစ်ဦးစီ၏ အပြစ်ရှိသလို စုပေါင်းအပြစ်ရှိ၏။ တစ်ဦးစီ၏ သြတ္တပ္ပစိတ်ရှိသလို စုပေါင်းသြတ္တပ္ပစိတ်ဟူသည်ရှိ၏။ တစ်ဦးစီ၏ နောင်တရရန် ရှိသကဲ့သို့ စုပေါင်းနောင်တရရန်လည်း ရှိ၏။ ကမ္ဘာပေါ်၌ ခရစ်ယာန်အများရှိသလို ခရစ်ယာန်မဟုတ်သူများလည်း အများအပြားရှိနေခြင်းမှာကား ခရစ်ယာန်တို့၏အလုပ် မညီမျှမှုကြောင့်တည်း။ ထို့ကြောင့် အပြောနှင့် အလုပ် ညီမျှစေရန် ကျွန်ုပ်တို့၏ ပြောင်းလဲခြင်းများမှန်ကန်လာဖို့ လိုပါသည်။ အထက်ပါအတိုင်း ဂိုဏ်းဂဏပေါင်းစုံမှလက်တွေ့ကျင့်သုံးနိုင်ရန် အရေး ကြီးလှပါသည်။

— ဆရာဇမ်စ် ပို့ချသော သင်ခန်းစာမှ ကောက်နုတ်ဖော်ပြသည်။



# အသင်းတော်စာကြည့်တိုက် နှင့်

# အသင်းတော် ဖွံ့ဖြိုးရေး

(သန်းမြင့်ဦး)

**ဝန်ခံချက်**

ဤဆောင်းပါးကို ရေးသားရာတွင် ဆရာ မောင်ကောင်းမြင့် 'ခေတ်ဟောင်း ခေတ်သစ် စာကြည့်တိုက်ခရီး'၊ ဆရာမ ဒေါ်ညွန့်မြင့်နှင့် အပေါင်းအသင်းများ၏ 'စာကြည့်တိုက်ပညာ သိကောင်းစရာ'၊ 'Your Chrnch Librauty (Division of Christian Education, National Council the Churches of Christ, U.S.A.) စာအုပ်တို့ကို ကိုးကားထားပါသည်။

(စာရေးသူ)

**နိဒါန်း**

'စာအုပ်သည် အကြီးမားဆုံးသော စွမ်းအင်တစ်ရပ်ဖြစ်သည်' ဟု ဗွီအိုင်လီနင်က ဆိုခဲ့ပါသည်။ စာအုပ် စာပေ လူ့မိတ်ဆွေဟူသည့်ဆိုရိုးရှိပေရာ၊ ရှေးဦးစွာ စာအုပ်စကားလည်း ရှိပေရာ၊ ရှေးဦးစွာ စာအုပ် သိထားဟူသော အစီပွာယ်သတ်မှတ်ချက်ကို သိထားရန် လိုအပ်ပါသည်။ စာအုပ်နှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ သတ်မှတ်လက်ခံထားကြသော ပညတ်ချက်များ မတူကြပါ။ သို့သော် မည်သို့ပင် ကွဲပြား ခြားနားသော သတ်မှတ်ချက်များ ရှိနေကြစေကာမူ (၁၉၈၄) ခုနှစ်၊ နိုဝင်ဘာလ တွင် ကျင်းပခဲ့သော ယူနက်စကို ညီလာခံက 'စာအုပ်ဟူသည် အချိန်မှန် ထွက်စရာမလိုသော၊ စာသားသက်သက်(၄၉) မျက်နှာထက် မနည်း ရှိသော ပုံနှိပ်ထားသည့် စာပေမစွည်း'ဟု အများသဘောတူ သတ်မှတ်ခဲ့သည်။ (မျက်မှောက်ခေတ်တွင် စက္ကူစာအုပ်ကိုသာ စာအုပ်အဖြစ် အားလုံးက သတ်မှတ်ကြသည်။)

အမှန်စင်စစ် ကမ္ဘာ့သမိုင်းအရ 'စာအုပ်အစ ရွှံ့ချပ်ပြားက'ဟု ဆိုနိုင်ပါသည်။ ရွှံ့ချပ်ပြားပေါ်တွင် ရုပ်ပုံကိုအခြေခံသော အနုပညာနှင့် ဆက်နွယ်သည့် ရုပ်ပုံစာကို လူသားတို့ ပထမဆုံး ရေးသားခဲ့သည်။ ထို့နောက်မှ ကျောက်ပြား၊ သစ်သားပြား ပေါ်တို့တွင် ရေးသားလာပြီး ထိုမှ တစ်ဆင့် ပပိုင်းရပ်(Papyrus)ခေါ် ကျူပင်တစ်မျိုးကို အချပ်များ ပြုလုပ်ကာ စာကို ထိုကျူချပ်ပြားပေါ်တွင် ရေးသားလာကြသည်။ နောက်ဆုံးတွင် စက္ကူပေါ်ထွန်းလာသောအခါ ယင်းကျူမင်

ကို အစွဲပြုကာ စက္ကူကို အင်္ဂလိပ်ဘာသာဖြင့် ပေပါ (Paper) ဟု ခေါ်တွင်လာကြကြောင်း သမိုင်းဆရာတို့က ဆိုပါသည်။ သမိုင်းအရ စက္ကူလုပ်နည်းကို ဆိုင်းလွန်းဆိုသူ တရုတ် နန်းတွင်း အမှုထမ်းတစ်ဦးသာ ခရစ်နှစ် ၁၀၅ ခုနှစ်တွင် ပထမဦးဆုံး တီထွင် ထုတ်လုပ်ခဲ့သည်ဟု ဆိုသည်။ တိုးတက်ပြောင်းလဲလာသော ပုံနှိပ်ခြင်းအတတ်နှင့် စက္ကူရှိသော ကာလ၌ ပထမဦးဆုံး ပုံနှိပ်သော စာအုပ်မှာ သမ္မာကျမ်းစာအုပ်ပင်ဖြစ်သည်။ ၁၄၅၀ ခုနှစ်တွင် ဂူတင်ဘတ်က ဂျာမနီနိုင်ငံ မိုင်ဇ်မြို့၌ စာပုံနှိပ်စက်ကိုစတင် တီထွင်ကာ ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။

## စာအုပ်နှင့် လူသား

လူ့သမိုင်းစဉ်တွင် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှု၌ စာအုပ်၏ တိုးတက်ပြောင်းလဲမှုသည် အရေးကြီးသော ကဏ္ဍမှရပ်တည်ခဲ့သည်။ အမှန်မှာ စာအုပ်ဟူသည် လူသားတို့၏ အသိအတွေးသာမက ဘဝကြေးမုံပြင်လည်းဖြစ်ပြီး လူတို့၏ ခံစားမှုအတွေ့တွေ့ ထင်ဟပ်ရာလည်း ဖြစ်ပေသည်။

စာအုပ်သည် လူသားတို့နှင့်အတူရင့်ကျက်ကြီးထွားလာသည်။ လူသားတို့၏အသိဉာဏ်ကို စေ့ဆော်ပေးသော သင်ကြားချက် အားလုံးသည်လည်းကောင်း၊ လူသားတို့၏ နှလုံးသားကို ထိခိုက်လှုပ်ရှားစေသော စိတ်နှင့်စေတနာတို့သည် လည်းကောင်း စာအုပ်ထဲတွင် အနှစ်ကျအနည်ထိုင်လျက်ရှိကြသည်။ လူသားတို့မှန်တိုင်းထံသော ဘဝကပေးသည့် ဖြေဆိုချက်များကိုပင် ကမ္ဘာ့သမိုင်းဟု ခေါ်ရ၍ ယင်းတို့ကို စာအုပ်ထဲတွင် ကမ္ပည်းထိုးထား၏’ဟု ရုရှားပညာရှင်အလက်ဇန္ဒားဟာဇင်က ဆိုခဲ့ပါသည်။

ထို့အပြင် မျက်မြင်အမျိုးသမီးကြီး ဟယ်လင်ကဲလားကလည်း ‘ကျွန်မအတွက် စာပေသည် သုခဘုံဖြစ်သည်၊ စာပေ၌ ကျွန်မသည် မည်သည့်အခွင့်အရေးမှ မဆုံးရှုံးပါ၊ စာအုပ်တည်းဟူသော မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ကောင်းမြတ်သော သင်ကြားချက်များကို ခံစားသိရှိနိုင်ရန် အတားအဆီးအပိတ်အပင် မရှိပေ။ စာအုပ်များသည် ကျွန်မအား ရှက်ရွံ့ခြင်းမရှိဘဲ ပြောဆို ဆက်ဆံခဲ့ကြသည်’ဟု ဆိုခဲ့ပါသည်။

ဆိုခဲ့ပြီးသော အချက်များအရ လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စာအုပ်သည် ခွဲမရအောင် ဆက်စပ် နေကြောင်း တွေ့ရသည်။ ‘အလိမ္မာ စာမှာရှိ’ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာ၊ လိမ္မာကျွမ်းကျင်မှုကို စာပေကျမ်းဂန်မှ ရယူနိုင်ကြပါသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ လူထု၏ အတတ်ပညာ အသိပညာ ရင့်သန်ဖွံ့ဖြိုးမှုတွင် အမြဲပြုနေသကဲ့သို့ အသင်းတော်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အသင်းသူ အသင်းသားများ၏ ဘုရားရေး တရားဆိုင်ရာနှင့် ဘာသာရေး အသိပညာ ရင့်သန်ဖွံ့ဖြိုးမှုပေါ်တွင်တည်မှီလေသည်။

လူတစ်ဦးခြင်းစီနှင့်လူသားထုတစ်ရပ်လုံး၏ ဘဝမြင့်တင်ရေးတွင် ယင်းအတတ်ပညာ အသိပညာတည်းဟူသော ပညာရေး (သို့) ပညာဗဟုသုတ ရှာမှီးရေးသည် အလွန်အရေးကြီးလှသည်ဖြစ်ရာ လူသားတို့အနေဖြင့် ပညာဗဟုသုတ ရှာမှီးရေးကို အမြဲပြုနေကြရေးပင်ဖြစ်ပေသည်။ တစ်ဖန် ပညာရှာကြ ရာတွင်လည်း ကျောင်းသင်ပညာနှင့် ဘဝပညာဟူ၍ ရှိရာ ကျောင်းသင်ပညာကိုကျောင်းမှရရှိနိုင်သကဲ့သို့ ဘဝပညာကိုလည်း လက်တွေ့ဘဝထဲတွင်ရှာဖွေရယူနိုင်ပေသည်။

ထိုအရာ နှစ်ခုစလုံးကို တစ်နေရာထဲတွင် ရှာဖွေတွေ့ရှိနိုင်သော နေရာမှာ စာအုပ်များရှိသောနေရာ၊ စာအုပ်များထဲမှာပင် ဖြစ်လေ



သည်။ လူတစ်ဦးအတွက် အကြောင်းအရာတိုင်း၊ အဖြစ်အပျက်တိုင်း၊ အတွေ့အကြုံတိုင်းကို ကိုယ်တိုင်ကြုံတွေ့ ထိတွေ့ဖူးရန်မှာ မဖြစ်နိုင်ပေ။ သို့သော် မိမိ မထိတွေ့ဖူးသော မသိဖူးသော အတွေ့အကြုံကို မိတ်ဆက် ထိတွေ့စေမည့်သူကား စာအုပ်များပင်ဖြစ်ပါသည်။ ဆင်ခြင်စရာများ၊ သိမှတ်စရာများကို ပေးစွမ်းနိုင်မည့်သူမှာ စာအုပ်များပင် ဖြစ်ပါသည်။ ဤမျှဆိုလျှင် စာကြည့်တိုက်များ၏ အရေးပါလှပုံကို ဆင်ခြင်နိုင်ကြလောက်ပြီဖြစ်သည်။

## စာကြည့်တိုက်

ယင်းကဲ့သို့ လူသားတို့အတွက် အရေးပါလှသော စာအုပ်များကို အဘယ်မှာ တွေ့နိုင်သနည်းဟုဆိုသော် ယခုခေတ်တွင် လူရှိသောနေရာတိုင်းတွင် စာအုပ်များရှိသည်ဟုဆိုနိုင်ပါသည်။ သို့သော် အကြောင်းအရာစုံ၊ ကဏ္ဍစုံကို စနစ်တကျ စုစည်းထားသော နေရာကား စာကြည့်တိုက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက် အကြောင်းကို လေ့လာ သိရှိရန် လိုအပ်လာပြန်ပါသည်။

စာကြည့်တိုက်သည် လူ့ယဉ်ကျေးမှုစတင် ‘အရေးစာပေ’ ပေါ်လာစမြင့်မားခဲ့သော ကတည်းကပင် ရှိခဲ့သည်ဟုသုတေသီတို့က လက်ခံကြသည်။ စာကြည့်တိုက်ဟူသော စကားသည် အင်္ဂလိပ်ဘာသာ၌ Library ဖြစ်၍ လက်တင်စကား Libraria မှဆင်းသက်လာပြီး အနက်မှာ စာအုပ် Book ပင်ဖြစ်သည်။ စာကြည့်တိုက်သည် စာအုပ်များကို သိုလှောင်ထားသော ဂိုဒေါင်တစ်ခုမဟုတ်ပါ။ ယခုခေတ် စာကြည့်တိုက်တွင် စာအုပ်စာတမ်း၊ ပေစာ၊ ကျမ်းစာ

လက်ရေးစာတိုသာမက ဖလင်၊ ဓာတ်ပုံ၊ ဓာတ်ပြားစသည်တို့ အပါအဝင် စာပေပစ္စည်းများ ယဉ်ကျေးမှုအနုပညာ ဗဟုသုတ ပစ္စည်းများ ဖော်ထုတ်ရာခေတ်အဆက်ဆက် ယဉ်ကျေးမှုကြေးမုံပြင် မြေတိုက်လည်းဖြစ်ပေသည်။ စာအုပ်စာတမ်းအမျိုးမျိုးကို စနစ်တကျ ထိန်းသိမ်းထားသောမော်ကွန်းတိုက်ကြီး ဖြစ်သည်။

စာကြည့်တိုက် ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရပါလျှင် စာကြည့်တိုက်သည် ‘စာအုပ်နှင့်လူထုကို ဆက်သွယ်ပေးသောဌာန၊ ပညာဗဟုသုတ ဖြန့်ဖြူးပေးရာ ဌာန၊ ပညာရှင်များမွေး ထုတ်ပေးရာဌာန၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူ ပေးသောဌာန၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုကို မပျောက်ပျက်ရအောင် သိုမှီး ထိန်းသိမ်းပေးရာဌာန၊ လူမျိုး ဘာသာအဆင့်အတန်းမရွေး ကြီးငယ်မဟူ မိမိကိုယ်တိုင် ပညာသင်ယူခွင့်ပြုထားရာဌာန’ ဟူ၍ အဓိပ္ပာယ်ဆောင်နေလေသည်။

တစ်နည်းဖြင့် ‘စာကြည့်တိုက် ဟူ’သည်မှာ ပညာလိုလားသူတို့ မိမိကိုယ်တိုင် လွတ်လွတ်လပ်လပ်ပညာရှာနိုင်သော တက္ကသိုလ်တစ်မျိုး၊ ဉာဏ်ထုတ်ရာ ဉာဏ်အလုပ်ရုံ၊ နိုင်ငံစာပေနှင့် ယဉ်ကျေးမှုကို မပျောက်ပျက် မတိမ်ကောအောင်ထိန်းသိမ်းရာဌာန’ဟုခေါ်နိုင်ပေသည်။ စာကြည့်တိုက်တွင် စာအုပ်များသာမက သိလိုသူတို့သိရှိနိုင်ဖို့ရာလိုအပ်သော ပစ္စည်း ပစ္စယနှင့် အချက်အလက် အစုံ အလင်တို့ကို စနစ်တကျထားရှိသောကြောင့် သိလိုတတ်လိုသူ မည်သူမဆို မိမိတို့အလိုရှိရာကို လွယ်လင့်တကူအချိန်ကုန် ငွေကုန်သက်သာစွာဖြင့် ရှာဖွေဖတ်ရှုလေ့လာနိုင်ပါသည်။

## အသင်းတော် စာကြည့်တိုက်နှင့် အသင်းတော် ဖွံ့ဖြိုးတိုးတက်ရေး

စာကြည့်တိုက်တွင် အမျိုးသား စာကြည့်တိုက်၊ ပြည်သူ့ စာကြည့်တိုက်၊ တက္ကသိုလ်တော လိပ် စာကြည့် တိုက် နှင့် အထူး စာကြည့်တိုက် ဟူ၍ အဓိက စာကြည့်တိုက် အမျိုး အစား လေးခုရှိရာ အသင်းတော် စာကြည့်တိုက်သည် အထူးစာကြည့်တိုက် အမျိုးအစားတွင် ပါဝင်ပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော အကြောင်းအရာများအရ လူသားတို့၏ တိုးတက်ဖွံ့ဖြိုးရေး နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးတွင် စာအုပ်နှင့်စာကြည့်တိုက်သည် အရေးကြီးသောအခန်းကဏ္ဍ၌ ပါဝင်နေကြောင်း သိရှိခဲ့ရပြီးဖြစ်ရာ လူသားတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော အသင်းတော်၏ တိုးတက်ဖွံ့ဖြိုးမှုသည်လည်း ဘာသာရေး စာပေများနှင့် စာကြည့်တိုက် များသည် အရေး ပါလှကြောင်းကို သတိ ပြုသင့်လှပေသည်။

အသင်းတော်၏ အမှုဆောင်ခြင်း ကဏ္ဍတွင် သင်ကြားခြင်းဖြင့် အမှုဆောင်ခြင်း(Teaching Ministry)သည်းတစ်ခုအပါအဝင် ဖြစ်သည်။ ကျွန်ုပ်တော်တို့အသင်းတော်တွင် သင်ကြားခြင်းဖြင့် အမှုဆောင်ခြင်းသည် အလွန် အားနည်းလျက်ရှိကြောင်းကိုတွေ့ရသည်။ သင်ကြားခြင်းဖြင့်အမှုဆောင်ခြင်းရည်ရွယ်ချက်မှာအသင်းသူအသင်းသားများကို ဘာသာရေး အသိပညာဗဟုသုတ တစ်နည်းအားဖြင့်ဘုရားသခင့်အလိုတော်နှင့် အကြံအစည်တော်၊ ဘုရားသခင်ဆိုင်ရာ အမှန်တရားတို့ကို ဖွင့်ပြသိရှိစေရန်ပင်ဖြစ်သည်။ ဤရည်ရွယ်ချက်ကို သမ္မာကျမ်းစာဓမ္မပညာပါရဂူရှင် အမျိုးမျိုးတရေးသားထားသော ဘာသာရေး စာအုပ် စာပေမျိုးစုံနှင့်ရင်းတို့စနစ်တကျစုစည်းထားရှိသော အသင်းတော်စာကြည့်တိုက်များ၊ ကျမ်းစာ ကျောင်းစာကြည့်တိုက်များက အဓိက ဖြည့်စွမ်းပေးနိုင်ပါသည်။ ဆရာတစ်ဦး၏ သင်ကြားပြသမှုကသင်ယူသူတို့အဖို့ ထိုဆရာ၏ ကျွမ်းကျင်နှံ့စပ်မှုအတိုင်းအတာအထိသာ ရရှိနိုင်မည် ဖြစ်သော်လည်း စာကြည့်တိုက်ရှိ စာအုပ်မျိုးစုံက ဘာသာရပ်မျိုးစုံအကြောင်းအရာ မျိုးစုံနှင့် လေ့လာသူတို့ကိုထိတွေ့စေမည်ဖြစ်ပါသည်။

ယနေ့ကျွန်ုပ်တော်တို့ ခရစ်ယာန်များ နှုတ်ကပတ်တော်အဖြစ် အလေးအမြတ်ထားသော သမ္မာကျမ်းစာသည် ဘုရားသခင်ပါဝင်သော လူ့သမိုင်းစဉ်ကြီးကို ဖော်ပြသည့် စာအုပ်ကြီးပင်မဟုတ်ပါလော။ သမ္မာကျမ်းစာသည် ခရစ်ယာန်ယုံကြည်မှု၏အခြေခံအုတ်မြစ်ပင် မဟုတ်ပါလော။ သမ္မာကျမ်းစာမှာတစ်ဆူတည်းသော ဘုရားနှင့် ထိုဘုရားရှင်၏လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်များကို ဖော်ပြနေသည်မဟုတ်ပါလော။ သမ္မာကျမ်းစာကို မဖတ်ပါက ထိုအကြောင်းအရာတို့ကို မည်ကဲ့သို့ နားလည်နိုင်မည်နည်း။ စာမဖတ်တတ်သူတို့အား သနားဆင်ရသူတို့ပင် သမ္မာကျမ်းစာကိုဖတ်ရသည်မဟုတ်ပါလော။

အမှန်အားဖြင့် စာမတတ်သူတို့သည် အသိဉာဏ်အရာ၌ ကယ်တင်ခြင်း မရသေးသောသူများပင်ဖြစ်သည်။ သူများပြောသမျှကို မျက်စိမှိတ်၍ ယုံရမည့်သူများ၊ ဆင်ခြင်တုံတရားနည်းသောသူများသာ ဖြစ်ရပေတော့မည်။ စာတတ်သူများက စာမတတ်သောသူများကို ဘုရားသခင့် ကျေးဇူးတော် ဖြစ်သည့် စာတတ်ခြင်းဟူသော ဆုကျေးဇူးကိုအသုံးပြု၍ စာပေဆင်ကြားပေးခြင်းအားဖြင့် သူတို့အားအသိဉာဏ်ကယ်တင်ခြင်းကို ပေးရပေမည်။ ဘုရားသခင့်ဆုကျေးဇူးအား မိမိတို့သာလျှင် သိမ်းဆည်းမထားဘဲ အဆတစ်ရာ၊ အဆတစ်ထောင်ပွားများအောင် လုပ်ဆောင်ရန် လူသားတိုင်း၌ တာဝန်ရှိပါသည်။ အမှန်စင်စစ် စာဖတ်တတ်သော်လည်း စာမဖတ်သူ၊ သမ္မာကျမ်းစာ၊ ဘာသာရေးစာပေများ မလေ့လာသူတို့သည် ဘုရားသခင့်ဆု ကျေးဇူးကို မျက်ကွယ်ပြုသူ၊ အလွဲသုံးစားသူ၊ ပျင်းရိသူ၊ အမှန်တရားကို မလိုလားသူများသာ ဖြစ်ပါသည်။

တစ်ဖန်သမ္မာကျမ်းစာကို ဖတ်သော်လည်း နားမလည်သည့် အဓိပ္ပာယ်များစွာ ရှိသည်ကို တွေ့ရပေမည်။ အချို့က သမ္မာကျမ်းစာတစ်ခုတည်းကိုသာ လက်ကိုင်ပြုပြီး သန့်ရှင်းသော ဝိညာဉ်တော်ဖွင့်ပြမှုဆိုကာ ကျမ်းတင်ချက်ကိုပင် ကိုယ်လိုရာဆွဲ၍ အဓိပ္ပာယ် ဖွင့်ဆိုသွန်သင်သဖြင့် အလွဲလွဲအမှားအမှား၊ အကွဲကွဲအပြားအပြားဖြစ်ရသည့်မှာဝမ်းနည်းစရာပင်။

အကယ်စင်စစ် သမ္မာကျမ်းစာကို မှန်ကန်စွာ နားလည်ရန်၊ သမ္မာကျမ်းစာပါရဂူများ၏ အနက်ဖွင့်ကျမ်းများ၊ ရှုံချပ်၊ ကျောက်ပြား၊ ကျူချပ်ပြားမှသည်၊ စက္ကူအထိ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသော၊ တရားဝင်ကျမ်းအဖြစ် ဖြစ်ပေါ်၊ ပေါ်ထွက်လာသော သမ္မာကျမ်းစာ ဖြစ်ပေါ်လာပုံသမိုင်း၊ ဓမ္မဟောင်း ဓမ္မသစ်ကိုရေးသားသည့် မူရင်းဟေဗြဲစာ၊ ဂရိစာနှင့် ကျမ်းကို ရေးသားသောမူရင်း ဘာသာပြန်ချက်ရင်းတို့မှ ဘာသာပြန်သော ဘာသာပြန်ချက်များ၊သမ္မာကျမ်းစာ၏ပထဝီဝင်၊ပါဝင်သော လူမျိုးတို့၏ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ၊ ခံယူချက်၊ အသုံးအနှုန်း၊ အတွေးအခေါ် စိတ်နေစိတ်ထား စသည်တို့ကိုပါ ခြုံငုံ၍သိရှိရန်လိုပါသည်။ ထို့ပြင် သမ္မာ ကျမ်းစာကို ယခုခေတ်အဖြစ်အပျက် အခြေအနေများနှင့် မည်ကဲ့သို့ ဆက်စပ်လျက်ရှိကြောင်း သိရှိရန် ယနေ့ကမ္ဘာကြီးနှင့်လူသားတို့၏ အဖြစ်အပျက် အခြေအနေအကြောင်းအရာကဏ္ဍစုံကိုလည်း လေ့လာဖို့ရန်လိုအပ်ပါသည်။ သမ္မာကျမ်းစာ တစ်ခုတည်းက ဤအကြောင်းအရာ အစုံကို အသေးစိတ် ဖော်ပြထားပါ။ ဘုရားသခင်၏ လူ့သမိုင်းစဉ်တွင် ပါဝင်မှုနှင့် ဘုရားသခင်၏ ဖွင့်ပြမှုတို့ကို သမ္မာကျမ်းစာ တစ်ခုတည်းနှင့် ဘောင်ခတ် ထားသတ်ထား၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် အကြောင်းအရာစုံ ကဏ္ဍစုံကို လေ့လာရန်လိုအပ်ပါသည်။

ဤလိုအပ်ချက်တို့ကို ဖြည့်ဆည်းရန်အား ဘာသာရေးဆိုင်ရာနှင့် အကြောင်းအရာ ကဏ္ဍစုံကို စာအုပ်စာပေများကို စနစ်တကျထားရှိ လည်ပတ်သော အသင်းတော် စာကြည့်တိုက်များ ဖွဲ့စည်းတည်ထောင်ရေးပင် ဖြစ်ပါသည်။ ဤအရာသည် မဖြစ်နိုင်သော အရာမဟုတ်ပါ။ စာအုပ်များ၍လျှင် သင့်တင့်သော နေရာတစ်ခုရှိလျှင် အသင်းတော် စာကြည့်တိုက်တစ်ခုဖြစ်လေပြီ။ ထိုစာကြည့်တိုက်ကို ထိန်းသိမ်းပေးမည့်သူ တစ်ဦးရှိလည်း အသင်းတော်စာကြည့်တိုက် လည်ပတ်နိုင်လေပြီ။ ဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်ကို ကိုယ်တိုင်ဦးစီးကြပ်မတ်ပေးခြင်းဖြင့် အသင်းသားတိုင်းကို အာ‌ပေါက်အောင် တရားဟောစရာ ပညာပေးစရာ မလိုတော့ကြောင်းကို တွေ့ရပေမည်။ တစ်ခုတော့ရှိပါသည်ဘုန်းတော်ကြီးကိုယ်တိုင်အမူစာများများဖတ်ရန် လိုလာပါတော့မည်။ ဤသို့ဖြင့်

ဘုန်းတော်ကြီးသည် ပညာဗဟုသုတ ပြည့်ဝလာပြီး အရည်အချင်း မြင့်မား လာနိုင်ပါသည်။

ဘုန်းတော်ကြီးများသည် စာအုပ်စာပေများစုဆောင်းထားကိုယ်ပိုင်စာကြည့်တိုက်များထားရှိအပ်ပါသည်။ ဘုန်းတော်ကြီး နေအိမ်တစ်နေရာရာတွင် အသင်းတော်ကိစ္စများ လုပ်ဆောင်ရန် ကျမ်းစာဖတ်ဆုတောင်းရန်၊ စာပေလေ့လာရန် နေရာတစ်နေရာကို သီးသန့်သတ်မှတ်သင့်ပါသည်။ ဖြစ်နိုင်လျှင် ရုံးခန်းအသေးတစ်ခုပမာ ပြုလုပ်ထားသင့်ပါသည်။ ရုံးခန်း၊ စာကြည့်တိုက်ဟူ၍ ကြီးကြီးကျယ်ကျယ် လုပ်စရာမလိုပါ။ စားပွဲတစ်လုံး၊ ဗီရို(သို့)စာအုပ်စင်တစ်ခုနှင့် ကုလားထိုင်တစ်လုံး ရှိလျှင်ပင် စာကြည့်တိုက်နှင့် ရုံးခန်းဖြစ်ပေပြီ။ ဤသည်ပင်လျှင် ကြီးကျယ်သေးသည် ဆိုလျှင်လည်း ကိစ္စမရှိပါ။ သေတ္တာတစ်လုံးနှင့် ထမင်းစားစားပွဲဝိုင်းကလေး တစ်ခုရှိလျှင်ပင် အလုပ်ဖြစ်ပေပြီ။ ကိုယ်ပိုင်စာကြည့်တိုက် ထားရှိခြင်းဖြင့် ဘုန်းတော်ကြီးသည် တရားဟောချက်ပြင်ဆင်ရာတွင် လည်းကောင်း၊ မိမိဝိညာဉ်ခွန်အားအတွက် လည်းကောင်း၊ အသင်းတော်ရေးရာများ စီမံခန့်ခွဲရာ၌ လည်းကောင်း ပြဿနာများ ဖြေရှင်းရာ၌လည်းကောင်း၊ များစွာသောအထောက်အကူရ၍မိမိကိုယ်ကိုလည်း ယုံကြည်စိတ်ချမှု ပြည့်ဝ လာ နိုင် ပါ သည်။ ဥပမာ—ဆက်ထပ်ခြင်းနှင့် ပတ်သက်၍ပြဿနာပေါ်ပေါက်လာသည်ဆိုပါစို့၊ အသင်းတော်စည်းမျဉ်းဥပဒေ စာအုပ်နှင့် လက်ထပ်ခြင်း၏ ဓမ္မဆောင်စာအုပ်တို့မိမိ၌ရှိနေလျှင်ထိုပြဿနာအတွက် ခေါင်းခဲစရာ မလိုတော့ပေ။

အသင်းတော် စာကြည့်တိုက်တစ်ခု တည်ထောင်ရေးအတွက် စာအုပ်၊ နေရာနှင့် ထိန်းသိမ်းပေးမည့်သူ(သို့)စာကြည့်တိုက်မှူး တစ်ဦးဟူ၍ အချက်(၃)ချက်လိုအပ်ရာ။ စာအုပ်များကို မည်သို့စုဆောင်း မည်နည်း။ မိမိတို့လိုအပ်သော စာအုပ်များရှိသူ အသင်းသူအသင်းသားများထံမှ စာအုပ် အလှူခံခြင်းဖြင့်လည်းကောင်း၊ တစ်ဦးခြင်းထံမှ ငွေကြေးအလှူခံခြင်းဖြင့်လည်းကောင်း၊ အသင်းတော်တွင်းနှင့် အသင်းတော်ပြင်ပရှိ အဖွဲ့အစည်း၊ အသင်းအဖွဲ့များထံမှ အကူအညီ တောင်းခံခြင်း၊ အသင်းတော်တွင် စာအုပ်ဝယ်ယူရန် ဘတ်ဂျက်ထားခြင်းဖြင့် တစ်လလျှင်တစ်အုပ်၊ နှစ်အုပ်စသည်ဖြင့် လစဉ်ဝယ်ယူစုဆောင်းခြင်းတို့ဖြင့် စာအုပ်များကို စုဆောင်းသွားနိုင်ပါသည်။ ဗီရို၊ စားပွဲ၊ စာအုပ်စင်များကိုလည်း အလားတူစုဆောင်းနိုင်ပါသည်။

နေရာအတွက် ဖြစ်နိုင်သည့်နည်းလမ်းများကို အကြံပြုပါမည်။ အခြားသီးသန့်နေရာ မရှိလျှင် ဘုန်းတော်ကြီး နေအိမ်သည် သင့်တော်သော နေရာတစ်ခုဖြစ်ပါသည်။ ဘုန်းတော်ကြီးနှင့်တကွ ဘုန်းတော်ကြီးနေအိမ်သည် အသင်းသူအသင်းသားများ ပျော်မွေ့စုရုံးရာ နေရာတစ်ခုဖြစ်သင့်ပါသည်။ သီးသန့် အဆောက်အအုံ (သို့)အခန်း ရနိုင်လျှင် ပို၍ကောင်းပါသည်။ အသင်းတော် ခန်းမ ဆောင် ရှိ လျှင် ထိုခန်းမဆောင်ထောင့် တစ် နေ ရာ ရာ တွင် စာအုပ်များထားရန် ဗီရို၊သေတ္တာ၊စာအုပ်စင်များ၊ ကုလားထိုင်၊ စားပွဲများကို နေရာချထားကာ စာကြည့်တိုက်တစ်ခု ဖန်တီးနိုင်ပါသည်။ အလွန်သင့်တော်သော နေရာတစ်ခုလည်း ရှိပါသေးသည်။ယင်းမှာဘုရားကျောင်းပင်ဖြစ်ပါသည်။ ဘုန်းတော်ကြီးအဝတ်လဲခန်း၊ သို့မဟုတ် ဘုရားကျောင်း အနောက်ဘက်ထောင့် တစ်နေရာရာတွင် စာအုပ်၊ ဗီရို(သို့)စာအုပ်စင်များ ထားရှိကာ၊ ဘုရားကျောင်းထိုင်ခုံများ၊ ဖျာများပေါ်တွင်ထိုင်၍ စာအုပ်များကို ဖတ်နိုင်မှတ်နိုင်ပါသည်။နယူးဇီလန်မှ ဓမ္မပညာရှင်တစ်ဦးဖြစ်သူ ဓစ္စတာဂျွန်အင်လန်က စာကြည့်တိုက်သည် စာဖတ်သူနှင့်ဘုရားရှင်ကို ထိတွေ့စေသော နေ ရာ ဖြစ် သော ကြောင့် သန့်ရှင်းသော နေရာတစ်ခုဖြစ်သည်ဟု ဆိုပါသည်။ မှန်ပါသည်။ ဘုရားကျောင်းတွင်းတွင် တိတ်ဆိတ်စွာ စာဖတ်ရင်း ဘုရားသခင်ထံ စိတ်ပြုနိုင်ပါသည်။ အချင်းချင်းလည်းတရားဆွေးနွေးနိုင်ပါသည်။ တစ်ပတ်တွင်တနင်္ဂနွေ တစ်ရက်သာ လူရှိတတ်သော ဘုရားကျောင်းတွင်ဘုရားသခင်သားသမီးများ စုဝေး လာစေနိုင် ပါသည်။

ယခုခေတ်ကြီးသည် လျှင်မြန်စွာ ပြောင်းလဲလျက်ရှိရာ မေးခွန်းပေါင်း၊ ပြဿနာပေါင်း များစွာ ပေါ်ထွက်လျက်ရှိပါသည်။ အသင်းတော်အတွင်း၌ပင် ဘုန်းတော်ကြီးများ၊ ဓမ္မဆောင်များ၊ အသင်းအဖွဲ့ ခေါင်းဆောင်များ၊ မိဘများ မဖြေနိုင်သည့်မေးခွန်းပေါင်းများ၊ မဖြေရှင်းနိုင်သည့် ပြဿနာပေါင်းများစွာ၊ ဥပမာအားဖြင့် သေခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း မည်ကဲ့သို့ နားလည်နိုင်မည်နည်း။ လူငယ်များ ရင်ဆိုင်နေရသော ပြဿနာများ၊ ဘုရားသခင်က မကောင်းမှု ဒုစရိုက်များကို ကမ္ဘာလောကတွင် အဘယ်ကြောင့် ရှိနေစေရသနည်း။ ခရစ်ယာန်အိမ်ထောင်ဆိုင်ရာ ပြဿနာများ၊ အသင်းအဖွဲ့များ၏ ထိရောက်သော အစီအစဉ် များကို မည်ကဲ့သို့ လုပ်ဆောင် မည်နည်း။ ဝေဖန်လိမ်ညာခြင်း၊ သာသနာပြုခြင်း အကြောင်း၊ အကြောင်း၊ အသင်းတော် စည်းမျဉ်းဥပဒေ စသည် စသည်ဖြင့် မေးခွန်းပေါင်း များစွာရှိရာ အသင်းတော် စာကြည့်တိုက်က ယင်းမေးခွန်းများကို ကူညီ ဖြေရှင်းပေးနိုင်ပါသည်။

သို့သော်၊ ကျွန်ုပ်တော်တို့ အသင်းတော်၌ ကျမ်းစာ ကျောင်းများ၌ပင်လျှင် စာကြည့်တိုက်ဟူ၍ ပီပီပြင်ပြင် မရှိကြသေးကြောင်း၊ အမှန်မှာ ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပေသည်။ အသင်းတော်တိုင်း၊ ကျမ်းစာ ကျောင်းတိုင်း၊ သာသနာပိုင်နယ်တိုင်းနှင့် သာသနာပိုင်ချုပ်နယ်ရုံးတို့တွင်ပါ စာကြည့်တိုက်များ ရှိသင့်လှပေသည်။

ယနေ့ တိုးတက်သော နိုင်ငံများရှိ လူမျိုးများသည် စာဖတ်သော လူမျိုးများ ဖြစ်ကြောင်း တွေ့ရသည်။ ယနေ့ အာရှတိုက်တွင် အသင်းတော် တိုးတက် ဖွံ့ဖြိုးလျက် ရှိသော စင်္ကာပူ၊ တောင်ကိုးရီးယားတို့တွင် ဘုန်းတော်ကြီးများမှစ၍ အသင်းသူ အသင်းသားများသည် စာအလွန်ဖတ်၍ ဗဟုသုတရှာမှီးကြသူများဖြစ်ကြောင်း တွေ့ရသည်။ စာဖတ်သော အလေ့အထနှင့် အသင်းတော် စာကြည့်တိုက်များ ထူထောင်ခြင်းသည် မဖြစ် နိုင် သော အလုပ်၊ အလွန်ခက်ခဲသောအလုပ် မဟုတ်ပါ။ ကျောက်ခဲကို မုန့်ဖြစ်စေရန် လုပ်ခိုင်းနေခြင်း မဟုတ်ပါ။ လုပ်ချင်သော ဆန္ဒရှိက ဖြစ်နိုင်သော အရာဖြစ်ပေသည်။

ဘုရားသခင် ပါရှိက မဖြစ်သောအရာ မရှိပါ။ သို့သော် လူ့သမိုင်းစဉ်၌ ဘုရားသခင်သည် မိမိ၏လုပ်ငန်းဆောင်တာများကို လူသားတို့နှင့် အစဉ်လက်တွဲ၍ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရပေသည်။ သို့သော် ရွေးချယ်ဆုံးဖြတ်၍ လုပ်ဆောင်ရန်ကား လူသားတို့၏တာဝန်သာဖြစ်ပါသည်။ ဘုရားသခင်လဲပါ၊ ကျွန်ုပ်တော်တို့ လည်း ကြိုးစားအားထုတ်က အသင်းတော် စာကြည့်တိုက်များ ဖွဲ့စည်း တည်ထောင်ရေးသည် အဘယ်မှာ မဖြစ်နိုင်ဘဲ ရှိပါအံ့နည်း။

သန်းမြင့်ဦး

သန့်ရှင်းသောအားတိုင်ဓမ္မတက္ကသိုလ်။

# ရှင်သောပူဇော်သက္ကာ

ဘုန်းပ်ဝန်အုပ်

ဤသရေသလူမျိုးတို့ ပူဇော်သက္ကာအတွက် တိရိစ္ဆာန်များကို ရွေးချယ်ရာတွင် နွား၊ သိုး၊ ဆိတ်များကို တင်လှူပူဇော်ကြရသည်။ ထို တိရစ္ဆာန်များကိုပူဇော်သက္ကာအဖြစ်ရွေးချယ်ရာတွင် ယဉ်ပါးသော တိရစ္ဆာန်ဖြစ်ရမည်။ အပြစ်မပါသောအထီးဖြစ်ရမည်။ ယဉ်သောတိရိစ္ဆာန်ဖြစ်ရခြင်းမှာ လူများများ အတွက် အကျိုးရှိပြီး မြတ်နိုးခင်တွယ်ဖွယ် ဖြစ်သည်။ နှစ်သက်လွယ်သော အရာလည်းဖြစ်သည်။ အပြစ်ကင်းသော တိရစ္ဆာန်ဆိုသည်မှာ အနာအဆာကင်းခြင်း၊ ဒီဖိုးမှုရှိခြင်း၊ ရောဂါဘယ ကင်းခြင်းတို့ဖြစ်သည်။ ပူဇော်ခံယဇ်ကောင် အနေဖြင့် အပြစ်ဟူ၍ ထောက်ပြစရာ ကင်းရှင်းရမည်။

ဤသရေလ လူမျိုးတို့ ယဇ်ကောင်ပူဇော်ရန် ပြင်ဆင်သောအခါ မိမိတို့ကြိုက် နှစ်သက်ပြီး အဆင်းသဏ္ဌာန် လှပသော တိရစ္ဆာန်များ ကို ရွေးချယ်ပူဇော်ကြရသည်။ လူသားတိုင်းတွင် မိမိကိုယ်ကိုမချစ်မနှစ်သက်သောသူမရှိ၊ အမြတ်တနိုး ထားတတ်ကြစမြဲဖြစ်သည်။ ထို့ကြောင့်လည်း ကိုယ်ခန္ဓာလိုလားမှု ဖြည့်ဆည်းရာတွင် ဘေးပတ်ဝန်းကျင်ကဲ့ရဲ့ပြစ်တင်မှုကိုဂရုမထား၊ လူကြီးသူမတို့၏ ဆို ဆုံးမ မှု များ ကို လည်း အလေးမမူ၊ အရေးကြီးသည်မှာ မိမိကိုယ်ခန္ဓာလိုအားမှုဖြည့်ရန် အရေးကြီးသည်။

ယုံကြည်သူအသင်းဝင် ဖြစ်လာရန်အတွက် (၁)မာရ်နတ်နှင့်မကောင်းမှုအမျိုးမျိုး၊ (၂) လောက လိုက်စားခြင်း၊ အချည်းနှီးတောင်လွှားခြင်း၊ (၃)ကိုယ်ကာယ တပ်မက်ခြင်းအမျိုးမျိုးစသည့်တို့ကို စွန့်ပယ်ပါ၏ဟုအတိခံခဲ့ကြသည်။ ဤအရာများသည်ယုံကြည်သူများ၏ ဝိညာဉ်အသက်တာကို အားနည်းစေသည်။ ချို့ယွင်းစေသည်၊ ဘဝနှင့် ဘုရားရှင်အပေါ် သစ္စာထားမှုများကို ပျက်စီးစေသည်။ ငယ်စဉ်က သစ္စာပြုသော အရာများကို လူလားမြောက်သည့်အရွယ်သို့ ရောက်သောအခါ ဆန်းစစ်ရန် လိုအပ်သည်။ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုတ် လေ့ကျက်မှုဖြင့် ပြုပြင်ရန် လိုအပ်သည်။ တစ်ခါဟည်းနှင့် ပြည့်ဝစုံလင်မှုကိုရနိုင်၊ အသက်တာကုန်ဆုံးသည့်တိုင် ဘုရားရှင်ကို ကိုယ်စိတ်ဝိညာဉ် အပ်နှံခြင်းဖြင့်ကြိုးစားပြုပြင်ရမည်ဖြစ်သည်။

သာသနာပြု ဆရာကြီး အတော်များများသည် မိမိတို့စည်းစိမ် ဂုဏ်အဆင့်အတန်းကို စွန့်၍ အလွန်ဝေးလံသီခေါင်ကျေးလက်ခေတ်ဦးအဆင့်မျှသာရှိသော လူနေဒေသ များ သို့ အသက်စွန့် သွားကြသည်။ မိမိတို့အသက်တာတစ်ခုလုံးကိုရင်းနှီးပြီး ထိုဒေသရှိလူသားများကို အသိဉာဏ် ဖွံ့ဖြိုးအောင်၊ နယ်မြေဒေသ တိုးတက်အောင် ပြုစု ပျိုးထောင်ခဲ့ကြသည်။ လစ်ဗင်စတုန်းနှင့် အဲလ် ဘတ် ဆယ် ဇာကဲ့သို့သော သာသနာပြု ပုဂ္ဂိုလ်များသည် လူရိုင်းများ၏ အန္တရာယ်ပြုမှုကိုပင် ရင်ဆိုင်ကာ ထိုသူတို့ကို ဘုရားသိအောင် ပြုပြင်နိုင်သည်သာမက သူတို့ဒေသကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခဲ့သည်။

မြန်မာပြည်သို့ သာသနာပြုသူတို့ အနက် ထင်ရှားကျော်ကြားသူမှာ ဒေါက်တာယုဒသန်ဖြစ်သည်။ မိမိအသက်တာစွမ်းအားကျွမ်းကျင်မှုအချိန်ရှိသမျှတို့ကိုဆက်ကပ်ကာမြန်မာလူမျိုးများ ခရစ်တော်ထံ ရောက်ရှိအောင် ဆောင်ကျဉ်းပေးနိုင်ခဲ့သည်။ ပထမဦးဆုံး သမ္မာကျမ်းစာကို မြန်မာစာနှင့် ဘာသာပြန်နိုင်အောင် ကြိုးစားလုပ်ဆောင်ခဲ့သည်။ အင်္ဂလိပ်မြန်မာအဘိဓာန်၊ မြန်မာအင်္ဂလိပ် အဘိဓာန်များကို ပထမဦးဆုံး ထုတ်ဝေနိုင်ခဲ့သည်။ မိမိကိုယ်တိုင်၌မူအခွင့်အရေးမရှိ၊ သားဆုံးမယားဆုံး ကျိန်းမာရေးဆုံးရှုံးခဲ့ရသည်။ နောက်ဆုံး ကိုယ်ခန္ဓာမြေမြှုပ်ရာ သင်္ချိုင်းပင် ကျန်ရစ်နိုင်ခဲ့ခြင်း မရှိရှာချေ။

မြန်မာပြည်သို့မျက်မမြင်သာသနာပြုအဖြစ် ရောက်လာသူ ဖာသာနိုလ်ဂျက်ဆင်သည်လည်း မိမိနိုင်ငံတွင် ကောင်းမွန်စွာ နေနိုင်လျက်နှင့် မြန်မာပြည်တွင် လာရောက်ပြီး ဒုက္ခခံခဲ့သည်။ မြန်မာပြည်တွင် လာရောက်ပြီး ဒုက္ခခံခဲ့သည်။ မြန်မာ့နည်းနှင့် မျက်မမြင်စာကို တီထွင်ပေးခဲ့သည်။ သူသည်လည်း ရေခြား မြေခြားရှိ ရောဂါနှင့်ပင် ရန်ကုန်မြို့တွင် ကွယ်လွန်ကာ မြေမြှုပ်သင်္ဂြိုဟ်ခြင်း ခံခဲ့ရသည်။

အမည်နာမအတိအကျဖော်ပြမထားသော သာသနာပြု ဆရာ၊ ဆရာမ အတော်များများ မြန်မာပြည်တွင် အသက်ပေးသာသနာပြုခဲ့ကြသည်။ ထိုသူတို့အနက် ထင်ရှားသောသူများရှိသလို ပေါ်လွင်ထင်ရှားမှုမရှိသောသာသနာပြုများလည်း ရှိကြသည်။ ထိုသူတို့ ဤကဲ့သို့ စွန့်စားခဲ့ကြရာတွင် မည်သည့်အကျိုးမျှ ခံစားခြင်းမရှိကြချေ။ ခရစ်တော်အတွက် ဟူသော အတွင်းဝိညာဉ်ခွန်အားနှင့် ဆက်ကပ်ကြခြင်းသာဖြစ်ကြသည်။

ဆက်ကပ်မှုတွင် ပါးစပ်နှင့်ပြောရလွယ်သလောက် လက်တွေ့ အသက်တာတွင် အလွန်ခက်ခဲသည်။ သူတစ်ပါးကို သွန်သင်ရန် တရားဟောရန် အလွန်လွယ်ပါသည်။ မိမိကိုယ်တိုင် ကျင့်ရန်မှာအလွယ်ဆုံး၊ အသေးငယ်ဆုံးသောအရာကိုမစွန့်လွှတ်နိုင် မကျင့်သုံးနိုင် ဖြစ်တတ်ကြသည်။ အခြားသူများ အထွက်စံအဖြစ် အသက် ရှင်မည့် အစား တိုက်လဲရာ ဖြစ်ခြင်းကြောင့် ဟောပြောမှု မထိရောက်သည်များ ရှိသည်။

အချို့က ဆက်ကပ်သည် ကြိုးစားသည်။ ကိုယ်ကျိုးစီးပွား အတွက် အကျိုးအမြတ်ရှိအောင် ကျိုးစားသည်။ ကိုယ်ကျိုး အတွက် အမြတ်ရှိလျှင် ကြိုးစားမှု လျော့နည်းသွားသည်။

အရှင်ခရစ်တော်မိန့်ဆိုသည်မှာ မိမိ ဆက်ကပ်ပါးထားး တိုင်ထမ်း၍ သူ့နောက်လိုက်ရန်ဖြစ်သည်။ ဘုရားကိုချစ်ရာတွင် စိတ်နှလုံးရှိသမျှ၊ ဉာဏ်ရှိသမျှ၊ အစွမ်းရှိသမျှတို့နှင့် ကိုယ်ကျိုးမငဲ့ညှာပဲ ချစ်ရန်ဖြစ်သည်။ ထိုသို့သောစိတ်မှုတ်နှင့် ဘုရားရှင်အတွက် အသက်ရှင်အမှုတော်ဆောင်လျှင် အပြစ်အနာအဆာ ကင်းသော ပူဇော်သက္ကာကဲ့သို့ ဘုရားရှင်ရှေ့တော်မှောက်တွင်ဖြစ်နေမည်။ သေပြီးမှ ပူဇော်ခံခြင်းမျိုးမဟုတ်ဘဲ အသက်ရှင်လျက်နှင့် ဘုရားရှင်၏ အမှုတော်မြတ်အတွက် နာမတော်မြတ်အတွက် အကောင်းဆုံးအသက်ရှင်အစေခံသော အသက်တာ ဖြစ်ပေမည်။

၁၉၉၃/၉၄ စာသင်နှစ် သန့်ရှင်းသော ကားတိုင် ဝမ္မတက္ကသိုလ်
ကျောင်းသူ/သား အင်အား

ပထမနှစ်

၁။ မေခင်ကျော်မျိုးနိုင် (မန္တလေး သခသနာပိုင်နယ်)
၂။ စေစအောင်ခိုင်သွန်း (တောင်ငူ ။ )
၃။ ဆလိုင်းစိုးသိန်း (စစ်တွေ ။ )
၄။ စသန့်ဇင်အုံး (ရန်ကုန် ။ )

ဒုတိယနှစ်

၅။ ဆလိုင်း ပြည့်တိုင်း (စစ်တွေ ။ )
၆။ မေခင်ပေါလ်တူးအောင် (မြစ်ကြီးနား ။ )
၇။ နန့်ခခသ (ရန်ကုန် ။ )
၈။ နော်သက်လေထူး (ဖားအံ ။ )


တတိယနှစ်

၉။ မေခင်ဂျူနီတင်ဝင်း (မန္တလေး ။ )
၁၀။ ဆလိုင်း အောင်မျိုးထွန်း (ရန်ကုန် ။ )
၁၁။ ဆလိုင်းစိုးလွင် (ရန်ကုန် ။ )
၁၂။ မေခင်ဝင်းနန္ဒာထွန်း (ရန်ကုန် ။ )
၁၃။ ဆလိုင်း ကိုကိုအောင် (စစ်တွေ ။ )
၁၄။ စောအယ်လယ်ဂေဆေး (ဖားအံ ။ )
၁၅။ ဆလိုင်း စိန်အောင် (စစ်တွေ ။ )
၁၆။ ဦးဟောခလွန်း (လော်ဝေါနှစ်ခြင်းအသင်းတော်)
၁၇။ မအက်စတာရွှယ်လုံ (မြစ်ကြီးနား သာသနာပိုင်နယ်)
၁၈။ နော်ရှဲရှိဖော (ဖားအံ ။ )
၁၉။ နော်ပသီဖော (တောင်ငူ ။ )

စတုတ္ထနှစ်

၂၀။ ရယ်ဂျီနယ်ဘဲနက် (ရန်ကုန် သာသနာပိုင်နယ်)
၂၁။ စောဂျတီစတီး (တောင်ငူ ။ )





တောကျက်

– 'အချိန်ဖြုန်းတီးခြင်းဆိုသည်မှာ အချိန်ကို တန်ဖိုးရှိစွာ အသုံးမချဘဲ အလဟဿ ကုန်ဆုံးစေခြင်းမျိုးဖြစ်ပါသည်'

– 'ငွေ ဖြုန်းတီးခြင်းဆိုသည်မှာ ငွေကိုအကျိုးရှိစွာ အသုံးမပြုဘဲ၊ အဓိပ္ပါယ်မဲ့ သုံးဖြုန်းနေခြင်းမျိုးဖြစ်ပါသည်'

– 'ဦးနှောက်' ဖြုန်းတီးခြင်းဆိုသည်ကား—

ယနေ့ လောက ပတ်ဝန်းကျင်တွင် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် စသည့် 'ဦးနှောက်'ကို အထက်တန်း အသုံးပြုနေသော အချိန်ကာလဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုးတွင် မိမိ၌ 'ဦးနှောက်မရှိလျှင် လူ့စန်းကျင်နှင့် ရင်ပေါင်တန်းနိုင်ပါမည်လော။ လူတိုင်းလိုလိုပင် ပညာတတ်မဖြစ်နိုင်စေကာမူ ပညာဆင်ယူရန် အခွင့်အလမ်း ရှိကြပေသည်။ ပညာအတတ်နှင့်ပြည့်စုံသောသူသည် ခွန်အား တိုးပွားတတ်ပါသည်။ (သုတ္တံ ၂၄း ၅)ရှောလမုန်မင်းကြီးသည် ဘုရားရှင် ပေးသနားတော်မူသော ပညာအားဖြင့် ဘုရားရှင်၏ဘုန်းတော်ကို ထင်ရှားစေခဲ့ ပါသည်။ (စမွ တတိယ

၁၀၇(၁-၀၃) 'အသင်းတော်တွင်း၌ ပညာတတ်မရှိလျှင်လဲ ဖြစ်ပါသည်'ဟူသော အတွေးအခေါ်မျိုးနှင့် ပတ်သက်၍ သင့်စိတ်ထဲတွင် အဝင်ကျနိုင်ပါသလော၊ အဘယ်ကြောင့်နည်း။

ယနေ့ အသင်းတော်သည် ဖြစ်တည်နေသော လူ့ပတ်ဝန်းကျင်နှင့်အတူ 'ဦးနှောက်' နှင့်ပတ်သက်၍ ရင်ပေါင်တန်းနိုင်ရန် အထူးလိုအပ်ပေသည်။ အကြောင်းမှာ နာမ်ဝိညာဉ်ဖြစ်တော်မူသော ဘုရားရှင်သည် လူ့ဇာတိကိုခံယူခြင်းဖြင့် လူ၏ရုပ်ပိုင်းလောကကို ယူတင်စတင်ဆောင်သည့်နည်းတူ ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သောအသင်းတော်သည်လည်း ရုပ်ပိုင်းလောကဆိုင်ရာ ပတ်ဝန်းကျင်နှင့် ထပ်တူထပ်မျှ အသက်ရှင်နိုင်ရန် လိုအပ်ပေသည်။

ရုပ်ပိုင်းလောကနှင့် ထပ်တူ အသက်ရှင်၍ မကောင်းမှုကိုပြုနေရန်မဟုတ်ပေ၊ ဘုရားရှင်၏ ကယ်တင်ခြင်း သတင်းကောင်း လောကီသားများ ပိုမို၍ သိနားလည် ခံစားနိုင်ရန် ထပ်တူအဝခံယူပြီး ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားတော်ကို ပြသရမည်ဖြစ်ပေသည်။ ဤသို့ ရင်ပေါင်တန်းရပ်သည်မှု ထပ်တူ အစခံယူမှု အဖြစ်အနေမှ နောက်တစ်လှမ်း ဆုတ်ခွာခြင်းသည်ပင်လျှင် သီလကြောင် ဖာရိရှဲကဲ့သို့ ဖြစ်ပေတော့မည်။

ဤအချက်ကို သဘောမပေါက် မခံယူနိုင်လျှင် ခရစ်တော်၏ လူ့ဇာတိခံယူခြင်းနှင့်ပတ်သက်၍ ပီပြင်လေးနက်စွာ နားလည်မှု မရှိသေးကြောင်း ထောက်ပြနေပါသည်။ အပြစ်ဒုစရိုက်အမျိုးမျိုးနှင့် သေခြင်း၏ တန်ခိုးကို အောင်နိုင်ခဲ့သော ဘုရားတိုင်အား ဗိမာန်တော်တွင်း၌သာ ချုပ်ထားရန် မကြိုးစားသင့်ပေ။

ဘုရားရှင်သည် လူသားအားဖန်ဆင်းထားရာတွင် ဦးနှောက်ကိုပါ ထည့်ပေးထားသကဲ့သို့ ထိုဦးနှောက်အတွက် ခေတ်အခြေအနေအလိုက် အသိပညာ အတတ်ပညာများကို ချပေးနေပါသည်။ အသင်းတော်၏ အမှုဆောင်တစ်ဦးသည်ဝိညာဉ်ရေးနက်ရှိုင်းမှုနှင့်အတူ ဦးနှောက်အသိဉာဏ်ပညာ မြင့်မားမှုသည်လည်း ဒွန်တွဲလျက်ရှိနေရန် လိုအပ်ပါသည်။ အကြောင်းမှာ ဖော်ပြခဲ့သည့် အတိုင်း အသင်းတော်သည် ဝန်းကျင်လောကနှင့် ရင်ဘောင်တန်းနိုင်ရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။

ဤသို့သော အ ခြေ အ နေ မျိုး ကြောင့် အသင်းတော်၌ ခေါင်းဆောင်သည့် ငယ်သားများ၏ 'ဦးနှောက်' အရည်အသွေးကို၊ ပြုစုပျိုးထောင်ပြီ၊ မြှင့်တင်ပေးရပေမည်။ ငယ်သားတစ်ဦးစီတွင် အခြေခံအရည်အချင်း ရှိနေပါလျက်နှင့် တိုးတက်လမ်း ရှိနေပါလျက်နှင့်ဆက်လက် ပြုစုပျိုးထောင်မှု မပြုခြင်းသည်ခေါင်းဆောင်က၊ ဖြုန်းတီးမှုပြုနေခြင်း ဖြစ်ပါသည်။ ထို့ပြင် ငယ်သား၌ရှိသော အရည်အချင်းကိုလွဲမှားစွာ အသုံးပြုမိခြင်း၊ ထိမိစွာ အံဝင်ခွင့်ကျစွာ အသုံးမပြုနိုင်ခြင်းသည်လည်း ဖြုန်းတီး ရာရောက်ပေသည်။

'ဝန်နှင့်အား' 'လေးနှင့်မြား' ဆိုသကဲ့သို့ တစ်ဦးစီ၏ ဦး နှောက် အ ရည် အ ချင်း နှင့် လိုက်လျောညီထွေမှုရှိမည့် နေရာတွင်အသုံးချနိုင်ရပေမည်။ ထိုသို့ထိမိစွာ အသုံးချနိုင်ရေးအတွက် ငယ်သားများ၌ရှိသော ဦးနှောက်အရည်အချင်း အခြေအနေကို သိရှိပြီး၊ ငယ်သားများ၏ ရင်ခုန်သံကိုလည်းသဘောပေါက်နေရပေမည်။

ယုံကြည်သူ ကျွန်ုပ်တို့ တစ်ဦးစီသည်လည်း ဘုရားရှင်ပေးထားသည့် 'ဦးနှောက်' အရည်အချင်း၊ ဆုကျေးဇူးများကို မာန်မာန၊ အတ္တ၊ ကင်းစွာဖြင့် ဘုရားရှင် အတွက် ပြန်လည်ဆက်ကပ် သင့်ပါသည်။ မိမိ၌ ရရှိထားသော ဆုကျေးဇူးများကို ဘုရားရှင် အတွက် အသုံးမပြုဘဲ၊ မိမိဖာသာ မာနတံခွန် ထူနေလျှင်မူ၊ ဖြုန်းတီးမှုပြုနေခြင်းသာဖြစ်ပြီး 'ဖြုန်းတီးခြင်း' ဘဝသို့ရောက်ပေမည်။ အခွင့်အရေး၏ တစ်ဖက်၌၊ တုံ့ပြန်မှုဟူသည်အမြဲ ရှိနေပေသည်။

— သီးချိန်တန်နေပါလျက်နှင့် မသီးသော သဖန်းပင်သည် အဘယ်သို့ဖြစ်သွားပါသနည်း။(မသဲ ၂၁း၁၉)

— မိမိ၌ရရှိထားသော မိမိ၏အခြေအနေနှင့် ကိုက်ညီသည့် ဆုကျေးဇူးကိုအသုံးမပြုသော၊ သူ၏အဖြစ် အနေကား၊ အဘယ်သို့နည်း။(မသဲ ၂၅း၂၄-၃၀)

ယနေ့ခေတ်ကာလ ၁၀စုနှစ်သို့ ချီတက်နေချိန်တွင် ကျွန်ုပ်တို့သည်အရာရာတိုင်း၌ ဖြုန်းတီးမှု မပြုသင့်တော့ပေ၊ အသင်းတော် အတွင်းတွင် 'ဦးနှောက်'များစွာရှိနေပါလျက်နှင့်နေရာမှန်စွာ၊ အံဝင်ခွင်ကျစွာ၊ အ သုံး မ ပြု နိုင် ခြင်း၊ အသုံးပြုမခံခြင်းသည်အကယ်စင်စစ် 'ဦးနှောက် ဖြုန်းတီးမှု' ပြုနေကြခြင်းများသာ ဖြစ်ပေတော့သည်။

ဖြုန်းတီးမှု၏ ရလဒ်ကား အလဟဿ ဆုံးရှုံးမှုကြီးပေတည်း။

ကျွန်ုပ်တို့သည် ဖြုန်းတီးမှုပြုနေသူများပေလော—

မိမိ၏အသင်းတော်သည် လူရှေ့၊ ဘုရားရှေ့၌ တိုးတက် အောင်မြင်မှု ရှိရန်အတွက် အမှန်တကယ် လိုလားနေသောသူ ဖြစ်နေသည်ဆိုပါက ယခုပင် ပြန်လည်ဆန်းစစ် သင့်ပေသည်။

(စောဂျက်)

# တပည့်တော်စစ်အဖြစ်ခံယူခြင်း

(DISCIPLESHIP)

(ဦးအောင်လှထွန်း)

၁။ နိဒါန်း

တပည့်တော်စစ် (Disciple) ဟူသော ဝေါဟာရ၏ မူရင်းဂရိဘာသာစကားလုံးမှာ "M ATHETES" မက်သီးတက်(စ်) ဖြစ်၍ 'အခြားတစ်ဦးတစ်ယောက်ထံမှ သွန်သင်ခြင်းကိုခံယူသူ' ဟု အဓိပ္ပါယ်ရ၏။

တပည့်တော်စစ် တစ်ယောက်သည် သင်ကြားမှုကိုခံယူသည့် စာသင်သား ကျောင်းသားတစ်ယောက်သာမဟုတ် သွန်သင်သူဆရာသခင်၏ နောက်တော်ပါးမှ တစ်ဖဝါးခွာသစွာဖြင့် လိုက်လျောက်၍၊ သွန်သင်သမျှကိုနာခံမှတ်သား ရင်ဝယ်ပိုက်ပြီး ဆရာအား စံနမူနာထား၍ အတုယူကာ နေ့စဉ်လက်တွေ့အသက်ရှင်နေထိုင်သူဖြစ်၏။

ခရစ်ယာန်တိုင်းသည် သခင်ယေရှုခရစ်၏ တပည့်တော်စစ်များအဖြစ် ခေါ်ယူခြင်းကိုခံရ၏ (၁ပေ ၂း၂၀)။ သခင်ယေရှုခရစ်၏တပည့်တော်စစ်များသည် ခရစ်တော်ကို စံထား၍ အတုယူခါ လက်တွေ့အသက်ရှင် ကျင့်ကြံကြ၏။(၁ကော ၁၁း၁)

၂။ တပည့်တော်စစ်အဖြစ်ခံယူခြင်း၏ အရေးပါမှု

ခရစ်ယာန် အသင်းတော်ကြီးအား တည်ထောင်ခဲ့သူမှာ အသက်ရှင်တော်မူ၍ ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုခရစ်ဖြစ်၏။ သခင်ယေရှုခရစ်၏ ရည်မှန်းချက်ပန်းတိုင်မှာ လူတစ်ဦးခြင်းသည် မိမိတို့ ယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးသစ်ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေပြီး ကယ်တင်ခြင်းဆုကျေးဇူးကို ရရှိကြရန်ဖြစ်၏။ သခင်ယေရှုခရစ်သည် ကယ်တင်ခြင်းနှင့်ဆိုင်သော ဧဝံဂေလိတရားကို ဖြန့်ချိရာတွင် အခြားနည်းလမ်းများကိုမသုံး၊ မိမိကိုယ်တိုင်ခေါ်ယူလေ့ကျင့်ထားသော နောက်လိုက်တပည့်တော် စစ်များအားဖြင့် လုပ်ဆောင်ခဲ့ပေသည်။

သခင်ယေရှု ခရစ်သည် ၎င်း၏လောကီဆိုင်ရာ အမှုတော်ဆောင်ခြင်း အသက်တာ သုံးနှစ်ကျော်အတွင်း တပည့်တော်ကြီး၁၂ဦးအားရွေးချယ်၍ သင်ကြားလေ့ကျင့်ပေးခြင်း အမှုကို ဦးစားပေးလုပ်ငန်းအဖြစ် လုပ်ဆောင်ခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် တပည့်တော်စစ်များ၏ အခန်းကဏ္ဍနှင့် တပည့်တော်စစ်အဖြစ် ခံယူခြင်း၏ အရေးပါမှုကို



သခင်ယေရှုခရစ်ကိုယ်တိုင်ကထင်ရှားစွာပြသခဲ့သည်။ ထို့ပြင် သူ၏နောက်လိုက် တပည့်တော်စစ်များအားလည်း ဆင့်ပွားတပည့်တော် စစ်များကို မွေးထုတ်ပေးရန် မိန့်မှာခဲ့သည်။

(မဿဲ ၂၈း၁၉)

တပည့်တော်စစ်များကို ခေါ်ယူလေ့ကျင့်၍ စေလွှတ်ခြင်းသည် ဘုရားရှင်အတွက် ကမ္ဘာလောကအတွင်းသို့ တိုးဝင် သွားရောက်ရန် အကောင်းဆုံး နည်းဖြစ်သည်။ သခင်ယေရှုခရစ်ကိုယ်တိုင် ရွေးချယ်လေ့ကျင့်ပေးခဲ့သော တပည့်တော်ကြီး ၁၂ပါးနှင့် ရှင်ပေါလုတို့၏ လုပ်ဆောင်ခဲ့မှုများသည် ၎င်းတို့၏ ပတ်ဝန်းကျင် ကမ္ဘာလောက တစ်ခုလုံးကို မည်ကဲ့သို့ ရိုက်ခတ်ပြောင်းလဲစေခဲ့သည်ကိုကြည့်ခြင်းအားဖြင့် တပည့်တော်စစ်များကိုခေါ်ယူလေ့ကျင့် စေလွှတ်ခြင်း၏ အရေးပါပုံကို ထင်ရှားစွာ သိနိုင်၏။

ဘုရားရှင် အတွက် အမှုတော်ဆောင်ရန် အသင်းတော်ကြီး တိုးတက်ရန်အကောင်း၊ အသက်ဖြန့်ပွားရန်အတွက် လည်းကောင်း၊ အသက်တာကို အပြည့်အဝ ဆက်ကပ်ထား၍ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးထားသောတပည့်တော်စစ် အနည်းငယ်သည် ဝိညာဉ်ရေးရာ၌ ပြည့်ဝမှုမရှိသော သာမန် ခရစ်ယာန်အသင်းဝင် ယုံကြည်သူအမြောက်အမြားထက်ထိရောက်၏။ အမှန်စင်စစ်မှာ တပည့်တော်စစ်များကို ခေါ်ယူ၍ လောကအတွင်းသို့စေလွှတ်ခြင်းသည် အသင်းတော်ကို စတင်တည်ထောင်စဉ်ကပင် ဘုရားရှင်က ချမှတ်ခဲ့သော နည်းဗျူဟာဖြစ်၏။

အကယ်၍ တပည့်တော်စစ် တစ်ဦးသည် နောက်ထပ် လူတစ်ဦးအား ခရစ်တော် ယေရှုထံသို့ အရောက်ပို့ဆောင်၍ တစ်နှစ်ပတ်လုံး အချိန်ယူပြီး သင်ကြားလေ့ကျင့်ခြင်းကိုပြုလုပ်ကာ နောက်တစ်နှစ်တွင် နှစ်ဦးစလုံးက ဆက်လက်၍ နောက်တစ်ဦးစီကို တပည့်တော်စစ်များဖြစ်အောင်ပြုလုပ်နိုင်မည်ဆိုပါက လေးဦးဖြစ်လာမည်ဖြစ်၏။ ထိုလေးဦးက ရှေ့နည်းအတိုင်း နှစ်စဉ် ဆက်လက် လုပ်ဆောင်မည်ဆိုပါက ရိုးရိုးသင်္ချာနည်းဖြင့် တွက်ကြည့်လျှင် နှစ်ပေါင်း ၃၂နှစ်ကြာသောအခါ တစ်ကမ္ဘာလုံးရှိ လူသားအားလုံးသည် ကယ်တင်ခြင်းဆုကျေးဇူးကို ရကြမည်ဖြစ်၏။

၃။ တပည့်တော်စစ်အဖြစ်ခံယူခြင်း၏ အခြေခံသဘောတရား

တပည့်တော်စစ်အဖြစ် ခံယူခြင်း၏အခြေခံသဘောတရားကို သခင်ယေရှုခရစ်က အောက်ပါအတိုင်း မိန့်မှာသွန်သင်ခဲ့၏။

တပည့်တော်စစ်တစ်ယောက်သည်—

(က) သခင်ယေရှု ခရစ်၏ နှုတ်တော်ထွက်စကားအတိုင်း တစ်သွေမတိမ်း အစဉ်အမြဲ လိုက်လျှောက်ရမည်။ (ယော ၈း ၃၁)



၁၁

(ခ) သခင်ယေရှုခရစ်ထံမိမိ၏ အသက်တာကို လုံးလုံးလျားလျား အပ်နှံထားရမည်။ (လုကာ ၁၄း၂၆၊၃၃)

(ဂ) သခင်ယေရှုခရစ်၏ နောက်တော်ပါးမှ ယုံကြည်နာခံခြင်း အပြည့် အဝဖြင့် လိုက်ရမည်။ (ယော ၁၀း၂၇)

(ဃ) သခင်ယေရှုခရစ်နှင့် အမြဲတန်း အပြန်အလှန် ဆက်သွယ်၍ အသီးအပွင့်များ ဖေဆာစွာသီးပွင့်သော အသက်တာဖြင့် နေထိုင်ရမည်။ (ယော ၁၅း၄–၅)

(င) မိမိကိုယ်ကိုအနှစ်နာခံ၍ သူတစ်ပါးကို ခြွင်းချက်မရှိ ချစ်မေတ္တာပွားများနိုင်ရမည်။ (ယော ၁၃း၃၄–၃၅)

(စ) သခင်ယေရှုခရစ်၏ မဟာစေစေခိုင်းချက်ကို ပြည့်စုံလှုင်လာအောင် မိမိအသက်တာကို ဆက်ကပ်၍ လုပ်ဆောင်ရမည်။ (မသဲ ၂၈း၁၉–၂၀၊ တမန် ၁း၈)

၄။ နောက်လိုက် တပည့်တော်စစ်များအတွက် သခင်ယေရှုခရစ်ချမှတ်ခဲ့သောလမ်းစဉ်

သခင်ယေရှု ခရစ်က မိမိ ခေါ်ယူခြင်းကို လက်ခံ၍တပည့်တော်စစ်အဖြစ် နောက်တော်ပါးမှ လိုက်လိုသူတိုင်းသည် မိမိကိုယ်တိုင်သွားခဲ့သောလမ်းအတိုင်း လိုက်လျှောက်ရမည်ဟု မိန့်ဆိုခဲ့၏။ ပေးရမည့် အဖိုးအခမှာလည်းကြီးမည်ဟု သတိပေးခဲ့၏။ သခင်ယေရှု ခရစ်က 'ငါ၌ ဆည်းကပ်လိုသောသူ ဖြစ်လျှင် ကိုယ့်ကိုယ်ကို ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်'။ (လုကာ ၉း၂၃) ဟု လူအပေါင်းတို့အား မိန့်တော်မူခဲ့၏။

သခင်ယေရှုသည် လူတစ်စု၊ သို့မဟုတ် လူအားလုံးတို့အား မိမိ၏ တပည့်တော်စစ်များ ဖြစ်ရန် ခေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် 'အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်'။ (လုကာ ၁၄း၂၇)ဟူ၍လည်း မိန့်ဆိုခဲ့၏။

ထို့ကြောင့် သခင်ယေရှု ခရစ်၏ နောက်လိုက်တပည့်တော်စစ်တစ်ဦးသည်–

(က) 'မိမိကိုယ်ကို မိမိ ငြင်းပယ်ရမည်' ငါဟူသောအတ္တစိတ်ကို ဖျောက်၍ ဘုရားသခင်၏ အလိုတော်ကိုသာလျှင် ဦးထိပ်ထား၍ အသက်ရှင်ရမည်။

(ခ) 'မိမိ၏လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်းရမည်' လက်ဝါးကပ်တိုင်သည် သခင်ယေရှုခရစ် အမှုတော်ဆောင်ခဲ့သော အချိန်သမယ၌ သေခြင်း၏ အမှတ်လက္ခဏာဖြစ်၏။ ထို့ကြောင့် တစ်ကိုယ်ကောင်းဆန်သော လောကီဆိုင်ရာလိုချင်တပ်မက် စွဲလမ်းမှုများကို နေ့စဉ် ချုပ်ငြိမ်းစေ၍ သခင်ယေရှုခရစ်၏ အလိုတော်နှင့် သွန်သင်ချက်များနှင့်အညီ နေ့စဉ် အသက်ရှင်ရမည်။

(ဂ) 'ကိုယ်တော်ရှင်၏ နောက်တော်သို့ လိုက်ရမည်' ဤသို့နောက်တော်ပါးမှ လိုက်ရာတွင် အရာရာကိုစွန့်လွှတ်နိုင်ရမည်။

လူ့သဘာဝအားဖြင့် လုပ်လေရာတိုင်းတွင် လိုက်နာရန် စံနှုန်းမြင့်မြင့် သတ်မှတ်ခြင်း၊ အဖိုးအခမြင့်မားစွာ ပေးရခြင်း၊ နာခံခြင်း အမှုပြုရခြင်းတို့ကို မကြိုက်နှစ်သက် တတ်ကြပေ။ ထို့ကြောင့် တပည့်တော်စစ် အဖြစ် ခံယူရန်အတွက် စံနှုန်းများကို သတ်မှတ် ကြရာတွင် ယုံကြည်သူတို့သည် မိမိတို့အနေများစွာသော ယုံကြည်သူတို့သည် မိမိတို့အနေနှင့် အလွယ်တကူ လက်ခံ ကျင့်သုံးနိုင်မည့် အဆင့်အထိမျှသာ လျော့ပေါ့ သတ်မှတ်တတ်ကြပေသည်။ ဤသို့သတ်မှတ်ထားသည်ကိုလည်း ဘုရားရှင်အနေနှင့် လက်ခံသည်၊ လိုလားသည်ဟု ပေါ့ပေါ့တန်တန်မှတ်ယူ၍ ကျေနပ်နေတတ်ပေသည်။ အမှန်စင်စစ်မှာကား တပည့်တော်စစ်တစ်ဦးသည်သခင်ယေရှုခရစ်ကချမှတ်ခဲ့သောလမ်းစဉ်နှင့်စံနှုန်းအတိုင်းလိုက်လျှောက်၍ မိမိကိုယ်တိုင်ကို ဆက်ကပ်၍ အမှုတော်ဆောင်ရမည်ဖြစ်ပေသည်။ (မာကု ၁၀း၂၈)

၅။ တပည့်တော်စစ်တစ်ဦးတွင်ရှိအပ်သော အရည်အချင်း

တပည့်တော်စစ် တစ်ဦးတွင် ရှိအပ်သော အရည်အချင်းကိုအခြေခံအားဖြင့် သမ္မာကျမ်းစာတွင် အောက်ပါအတိုင်း၊ သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရပေသည်–

(အ) ခေါ်သောအခါတွင်အဆင်သင့်ဖြစ်ရမည်။ (မသဲ ၄း၁၈–၂၀)

(ခ) ယုံကြည်စိတ်ချ အားထားနိုင်ရမည်။ (ယောဇ်း ၆၆–၆၈၊ ၁ကော ၄း၁–၂)

(ဂ) နာခံမှုရှိရမည်။ (မာကု ၁၄း၃၆)

(ဃ) ဝိညာဉ်အသီးအပွင့်များနှင့် ပြည့်ဝရမည်။ (ဂလာတိ ၅း၂၂–၂၃)

(င) အတွေးအခေါ်ရင့်ကျက်မှုရှိရမည်။ (ဖေက် ၄း၁၁–၁၃)

(စ) ကိုယ်ကျိုးကိုစွန့်နိုင်ရမည်။ (ဖိ ၁း၂၁)

(ဆ) မိမိကိုယ်ကိုအပြည့်အစဆက်ကပ်နိုင်ရမည်။ (ရော ၁၂း၁)

(ဇ) သင်ကြားသမျှကို နာယူနိုင်၍၊ သူတစ်ပါးအား ပြန်၍ သင်ကြားပေးနိုင်ရမည်။ (ဂလာတိ ၆း၆၊ ၂တိ ၂း၂)

ထို့ပြင်တပည့်တော်စစ် တစ်ယောက်သည် မိမိကဲ့သို့ တပည့်တော်စစ်များဆင့်ကဲပွားများလာရန် မွေးထုတ်ပေးနိုင်သူ တစ်ဦးလည်းဖြစ်ရမည်။ အောက်တွင် ဖော်ပြထားသော ပုံတွင် ပါတွင်ပါရှိအညီ အတိုင်း တမန်တော်ကြီး ရှင်ပေါလုသည် တိမောသေ၊တိတုအစရှိသော တပည့်တော်ခရစ်များကို မွေးထုတ်ခဲ့၍၊ ၎င်းတို့ကလည်း အခြားတပည့်တော် စစ်များကို ဆင့်ကဲမွေးထုတ် ပေးခဲ့သည်ကို တွေ့ရပေမည်။

တပည့်တော်စစ်အဖြစ်ခံယူခြင်း

အဆင့်ဆင့်ကိုပြသောပုံ

ယုံကြည် တခြားယုံကြည်သူ
ပေါလု — တိမောသေ — တပည့် — တပည့်တော်
တော် စစ်များ
စစ်များ


အသင်းတော် ဆိုင်း တစ်လျှောက်တွင် ခေတ်အဆက်ဆက်၌ တပည့်တော်စစ်များကို အသင်းတော်ခေါင်းဆောင်ကြီးများ၊ဖခင်ကြီးများက ဆင့် ပွား မွေး ထုတ် ပေး နိုင် ခဲ့ သော ကြောင့် အသင်းတော်ကြီး တိုးတက်ပြန့်ပွားလာခြင်းဖြစ်သည်။

၆။ ယုံကြည်သူနှင့်တပည့်တော်စစ်

ကျွန်ုပ်တို့သည် သခင် ယေ ရှု ခရစ် အား ယုံကြည်၍ နာမတော်အားဖြင့် ဗတ္တိဇံခံလာကို ခံယူသောအခါ ကျေးဇူးတော်ကြောင့်၊ ဝိညာဉ်ဆုကျေးဇူးကိုရရှိပြီး၊ ခရစ်ယာန် တစ်ယောက်ဖြစ်လာ၏။ ယုံကြည်သူ တစ်ယောက်ဖြစ်လာ၏။ ဤသို့ ယုံကြည်၍ ခရစ်ယာန်ဖြစ်လာသူတိုင်းသည် မိမိတို့ နေထိုင်လိုက်လျှောက်နေသော ခရစ်ယာန် အသက်တာကို သုံးသပ်ကြည့်သင့်၏။



အောက်တွင် ဖော်ပြထားသော ပုံတွင် ယုံကြည်သူနှင့် တပည့်တော်စစ်တို့၏ ကွာခြားပုံကို ပြသထားသည်။




ယုံကြည်သူနှင့် တပည့်တော်စစ်တို့ ကွာခြားမှုကိုပြသောပုံ

ပုံတွင် ခရစ်ယာန်ဖြစ်လာသူတိုင်းအား အလိုအလျောက် စက်ဝိုင်းကြီးအထဲသို့ ထည့်သွင်းထား၏။ ၎င်းစက်ဝိုင်းကြီးသည်ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သော အသင်းတော်ကြီးကို ကိုယ်စားပြု၏။ ဤစက်ဝိုင်းကြီး အတွင်းတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သခင်ယေရှု ခရစ်၏ ခေါ်ဘိတ်သံကိုနာခံ၍ မိမိ၏အသက်တာကို ဆက်ကပ်ထားသော တပည့်တော်စစ်များကို ဖော်ညွှန်းသည့် စက်ဝိုင်းငယ်တစ်ခုပါရှိ၏။

ယနေ့ အသင်းတော်ထဲတွင် အများအားဖြင့် ခရစ်ယာန်ဟု ခေါ်တွင်သော်လည်း ခရစ်ယာန်အသက်တာကို တာဝန်ကျေမှု နေထိုင်သူ အမြောက်အမြားရှိနေ၏။ ဘုရားရှင်၏ အလိုတော်မှာ အပြင်စက်ဝိုင်းနှင့်အတွင်းစက်ဝိုင်းကို တစ်ခုတည်း ဖြစ်စေလို၏။ အဘယ်ကြောင့်ဆိုသော် ယုံကြည်သူ အားလုံးအား သူ၏ တပည့်တော်စစ်များ ဖြစ်စေလိုသောကြောင့်ဖြစ်၏။

သင်သည် ယုံကြည်သူတစ်ယောက်ဖြစ်ပါက စက်ဝိုင်း ၂ခုအနက် မည်သည့်စက်ဝိုင်းတွင် ပါရှိသနည်း။ သင်သည် ခရစ်တော်နောက်သို့ လိုက်သော သူတစ်ယောက် ဖြစ်ပါသလော သို့မဟုတ် အခြားသောသူ အခြားသောအရာ တစ်ခုခုနောက်သို့ လိုက်သောသူ တစ်ယောက် ဖြစ်နေသလောဟူသော အချက်ကိုပြန်၍ ဆန်းစစ်ကြည့်သင့်၏။

၇။ တပည့်တော်စစ်အဖြစ် ခံယူခြင်းမှ ပေါ်ထွက်လာသောအကျိုးကျေးဇူးများ

တပည့်တော်စစ် အဖြစ် ခေါ်ယူခြင်းကို လက်ခံ၍လက်တွေ့ အသက်ရှင်ခြင်း အားဖြင့် ပေါ်ထွက်လာသောအကျိုးကျေးဇူးများမှာ—

(က) နှုတ်ကပတ် တရားတော်ကို ဖြန့်ဝေရာတွင် တစ်ဦးခြင်းထိတွေ့မှုနှင့် ကိုယ်တိုင်ကိုယ်ထိလက်ရောက် လုပ်ဆောင်သောကြောင့် ပိုမိုထိရောက်ပြီး လုပ်ဆောင်လေ့ရာတွင် အားကောင်းသည်၊ စွမ်းရည်ထက်မြက်သည်။

(ခ) သမ္မာကျမ်းစာတွင် ပါရှိသော အမှန်တရားများအတိုင်း လိုက်နာ ကျင့်ကြံသဖြင့် ထိုသွန်သင်ခြင်းများကို လက်တွေ့အသက်ရှင်ခြင်းအဖြစ်သို့အသွင်ကူးပြောင်းစေသည်။

(ဂ) ခရစ်ယာန်အသက်တာ၏အရည်အသွေးကို မြှင့်တင်ပေးသည်။

(ဃ) ရင့်ကျက်ခိုင်မာသော ခရစ်ယာန်များဖြစ်ပေါ်စေသည်။

ထို့ပြင်တပည့်တော်စစ်အဖြစ် ခံယူရာတွင် အရည်အတွက်အကန့်အသတ်မရှိ၊ ပုံသေသတ်မှတ်ထားသော ပုံစံနှင့် ဖွဲ့စည်းပုံမရှိ။ တပည့်တော်စစ် ခံယူခြင်းသည် အစီအစဉ် တစ်ခုမဟုတ် လက်တွေ့အသက်ရှင်ခြင်းဖြစ်သည်။

၈။ ခရစ်တော်ကိုစံထား၍ အသက်ရှင်ခြင်း

တပည့်တော်စစ်များသည် ခရစ်တော်ကို စံနမူနာထား၍ အသက်ရှင်ကြသည်။ တမန်တော်ကြီးများ၏ အသက်တာကို အတုယူ၍ ၎င်းတို့၏ဩဝါဒစကားများကို နားလည် နာခံ မှတ်သားစေ၍ အသက်ရှင်ကြသည်။

'ညီအစ်ကိုတို့ သင်တို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှာ သာ၍ကြိုးစားအားထုတ်ကြလော့' (၂ပေ ၁း၁၀)ဟူ၍လည်းကောင်း—

တမန်တော်ကြီး ရှင်ယောဟန် ကလည်း—

'ထိုသခင်၌ ငါတည်သည်ဟု ဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည့်နည်းတူ ကျင့်ရမည်' (၁ယော ၂း၆)ဟူ၍လည်းကောင်း၊

တမန်တော်ကြီး ရှင်ပေါလုကလည်း—

'ငါသည် ခရစ်တော်နည်းတူ ကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့' (၁ကော ၁၁း၁) ဟူ၍လည်းကောင်း၊

'ခရစ်တော်ယေရှု၌ရှိသော စိတ်သဘောမျိုးကို သင်တို့၌လည်း ရှိစေကြလော့' (ဖိလိပ္ပိ ၂း၅)ဟူ၍လည်းကောင်း အတိအလင်း တိုက်တွန်းနှိုးဆော်ဩဝါဒပေးခဲ့၏။

ထို့ကြောင့် တပည့်တော်စစ်များသည် သခင်ယေရှု ခရစ်ကိုယ်တော်တိုင် လောက အသက်တာတွင် လိုက်နာကျင့်သုံးခဲ့သည်များကို စံထား၍ ခရစ်တော်နည်းတူ နှိမ့်ချခြင်း၊ အခါခပ်သိမ်း ဆုတောင်းခြင်း၊ ဘုရားရှင်၏ စေခိုင်းချက်ကို နာခံလိုက်လျှောက်ခြင်း၊ လောကီဆိုင်ရာ သွေးဆောင်မှုအမျိုးမျိုးကိုငြင်းပယ်ခြင်း၊ လူသား အားလုံးကို ချစ်ခြင်းမေတ္တာပွားများခြင်း၊ သနားကြင်နာခြင်း၊ ဘုရားရှင်နှင့် လူအများ၏ အစေကိုခံခြင်း၊ သင်ကြားနာယူသမျှကို သူတစ်ပါးအား သင်ပေးခြင်း၊ အဆုံးတိုင် ဒုက္ခဆင်းရဲ အမျိုးမျိုးကို ခံခြင်း၊ မိမိအား ရန်ပြုသူကိုပင် ခွင့်လွှတ်ခြင်း ရှိရမည့်အပြင် ယုံကြည်ခြင်းအပြည့်အဝဖြင့် အသက်ရှင်ကြရပေမည်။ မိမိ လက်ဝါးကပ်တိုင်ကို ထမ်း၍ ခရစ်တော်၏ နောက်တော်ပါးမှ နေ့စဉ်လိုက်ရမည်။ ခရစ်တော်ကိုစံထား၍အသက်ရှင်ရမည်။

နိဂုံး

တမန်တော်ကြီး ရှင်ပေါလုက 'ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူအားသာ၍မြတ်သေး၏' (ဖိ ၁း၂၁)၊ 'ငါ့ကိုခွန်အားနှင့် ပြည့်စုံစေသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုကိုစွမ်းနိုင်၏' (ဖိ ၄း၁၃)ဟု ရဲဝံ့ပြတ်သားစွာ ရှင်ပေါလုကဲ့သို့ ပြတ်သားသော ခံယူချက်ရှိမည်ဖြစ်၏။

(ဦးအောင်လှထွန်း)






တိုး—ရွှေးရွှေးတုန်းကပေါ့ကွယ်၊ ပျားအာလေးတစ်ကောင်ဟာ တောက်ပတဲ့ နေရောင်ခြည်မှာ ပျံဝဲနေသတဲ့၊ သူဟာ အထက်ကိုပျံသွားလိုက်၊ အောက်ကို နိမ့်ဆင်းလာလိုက် တစ်ခါတစ်ရံ ရှေ့ဘက်ခပ်လှမ်းလှမ်းကိုပျံသန်းလိုက် နောက်ဖက်ကို ပြန်လှည့်လာလိုက်နဲ့ပေါ့။ ဒါပေမယ့်လည်း ပျားကလေးဟာ နေရောင်ခြည် သိပ်ပူပြင်းလွန်းတဲ့အတွက် သိပ်လျင်လျင်မြန်မြန်ကြီးတော့ မပျံနိုင်ဘူးတဲ့ကွယ်။

ပျားအာလေးရဲ့အပေါ်မှာ အရွက်တွေဝေဆာအုပ်ဆိုင်းနေတဲ့ သစ်ပင်ကြီးတစ်ပင် ရှိသတဲ့ကွယ်၊ ဒီတော့ ပျားကလေးဟာ ဒီသစ်ပင်ကြီးရဲ့ အရိပ်အောက်မှာပဲ ပျံသန်းနေတာဖြစ်မှာပေါ့။ သစ်ပင်ကြီးရဲ့ အကိုင်းအခက်တွေမှာတော့ ငှက်ငယ်ကလေးတွေဟာ 'ကျိုကျိ—ကျလိကျလိ'နဲ့ အောင်မြည် သီချင်းဆိုနေကြသတဲ့၊ ဒါပေမယ့် ငှက်ကလေးတွေဟာလည်း နေပူပြင်းထန်လွန်းတဲ့အတွက် သိပ်တော့ ကျယ်ကျယ်လောင်လောင် မသီဆိုနိုင်ဘူးတဲ့ကွယ်။

သစ်ပင်ကြီးရဲ့အောက်မှာတော့ အဖြူဟံလို ခေါ်တဲ့ အဘိုးအို တစ်ယောက်ဟာ ထိုင်နေသတဲ့၊ သူဟာလည်း အင်မတန်မှ ပူပြင်းတဲ့ နေရောင်ခြည်ရဲ့ ဒဏ်ကို မခံနိုင်လို့ သစ်ပင်အောက်မှာထိုင်ရင်း ယပ်ခပ်နေသတဲ့၊ ဒီလိုသစ်ပင်အရိပ်အောက်မှာ ဇိမ်နဲ့ထိုင်ပြီး ယပ်ခပ်နေမှ နေသာထိုင်သာရှိသတဲ့ကွက်။ ဒါနဲ့ပဲ သူဟာ တဖြည်းဖြည်းနဲ့ ငိုက်မြည်းလာပြီး သူ့ရဲ့ဦးခေါင်းဟာလည်း အောက်ကို ငိုက်စိုက်ကျသွားလိုက်၊ အပေါ်ပြန်မော့လိုက်နဲ့ပေါ့။

'ရှပ်—ရှပ်…ရှပ်' အဘိုးကြီး အာဗြဟံရဲ့ မျက်လုံးတွေဟာ တရှပ်ရှပ် အသံတွေကြောင့် ပြူးကျယ်လာကြသတဲ့။ တစ်ယောက်ယောက် လမ်းလျှောက်လာနေတဲ့အသံပဲ။

အာဗြဟံဟာ ထခုန်မိမတတ် အံ့သြသွားရသတဲ့။ ဘာကြောင့်လဲဆိုတော့ ဖုံထူတဲ့ လမ်းတစ်လျှောက် နေပူပူကြီးမှာ လမ်းလျှောက်လာတဲ့ လူသုံးယောက်ကို မြင်လိုက်လို့ပေါ့။ သူတို့ကိုကြည့်ရတာ ဘယ်လောက်များ ပူလှောင်ပြီး ပင်ပန်းနွမ်းနယ်လာကြသလဲ မသိဘူးနော်။

အဘိုးအို အာဗြဟံဟာ ဒီလူသုံးယောက်ကို အပြေးလေး သွားကြိုသတဲ့ကွယ်။ ဒါပေမယ့် အည်း ဒီသုံးယောက်ဟာ ဘယ်သူဘယ်ဝါတွေဖြစ်မှန်း သူမသိပါဘူး။ လူတစ်ဖက်သားကို ညှာတာသနားတတ်ရင် ဘုရားရှင် ကြိုက်နှစ်သက်မှန်းတော့ သူသိပါတယ်။

'ဘယ်သွားလို့၊ ဘယ်ကို သွားကြမှာလဲ ဝါ့တို့၊ လာကြ—ဒီသစ်ပင်ကြီးအောက်မှာ အေးအေးဆေးဆေးထိုင်ပြီး နားကြဦး၊ ရေအေးအေးလေးလဲ သောက်သွားကြ၊ စားအောင်းသောက်ဖွယ်လေးတစ်ခုခု သွားယူလိုက်ဦးမယ်'လို့ အဘိုးအို အာဗြဟံက ပြောပြီး အိမ်ထဲကို ဝင်သွားသတဲ့။

ဒီဧည့်သည်တွေကလည်း သစ်ပင်ကြီးရဲ့အရိပ်အောက်ကို ဝင်နားလိုက်ရတဲ့အတွက် ဘယ်လောက် ဝမ်းသာကြမလဲနော်၊ အဘိုးအို အာဗြဟံဟာ ပထမဆုံး ရေအိုးတစ်လုံးနဲ့ ရေတစ်ခွက် ယူလာသတဲ့။ ပြီးတော့ ဧည့်သည်တွေရဲ့ မျက်နှာသစ်ဖို့နဲ့ ဖုံတွေပေကျံနေတဲ့ခြေထောက်တွေကို ဆေးဖို့လည်း ပြောသတဲ့။

မကြာခင်မှာပဲ အဘိုးအို အာဗြဟံသာ တောင်းတစ်လုံးထဲမှာ စားစရာတွေ ထည့်ပြီးယူလာပြန်ပါတဲ့။ တောင်းထဲမှာတော့ ကိတ်မုန့်တွေ၊ အသားညှပ်ပေါင်မုန့်တွေနဲ့ နွားနို့များ ပါသတဲ့။ ဧည့်သည်တွေအတွက် သစ်ပင်ကြီးတစ်ပင်ရဲ့ အရိပ်အောက်မှာ ပျော်ပွဲစားထွက်ဖို့ လာကြသလို ဖြစ်နေပြီကော။

'ဒီအစားအသောက်တွေနဲ့ကျွေးမွေးပြုစုတဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်၊ အဘအာဗြဟံ၊ အဘဟာ အလွန်ပဲ ကြင်နာသနားတတ်ပြီး ဧည့်ဝတ်ကျေပွန်ပါပေတယ်' လို့ လူတစ်ယောက်က ပြောသတဲ့။

'အဘလဲ မင်းတို့ကို ဒီလိုပြုစုရတဲ့ အတွက် ဝမ်းသာပါတယ်ကွာ'လို့ အာဗြဟံ ပြန်ပြောသတဲ့။

လူတစ်ဦးနဲ့တစ်ဦး၊ အဲဒီလို ကြင်နာသနားတတ်ပြီး ဧည့်ဝတ်ကျေပွန်ဖို့ ဘုရားရှင် သိပ်လိုလားပါတယ်ကွယ်။

နီနီ



# စစ် မှန် ခြင်း

စောအယ်လယ် (ကပ္ပလီ)

ကျွန်တော်နေထိုင်သော ကပ္ပလီရွာကလေးသည် တောတောင်သဘာဝရှုမျှော်ခင်း အလှအပအစုံစုံနှင့် အေးချမ်း ဆိတ်ငြိမ်လှပေသည်။ ရွာ၏ အနောက်ဘက်တွင် လယ်ကွက်များရှိသဖြင့် အဓိက အသက်မွေးဝမ်းကျောင်းမှုမှာ လယ်ယာလုပ်ငန်းပင် ဖြစ်သည်။ ရပ်ရေး ရွာရေးလုပ်ကိုင်ရာတွင် စည်းလုံး ညီညွတ်ကြပေသည်။

ကျွန်တော်သည် ယခင်က ခရစ်ယာန်တစ်ယောက်မဟုတ်ခဲ့ပါ။ သို့သော်ငြားလည်းရှက်ရှက်နှင့် ဝန်ခံရလျှင် ခရစ်ယာန် မိန်းကလေး တစ်ဦးကိုချစ်ခဲ့မိသဖြင့်ခရစ်ယာန်အမည်ခံလာသူတစ်ဦးဖြစ်သည်။ ရွာတွင် ခရစ်ယာန်များ ကျင်းပသော ပွဲကြီးမှာ ခရစ္စမတ်ပွဲဖြစ်သည်။ ထိုပွဲကို ငယ်စဉ်ကပင်ရင်းနှီးခဲ့ပါသည်။ ယင်းပွဲတွင် ကျင်းပ ပြုလုပ်သော အားကစား ပွဲများကို နှစ်တိုင်း မလွတ်တမ်းပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ခရစ်ယာန်ဘုရား၏ နွားစာခွက်အတွင်း မွေးဖွားတော်မူခြင်းပြဇာတ်ကို နှစ်စဉ်မညည်း မညူအားပေးခဲ့သည်။ သို့သော်မိမိစိတ်ထဲတွင် ခရစ်ယာန် ဘာသာသည် နိုင်ငံခြား ဘာသာ အဖြစ်သာ လက်ခံထားမှုက အခြေခံအုတ်မြစ် ခိုင်ခဲလျက်ရှိပါသည်။

ကျွန်တော်တို့ငယ်စဉ်က တက်ရောက် သင်ကြားခဲ့သောမူလတန်းကျောင်းတွင် သောကြာနေ့တိုင်း မိမိတို့သက်ဝင်ယုံကြည်ရာ ဘာသာအလိုက် ဝတ်ပြု ကိုးကွယ်ခွင့်ကို ရရှိကြသည်ဖြစ်လေရာ ခရစ်ယာန်တို့ သီကျူးကြသော ဓမ္မတေးသီချင်းသံများသည် ထိုစဉ်ကတည်းကပင် နားယဉ်မှုရှိခဲ့သော်ငြားလည်း မည်သို့သော အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်ကိုမူကား နားမလည်ခဲ့ပေ။ မိမိအားထပ်မံ၍ ထူးခြားစေသည်မှာ သူတို့၏ အသုဘအခမ်းအနားများတွင် ပျော်ရွှင်စွာ သီချင်း ဆိုကြခြင်းပေတည်း။

မူလတန်းအောင်ပြီးသော် အခြားရွာတွင် အလယ်တန်းကျောင်း သွားရောက် တက်ရမည် ဖြစ်သောကြောင့် ပညာရေးကိုစွန့်လွှတ်ကာ ထို နှစ်မှစတင်၍ မိဘလက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းကို ဝင်ရောက် ကူညီလုပ်ကိုင် ရင်းမှ စီးပွားရေးဘက်တွင် ခြေစုံပစ် ဝင် ရောက်ခဲ့ပါသည်။ ချစ်တတ်သောစိတ်သည်လူ ငယ်တိုင်း၏ ရင်တွင်းခံစားမှုတစ်ရပ် ဖြစ်ရလေ ရာ ကျွန်တော်သည်လည်း မိန်းမပျိုတစ်ဦး ကို နှစ်နှစ် ကာလ စွဲလမ်း ချစ်မြတ်နိုးခဲ့ပါ သည်။ သူမသည် ငယ်စဉ်ကတည်းက ကျွန်တော် နှင့် ကျောင်းနေဘက်များဖြစ်ကြပြီးတစ်ဦး၏ သဘောကို တစ်ဦးက နားလည်ပြီးသူများဖြစ် ကြသည်။ သူမသည် ကျွန်တော့်လိုပင် လယ် လုပ်ငန်းကို ရိုးသားစွာ လုပ်ကိုင်သူတစ်ဦး ဖြစ်၍ မိမိတို့ရှေ့အိမ်ထောင်ရေး ခရီးမှာလည်း စိုးစဉ်းမျှ ပူစရာမရှိဟု တွေးဆခဲ့ပါသည်။ သို့ သော်ငြားလည်း သူမကို လက်ထပ်ပါမည်ဟု အိမ်မှမိဘများကို ဖွင့်ဟတိုင်ပင်ရာ—

'စဉ်းစားပါဦးသားရယ်၊ သူတို့ကခရစ်ယာန်တွေ' အဖေက ဆေးတံဆိုတွင် ဆေးဖြည့်မီးညှိပြီး လေးနက်စွာ ပြောလေသည်။ ထိုစကားကြောင့် ကျွန်တော်လည်း များစွာတွေဝေခဲ့ရပါသည်။ ဘာသာမတူတော့ မည်သို့ ဖြစ်မည်နည်း။ အိမ်ထောင်ရေးကို မည်သို့ ထိခိုက်မည်နည်း စသည့်မေးခွန်းများကိုမေးမိသည်။ မိမိချစ်ရသူကိုတော့ မစွန့်လွှတ်နိုင်။ သူမနှင့်ထပ်ညှိနှိုင်းမိပြန်တော့ 'ဘာသာတူမှ အဆင်ပြေလိမ့်မယ်ထင်တယ်'ဟု လေးဖင့်သောစကားကို သူမ ဆိုပြန်သည်။ ကျွန်တော်သည်လည်း ဘေးကြပ်နံကြပ်အဖြစ်သို့ ဆိုက်ရောက်ရလေပြီ။ မည်သို့ လုပ်ရမည်နည်း၊ ခိုးပြေးဖို့အထိ စဉ်းစားမိသည်။ သူမလက်မခံခဲ့။ မတတ်နိုင်၊ အဆင်ပြေအောင် တစ်ခုခုတော့လုပ်ရမည်ဆိုသော အသိတရားဝင် လာပြီ။

'သမီးခရစ်ယာန်လိုလက်မထပ်ရင် အမေက အဆိပ်သောက် သေမည်'ဟု ကြားသိရတော့ လည်းစိတ်မကောင်း၊ ဇွတ်ကြိတ်မှိတ်ပြီး ခရစ်ယာန်ဘာသာထဲဝင်ကာ သူမကိုမရ ရအောင် လက်ထပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူမနှင့် လက်ထပ်သည့်နေ့တွင် ကျွန်တော်လည်း အမွှေ ဖြတ်ခံရလေသည်။

ဤသို့နှင့် ယောက္ခမ၏လယ်တွင် ဝင်ရောက် လုပ်ကိုင်ရင်းဖြင့် ကျွန်တော် အိမ်ထောင်ရေး မှာ အဆင်ပြေခဲ့ရပါသည်။ သို့သော်ခရစ်ယာန် ဟူသည့်နက်နဲသောသဘောကို ကျွန်တော်နား မလည်ခဲ့သေးပါ။ သိအောင်လည်း မည်သို့မျှ မကြိုးစားခဲ့။ 'ရှင်တစ်နေ့နေ့တော့ နားလည် လာမှာပါ။ ကျွန်မရှင့်အတွက် အမြဲဆုတောင်း ပေးနေပါတယ်' ချစ်မြတ်နိုးရသူ သက်ထား ဖြူ၏ စကား၊ မိမိမှုနားမလည်တာ မတတ်နိုင် ဘူးလေ။ တစ်နေ့က ကျွန်တော့်ဘကြီး ဆုံးခဲ့ ပါသည်။ ယင်းအသုဘတွင် သွားရောက်ကူညီ လုပ်ကိုင်ပေးရင်း တစ္ဆေဝိညာဉ်များကို (အထူး သဖြင့် ဘကြီး၏ဝိညာဉ်) ကြောက်ရွံ့နေခဲ့ပါ သည်။ ဤသို့ဖြစ်နေသည်ဆိုကာမှပင် ယောက္ခမ အလှယ်တွင် စောင့်အိပ်ရန် မိမိအား ခိုင်းလေ သည်။

အခက်တွေ့ပြီ။ လူသူမနီး တစ်ယောက် တည်းလယ်တောထဲတွင် အထီးကျန် အားငယ် စွာ သွားအိပ်စောင့်ရမည်။ မတတ်သာပြီ။ ခွေး တစ်ကောင်၊ လှော်ကားလေးတွင်နှင့်လောက်စာလုံး အိတ်အပြည့်ယူကာ ထွက်ခဲ့သည်။ သို့သော် စိတ်ထဲတွင် ဝိညာဉ်နတ်ဆိုးများ၏အကြောင်း များက စိုးမိုးနေသည်။ ည ၁၀း၀၀ နာရီ ကျော်သည်အထိ အိပ်မပျော်နိုင်ခဲ့။ မိမိဘကြီး ၏ဝိညာဉ် ဘယ်အချိန်လာခြောက်မည်ကို တွေး ပူနေပါသည်။ ထိုအချိန် မိမိတစ်ခါမျှမမြင်ဖူး သော ခရီးသွားတစ်ယောက် မိမိ၏ လယ်တဲသို့ လျှောက်လာသည်ကို တွေ့ရသည်။ ထိုသူသည် မိမိနံဘေးတွင် ထိုင်၍ မိမိပခုံးအား ဖက်ကာ 'ငါ့သား ကြောက်ရွံ့ခြင်းမရှိနှင့်' ထိုလူ၏ အသံ သည်အေးနက်၏။ ထိုလူ၏ အထိအတွေ့သည် နူးညံ့၏၊ နွေးထွေး၏၊ အားတက်စေ၏။ မကြာ မီကြောက်လန့်ခြင်းသည် ပျောက်လွင့်သွားပြီး စိတ်သက်ရာ ရခဲ့ကာ တစ်ညလုံး ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကြောက်စိတ်ဟူသည်စိုးစဉ်းမျှမရှိတော့ပေ။ မိမိ၏ အိမ်သူ သက်ထားကို အကြောင်းစုံ ဖွင့်ပြောပြရာ ရွှင်လန်းသော မျက်နှာနှင့် 'ရှင့်ကိုသခင်ခရစ်တော် ကိုယ်တိုင် လာတွေ့သွားခဲ့ပြီပဲ' သူမ၏ မိဘများအားလည်း ဝမ်းသာနေကြပါသည်။ ကျွန်တော့်မှာမူ မည်သို့မျှနားမလည်နိုင်သေးပေ။ 'သူတို့ယုံကြည်တဲ့ ခရစ်တော် ငါ့ကိုလာတွေ့တယ်' မယုံကြည်နိုင်စရာအဖြစ်အပျက်တို့ပင်။ ထိုညက ထိုလူသည် မိမိနှင့်လာ၍ စကားပြောခဲ့သည်၊ တကယ်ပင် ထိတွေ့ခဲ့သည်။ 'ကဲ—ကိုသောမရယ် ရှဗီတကယ် လက်ခံပါတော့၊ ခရစ်တော်ဟာ သေခြင်းကို ရှင်ပြန်ထမြောက်တဲ့အရှင်ဖြစ်တယ်။ မကောင်းတဲ့ မိစ္ဆာနတ်ဆိုးတွေကိုလည်း အောင်မြင်တယ်။ လူတွေရဲ့အပြစ်ဒုစရိုက်ကြီးကိုလည်း သယ်ပိုးခဲ့ ပြီ၊ ရှင်ဘာပူစရာရှိသေးလဲ အခုထိလဲ ကျွန်မ တို့ရှင်တို့အနားမှာ သက်ရှိထင်ရှားရှိနေတယ်' မိန်းမ၏တစ်ဆက်တည်း ပြောလာသော စကား တို့ကို တုန့်ရှိလိုက်မောစွာ နားယူမိသည်။ ထို အချိန်တွင် အသိတရားတစ်ခုဦးနှောက်အတွင်း လက်သက်သို့ ခံစားမိသည်။ ယင်းကိုမူကား သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်ဖွင့်ပြ မှုတစ်ခုဖြစ်ကြောင်း နေခင်အခါ (ရင့်ကျက်)မှ သိနားလည်လာရပေတော့သည်။

ဝေအယ်လယ် (ကမ္ဘလီ)

# သတ္တဝါ တစ်ခု ပေမယ့်

ကိုစေး (တတိယနှစ်)

'ဟေ့လူ— ခင်ဗျားကိုကျုပ် လုံးဝမရောင်းနိုင်ဘူးဗျ'

'လုပ်ပါဆရာရယ်' တုန်ယင်နေသော လက်ဖြင့် တောင်တစ်မှသူ့လက်ကို လှမ်းဆွဲရှာသည်။

'ခင်ဗျား ဘယ်လောက် တောင်းပန် တောင်းပန်၊ ကျုပ်တော့ ခင်ဗျားကိုလုံးဝ မရောင်းနိုင်ဘူး'

အာသီသကြီး စွာ အောက်ကျို့လျက် တောင်း ပယ်နေသူလည်း မည်သို့မျှမတတ်နိုင်ဘဲ ကောင်တာရှေ့မှ လှည့်ထွက်သွားလေသည်။

'ဘယ်လိုဖြစ်တာလဲ ကျော်ခိုင်ရ၊ ဒေါသ မကြီးစမ်း'

'မဟုတ်ဘူး အစ်ကိုကြီးရ၊ လူ့မိန်းမက ကျွန်တော့်လာပြီး ပြောတာတယ်၊ အဲဒီလူမှာ အသားဝါ ဖြစ်နေတယ်ဗျ။ ဆရာဝန်လည်း ဆေးချင်ရင်ဆက် သောက်တဲ့ကဲ'

ထိုအချိန်တွင် ကောင်တာဆီသို့ လူတစ်ဦး လာဝယ်သဖြင့် ခြင်ထည့်ပေးပြီးမှ စကားကို ဆက်သည်။ 'ကြိုက်တာလဲကြိုက်ပေါ့။ ရောဂါကြီးရှိနေရက်နဲ့ ကိုယ့်အသက်တော့ နှမြောဖို့ သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်က သူ့ကိုရှောင်းလိုက်တယ်ထားဦး သူ့လှည်ပင်းကို မညှစ်ရုံတမယ်၊ သူ့အသက်ကိုသတိရစေကျဘူးလား။ ကျွန်တော်လဲ အပြင်အလုပ် လျှောက်ထားတာမရသေးလို့ မရီးရဲ့ စီးပွားရေးမှာ ကူလုပ်နေရတာ၊ ဒီလုပ်ငန်းကို လုံးဝ စိတ်ဝင်စားတာ မဟုတ်ဘူး'

ထိုအချိန်၌ စားပွဲထိုး ကောင်လေးတစ်ဦး အနားသို့ ရောက်လာပြီး...။

'ဆရာ မရောင်းလိုက်တဲ့ သူ့အပြင်ဘက် စောင့်ပြီး ခုနလာဝယ်တဲ့ သူ့ကိုလှတ်လိုက်တာ ဆရာ'

'ခက်တယ် အစ်ကိုကြီးရေ၊ အဲဒါပဲကြည့်၊ သူမသေခင် ကျွန်တော်အရင်သေချင်ပြီ၊ ဖေစတနာပါဗျာ၊ သူတစ်ပါးအသက် မသတ်ချင်ပါဘူး၊ နားလည်ကြစမ်းပါ' သူစိတ်ညစ်ညူးစွာ ရေရွတ်လိုက်ရုံမှတပါး မည်သို့မျှမတတ်နိုင်ပေ။

ဘာသာတရားတိုင်း၌ သူတစ်ပါးအသက် မသတ်ရဟု ပညတ်ချက်ရှိပေရာ ကျွန်ုပ်တို့ ညတ်တော်တွင်သည်။

ကိုစေး (တတိယနှစ်)



# ယနေ့ အမှုတော်ဆောင်ခြင်း

ဆလိုင်း—ရှိမုန်

ဘုရားသခင်သည်၊ လူ့သမိုင်း စဉ် တစ်လျှောက်လုံးတွင် လှုပ်ရှားအသက်ရှင် နေပါသည်။ ဘုရားသခင်သည် အသင်းတော်အတွင်း၌သာမက လောကကြီးထဲ၌လည်း လှုပ်ရှားအသက်ရှင်နေပါသည်။ အသင်းတော်က လုပ်ဆောင်နေသော ဧဝံဂေလိလုပ်ငန်းများ သာဘာဝဖြစ်ရပ်များနှင့် အခြားသော လူသားများအတွက် အကျိုးပြု လုပ်ငန်းများထဲတွင် ဘုရားသခင် မည်သို့အလုပ်လုပ်လျက် ရှိကြောင်းကို တွေ့နေရပါသည်။ ဘုရားသခင်သည် စမ်းသပ်ခန်းကဲ့သို့ သီးသန့် အခန်းထဲတွင် အမှုမဲ့ အမှတ်မဲ့ အထုပ်လုပ်နေခြင်း မဟုတ်ပါ၊ လောကတစ်ခုလုံးအတွက် အလုပ်လုပ်လျက် ရှိပါသည်။ ဘုရားသခင်လုပ်ဆောင်ချက်သည် အလွန်နက်နဲပြီး ကျယ်ပြန့်လှပါသည်။ ထို့ကြောင့် ယနေ့ ဘုရားသခင် အမှုတော်ကို ဆောင်ရွက်ရာတွင် ဘုရားသခင်သည် မည်သို့လုပ်ဆောင်နေသည်ကို သေချာစွာကြည့်ရှုသုံးသပ်ရန် လိုအပ်ပါသည်။

သခင်ယေရှုကို ကြည့်လျှင် လောကတွင်၊ သွန်သင်ခြင်း၊ ကုသခြင်း၊ ဟောကြားခြင်း အမှုများကို ပြုခဲ့ပါသည်။ လောကကြီး ထဲ တွင် ရှိသောဖြစ်ရပ်များတွင် ပါဝင်ကူညီခဲ့ပါသည်။ သခင်ယေရှုနှင့် လောကကြီးသည် တစ်သားတစ်ကိုယ်တည်း ဖြစ်ကြောင်း တွေ့ရပါသည်။ လောကရေးရာများကို သခင်ယေရှုက ဂရုစိုက်ပါသည်၊ ကိုယ်တော်တိုင်း လက်တွေ့ပြသခဲ့သည်။ ဘုရားသခင် ဘုန်းအသရေကို စွန့်၍ လူ့ဘဝကိုခံယူခြင်းသည်၊ လောကအသင့်ကို ယူဆောင်လိုက်ခြင်း ဖြစ်ပါသည်၊

သခင်ယေရှု၏ လုပ်ဆောင်ခြင်းသည်အလွန်နက်နဲပါသည်။ အသင်းတော်ဟူသော ဘောင်အပြင်ဘက်တွင်လည်း ဖြစ်ပွားနေပါသည်။မိမိပတ်ဝန်းကျင်၌လည်း ဖြစ် ပွား နေ ပါ သည်။ ထို့ကြောင့် ကြည့်တတ်သူ မြင်သည်ဟူသော စကားအတိုင်း ဘုရားသခင်အားဖြင့် သန့်ရှင်းခြင်းခံရသူ ခရစ်ယာန်တိုင်းအ လောကအရေးကိစ္စများကို စူးစမ်းလေ့လာရန် လိုအပ်လာတော့သည်။ ပတ်ဝန်းကျင်၌ ခံစားနေရသော သူများနည်းတူ ခံ စား အ သက် ရှင် တတ်ရန် လိုအပ်လာသည်။ ပတ်ဝန်းကျင်ကို စာနာတတ်ရန်မှ လိုအပ်လာသည်။

ဤနေရာတွင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ အကူအညီ အမအစလည်း အထူးလိုအပ်လာသည်။ တမန်တော်များ၏ အခြေအနေကိုပြန်၍ ကြည့်နိုင်ပါသည်။ သခင်ယေရှုနောက်လိုက်ပြီး ယေရှုရှုလင်မြို့ထဲ၌သာနေခဲ့ကြသော တမန်တော် တ ပည့် တော် များ သည်၊ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာသောအခါ၊ လောကကြီးထဲသို့ ခွဲထွက်ပြီး အမှုတော်ဆောင်ရန် သဘောပေါက်လာကြတော့သည်၊ ယနေ့ကျွန်တော်တို့လည်းဘုရားကျောင်းအတွင်းထဲတွင် ရရှိသော ဝိညာဉ်ခွန်အားဆုကျေးဇူးဖြင့် လောကကြီးကို အစေခံရန် ဖြစ်လာရပေသည်။ နေ့ စဉ် တွေ့ ကြုံ နေ ရ သော ပြဿနာ၊ အသက်ရှင်နေရသော အသက်တာတွင် ဘုရားရှင်ပေးသော ဆုကျေးဇူးဖြင့် ရဲရဲဝံ့ဝံ့ အမှု ဆောင် ရန် လို အပ် လာ သည်။ မျက်မှောက်အခြေအနေနှင့် လိုက်လျောညီထွေ အမှုတော်ဆောင်ရန် လိုအပ်လာပါသည်။

အသက်တာ၌အနစ်နာခံလိုသောအရာသည် အမှုတော်ဆောင်ခြင်း၏ ပထမခြေလှမ်းဖြစ်ပါသည်။ ဘုရားသခင် အမှုတော် ဆောင်ရွက်ရန်အတွက် အသက်တာ၌ လူများအတွက် အနစ်နာခံလုပ်ဆောင်ရန် အ ထူး လို အပ် ပါ သည်။ မိမိကိုယ်ကို ဂရုစိုက်ခြင်း၊ မိမိ မိသားစုကိုသာ ဂရုစိုက်ခြင်းသည်၊ စစ်မှန်သော အနစ်နာခံမှု မဖြစ်နိုင်ပေ။ သခင်ယေရှု၏ မိမိအသရေကို စွန့်လွှတ်ပူဇော်ခြင်းသည် လူသားအားလုံးအတွက် ဖြစ်ပါသည်။ ကျွန်တော်တို့၏ စွန့်လွှတ်ပူဇော်ခြင်း(ဝါ)အနစ်နာခံခြင်းသည်၊ ပတ်ဝန်းကျင်အတွက်ဖြစ်ဖို့ လိုအပ်ပါသည်။ အကြင်သူသည် မိမိအသက်ကို ဆယ်တင်ခြင်းငှါ အလိုရှိ၏။ ထိုသူသည်အသက်ကို ရလိမ့်မည်။ (မသဲ ၁၆း ၂၅)ဟု သခင်ယေရှုက ဟောကြားခဲ့ပါသည်။ ထို့ကြောင့် မိမိ၏အလိုကို တတ်နိုင်သမျှစွန့်၍၊ အနစ်နာခံရန် ရှင်းနေပါသည်။

ထို့အပြင် ပတ် ဝန်း ကျင် သော က သို့ ဝင်ရောက်ပြီး၊ ဘုရားသခင် လုပ်ဆောင်နေမှုကို ရှာဖွေတတ်ရပေမည်။ အမှုတော်ဆောင်ခြင်းသည်၊ ပတ်ဝန်းကျင်နှင့်ဆင်းကွာ၍ မရနိုင်ပါ။ ဘုရားသခင်၏ မေတ္တာတော်ကို ပတ်ဝန်းကျင်၌ တစ်စိတ်တစ်ဒေသဖြစ်ပေါ်နေသည်။ အမှုတော်ဆောင်မည့် သူတာမြင်လျှင် စစ်မှန်သော အမှုတော် ဆောင်ဖြစ်ပေမည်။ အ ချုပ် အား ဖြင့် ဆိုရသော် စစ်မှန်သော အမှုဆောင်ခြင်းသည် မှတ်သိပ်သောသူ အဝတ်ချည်းမည် ဖြစ်သောသူ၊ အိမ်ယာမဲ့သောသူ၊ ထောင်ထဲ၌ရှိနေသူများတို့အထဲ၌ ခရစ်တော်ကို မည်မျှတွေ့နိုင်၊ မြင်နိုင်၊ ခံစားနိုင်မှုအပေါ်မူတည်ပါသည်။

ဆလိုင်းရှိမုန်






တနင်္ဂနွေနေ့မှာ အပျင်းပြေစရာဆိုလို့ တစ်ကွက်မှမရှိပါလားနော်။

တနင်္လာကျတော့ ထမင်း မအောင်ဘောက်အောင်ပဲ ဟင်းကကြီးဆိုနေလေရဲ့။

အင်္ဂါမှာ အ ရင် ဟာ တွေ လိုပဲ သင်ရဦးမယ်။

ဗုဒ္ဓဟူးကျတော့ ပြုတ်မနေးတဲ့ ကျုပ်တို့ တစ်သိုက် အိပ်ငိုက်ရင်းကျမ်းစာသင်ကြသတဲ့။

ကြာသပတေးမှာ အခါခါမနေး ပြင်ဆင်ရတာကတော့ အင်္ဂလိပ်စာပဲ။

သောကြာမှာ ရောက်မလာတဲ့ ဆရာကို အထူးကျေးဇူးတင်တတ်လေရဲ့။

စနေရက်ကိုဖြင့် သပြေခက်နဲ့တောင်ကြိုဆိုလိုက်ချင်သပ၊ ကျောင်းအားရက်မဟုတ်လှစား။

အို–အဖဘုရားရှင် ကိုယ်တော့် အမှုတော်ဆောင်ဖို့ ကျွန်ုတော် ကျမ်းစာ ကျောင်းကို ရောက်လာတာပါ။ ဘာကြောင့် ဒီလိုစိတ်မျိုး ဝင်ရတာလဲ ဟင်၊ အင်း–တွေးရင် အဖြေသိမယ်ဆိုတော့ ဟား–ဝေဒဂေလိလုပ်ရမှာအဓိကပဲ၊ အတိအကျဆိုရင် ဒါတွေကို မာရ်နတ်က တိုက်တွန်းတာဖြစ်ရမယ်။

အဲဒါတော့ ခေါင်းထဲ ထည့်မထားတော့ဘူးကွာ။

ဒါနဲ့ပဲ နောက်–

တနင်္ဂနွေမှာ ဘုရားရဲ့အလှင်းစေရာလိုက်နာရင်း ကိုယ်တာဝန်ကျရာ ဘုရားကျောင်းကို ကောင်းကောင်းသွားတတ်နေပြီလေ။

အဲ တနင်္လာမှာလည်း ဟင်းဗလာချ ဖြစ်စေဦးတော့ စားတတ်ပြီပေါ့။

အင်္ဂါ နေ့ကိုတော့ဖြင့် ကြည်နူးမှု ရင်မှာအပြည့်နဲ့ကြိုဆိုကာ အပိုမလိုတာတွေ မတွေးတော့ပြီ။

ဗုဒ္ဓဟူးမှာ အဟုတ်မြူးပျော်စွာ မြတ်ကျမ်းစာစိတ်ကြိုက်သင်ယူရင်း အိပ်မငိုက်တော့ပါ။

ကြာသပတေးနေ့လား တာဝေးပြေးကျင့်သမား စိတ်ပမာ အင်္ဂလိပ်စာစွမ်းရည် ဘက်စုံအောင် သက်လုံကောင်းတတ်ပြီပေါ့။

သောကြာမှာ ရောက်လာနေကြ (Presentation) တွေအတွက် (Evaluation) ဖြစ်နေတတ်ပြီ။

စနေရက်ကို ရေတွက်ရင်းမျှော်ကိုးတဲ့ စိတ်တွေပြောင်း မိတ်ဆွေ အပေါင်းနဲ့လဲ အချိန်မဖြုန်းတော့။

'ဩ–ဒီလိုဆိုတော့လဲဒါအလိမ္မာသားပဲ'

Thomas. BTH (III)

(မေမိုးဝါ)

## လမ်းစမပျောက်ပါဘူး သူငယ်ချင်း

( က )

သူငယ်ချင်း....။

မင်းနဲ့ငယ်ငယ်လေးကထဲကတနင်္ဂနွေအပတ်တိုင်းပဲ၊ တို့တွေ ဆန်းဒေးစကူးကျောင်းခန်းမမှာ ဆရာမ သင်အံညွှန်ကြားပြနေသော သိုးထိန်းတော်လို ခေါ်တဲ့ သခင် ခရစ်တော်ရဲ့အကြောင်း၊ သူတော်စင်၊ တမန်တော်တွေရဲ့အကြောင်း အံ့မခန်းစရာ မမေ့ မပန်းတန်းပြောပြတာတွေ မင်းလဲ သင်ကြားနားထောင်၊ ငါလဲ သင်ကြားနားထောင်ခဲ့ရလို့ ယေရှုခရစ်တော်ရဲ့အကြောင်း၊ တို့နှလုံးသားမှာ ကောင်းကောင်းအသိပွားခဲ့ရတယ်လေ...။

( ခ )

သူငယ်ချင်း....။

မင်း မှတ်မိနေမှာပါ တို့အသက် အရွယ်တွေ တစ်ဆယ် ကျော်လွန်လာတဲ့အခါ အေးစိမ့်တဲ့ ဆောင်းလရာသီရဲ့ ချမ်းအေး လွန်းတဲ့အချိန်မှာ သူငယ်တော်ယေရှုမွေးဖွားတဲ့ ဒီဇင်ဘာ ၂၅ရက်ဟာ တို့ခရစ်ယာန် ဘာသာဝင်တိုင်းရဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ်အလွန်ကောင်းတဲ့နေ့ကြီးတစ်နေ့ပဲမဟုတ်လား၊

အဲဒီတုန်းကလည်း တို့သူငယ်ချင်းတွေ၊ တို့အသင်းသူအသင်းသားများရဲ့နေအိမ်၊ ခြံဝင်းတွေမှာ ပျော့ပျော်ပါးပါး ခရစ္စမတ် အကြိုတေးတွေနဲ့ သွားရောက်သီဆို နှုတ်ခွန်းဆက်သကြတာ ဘယ်လောက်ပျော်စရာ ကောင်းသလဲဆိုတာ မင်းအသိပါပဲလေ...။

( ဂ )

သူငယ်ချင်း....။

မင်းကိုယ်မင်း မိုက်မဲ (–) ဆိုး သွမ်းနေတဲ့ သိုးမဲ(မည်း)တစ်ကောင်လို အဖြစ်မခံစမ်းပါနဲ့။ အမြင်မှန်တရား၊ နောင်တများနဲ့ ဘုရားကျောင်းပြန်တက်ဖို့ ဟို့တစ်တွေ အရှင်တော်ထံပါး ရှေ့မှာ ကြိုဆိုနေတယ် ဆိုတာ မင်းယုံပါ။

လူဆိုတာ ပြင်လိုက်ရင်ရပါတယ်၊ စိတ်တစ်ခုရှုပ်ကိုးဆယ်ဆိုတာ မင်းလည်း သိမှာပေါ့။ အမှန်ကတော့ လူသာပပေနပါ။ ဒါကိုလည်း ဘုရားရှင်က ခွင့်လွှတ် နားလည်ပြီးသား၊ ပျောက်နေတဲ့ သူရဲ့ သိုးသူငယ်တွေကို အမြဲလိုက်ရှာနေတယ်ဆိုတာ ခရစ်ယာန်တစ်ယောက်အနေနဲ့ မင်းသိပါတယ်။

ကဲ–သူငယ်ချင်းပျောက်နေတဲ့မင်း၊ လျှောက်နေတဲ့လမ်း မှားနေတဲ့ မင်းလုပ်ရပ်တွေ၊ ဒါတွေ ထားခဲ့ပါ။

ငယ်ငယ်က တို့အတူ လျှောက်တဲ့လမ်းပေါ် အမြန်ဆုံးအမှန်ပြန်ဖြစ်အောင်ပြုပြင်ပြီး တို့တွေ အတူလက်တွဲကြပါစို့လား....။

'ငါသည် သိုးထိန်းမြတ်ဖြစ်၏။'
(ယော ၁၀း၁၁)

(မေဝါမိုး)

လိပ်ခေါင်းရောဂါကြောင့် စိတ်ညစ်နေသလား

လမင်း ဆေးကိုသောက်ပျောက် ....

# လမင်း

တံဆိပ်

## လိပ်ခေါင်းပျောက်ဆေး



● လိပ်ခေါင်းရောဂါကြောင့် အခံရခက်နေသူများ
● အတွက် အထူးဖော်စပ်ထားသောဆေးကြီးဖြစ်ပါ
● သည်၊ ကျွဲဆေးသည် သောက်ဆေးသာဖြစ်ပါ၍
● အလုပ်အကိုင်မပျက် ဆေးမှန်မှန်သောက်ရုံဖြင့်
● ရောဂါကိုပျောက်ကင်းစေပါသည်၊
● သွေးစက်စက်ယိုနေသူများ ကျွဲဆေး၊၄၊၅၊ခွက်
● သောက် ရုံဖြင့် သွေးထွက်ရပ်သွားပါမည်၊
● သွေးများပန်းထွက်နေသူများ၊ဆေး၊၁၀၊ခွက်ခန့်
● သောက် ရုံ ဖြင့် သွေးလုံးဝမထွက်တော့ပါ
● လိပ်ခေါင်းထွက်နေသူများ ဆေး တစ်ဘူးသောက်ရုံဖြင့်
● အိသာစွာပြန်ဝင် သွားပါလိမ့်မည်
● ရောဂါရင့်သူများ ဆေးကိုစွဲ၍သောက်ခြင်းဖြင့် လုံးဝပျောက်ကင်းကြောင်းအာမခံပါသည်။

ကျွဲဆေးသည်၊ သောက် ရုံ ဖြင့် ပျောက်သောဆေးဖြစ်ပါသည်၊
တို့ဆေး ဖြတ်ဆေး မဟုတ်ပါ၊ လူကို အန္တရာယ်မဖြစ်ပါ၊ ရောဂါမပျောက်
ပါက ဆေးဖိုး ပြန်လျော်မည် ငွေကြေးမပြည့်စုံသူများအတွက်......
ဆေးကို အခမဲ့ လှူဒါန်းပါမည် ။

အမှတ်၊ ၅၁၆၊ မင်းလမ်း၊ အင်းတကော်မြို့၊ ပဲခူးတိုင်း၊